
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

၁

# သူရိနီဒေဝ

# ပေါက္ကံရာမသူဝဏ္ဏ

အတိတ်ဘဝဂန္ထိရိုလူဝင်စားဝတ္ထုကြီး

စဆုံးလုံးချင်း
အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၀၁၂၀၅၀၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၂၀၅၀၃ |
| ပုံနှိပ်ခြင်း | - | (ပထမအကြိမ်) |
| ထုတ်ဝေသည့်လ | - | ၂၀၀၅-ခုနှစ်၊ ဧပြီလ၊ မေလ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ |
| အတွင်း+အဖုံးပုံနှိပ်သူ | - | ဦးမောင်မောင်လေး (၀၇၀၅၁)<br>စန္ဒာဝင်းပုံနှိပ်တိုက်<br>၂၀၉/ ၃၆လမ်း<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့ |
| ထုတ်ဝေသူ | - | ဦးနှင်းဆွေ (၀၉၈၃)<br>ပန်းလက်ဆောင်စာပေ<br>၅၁၆(ခ)၊ ပုလဲ ၄-လမ်း၊<br>၄၅-ရပ်ကွက်၊ မ/ဥက္ကလာပ<br>ရန်ကုန်မြို့ |

www.burmeseclassic.com

www.burmeseclassic.com

သူ့ကျန်းမာရေး အားနည်းလာသည်ကိုတော့ သူသိ၏။ သူသည် လွန်ခဲ့သော တစ်နှစ်ခန့်မှ အိပ်မက်တစ်ခုကို မက်ခဲ့သည်။ သူ့အသက်မှာလည်း လေးဆယ်နားကပ်နေပြီ။ ယခု အသက်အရွယ်အထိ မည်သည့် မိန်းမပျိုကိုမှ ဟုတ္တိပတ္တိ စိတ်ဝင်စားသည်ဟူ၍ မရှိခဲ့။

သို့သော် အိပ်မက်ထဲတွင် မြင်မက်ရသည့် မိန်းကလေးကိုတော့ သူစိတ်ဝင်စားမိသည်။ ထိုမိန်းကလေးနှင့် ပတ်သက်သောအိပ်မက် သုံးလေးကြိမ်လောက် မက်လိုက်ရာ 'နဒီနွယ်' ဆိုသော စာရေးဆရာတစ်ဦး မှိုင်တွေငေးမောသွားသည်။

သူက ပုဂံကျောက်စာများနှင့် ရှေးဟောင်းသုတေသနများကိုလည်း ဝါသနာပါသည်။ ထို့ကြောင့်ပင် ပုဂံခေတ်က မိန်းကလေးကို သူစိတ်စွဲနေသည်လားဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေမောင်တင် တည်းဖြတ်ခဲ့သည့် ပုဂံကျောက်စာ 'ဖဖဝ' ကလည်း ဖတ်၍မဝ၊ တစ်ခုခုကို ရေးစရာရှိတိုင်း ပုဂံခေတ်က 'ဘယ်လိုခေါ်သည့်'ဟူပြီး ပညာရှိဆိုသူတွေ ခြေရာခံသလို 'နဒီနွယ်'လည်း ခြေရာခံတတ်နေပြီ။

သည်တော့ ကျောက်စာများကို မကြာခဏ ဖတ်ဖြစ်သည်။ သိယ်သူ့သမီးကျောက်စာ၊ ကစွန်းအိုကျောင်းကျောက်စာ၊ ဖွားစောကျောက်စာ စသဖြင့် သူလည်း သူများရွတ်သလို စာကြောင်းများကို ရွတ်တတ်လာ၏။

ပုဂံခေတ်ကတော့ စည်ပင်ကြွယ်ဝခဲ့သည်ပင်။ ပုဂံခေတ်ဟုဆိုတော့ 'ရွှေမင်းဝံကျောင်း' မြင်းကပါမှ ဆရာတော် ဦးပညာဇောတကို သတိရမိသည်။

'ဦးပညာဇောတ'က 'ပညာသီလ'ဟူသော အမည်ဖြင့် သူတို့မဂ္ဂဇင်းမှာ ဆောင်းပါးရေးသည်။ လောကုတ္တရာဆိုင်ရာ ဆောင်းပါးများ ဖတ်၍ကောင်းအောင် ရေးတတ်၏။

ထိုဘုန်းကြီးက ခေတ်မီသည်။ ရန်ကုန်သို့ကြွလာလျှင်လည်း 'ဖလံစ်ဝါ' မဂ္ဂဇင်းသို့ ဝင်လာတတ်သည်။ ဝင်လာလျှင်လည်း အယ်ဒီတာ နဒီနွယ်နှင့်တွေ့ကာ စာကြောင်းပေကြောင်း ဆွေးနွေးတတ်သည်။

ယခုလောလောဆယ်မှာ နဒီနွယ်မှာ ထမင်းစားလို့ကမကောင်း။ မဂ္ဂဇင်းအလုပ်တွေကလည်း ရှိသေးသည်။ တိုက်မှအလုပ်များကို အိမ်မှာယူကာ သူက လုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## သူရိန်ဇွေ ၃

မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်က အလုပ်များ၍ နေ့ရောညပါ သူ မအားသည်ကတော့ ကြာပြီ။ လောလောဆယ်တော့ ခေါင်းရှုပ်နေ၍ သူသည် မည်သည့်အရာကိုမျှ မလုပ်တော့။

သူငယ်ချင်းတစ်ဦးနှင့် လက်ဖက်ရည်ဆိုင်ထိုင်ရန် ထွက်လာခဲ့သည်။ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာက သူနှင့် စကားပြောဘက် မောင်သူ ရှိသည်။ 'မောင်သူ'ကလည်း အမြဲတော့ရှိသည် မဟုတ်။ တခါတရံမှသာ ရှိတတ်လေသည်။

ယခုတစ်ကြိမ်တော့ ကံအားလျော်စွာ သူက မောင်သူကို တွေ့လိုက်ရသည်။

"ခင်ဗျား အပြင်မထွက်တာ ကြာပါပြီကော"

"ဟုတ်တယ်ဗျာ . . အလုပ်တွေသိပ်များတယ်၊ တစ်ခုရှိတာက ခင်ဗျား ဆရာဝန်လေးဘာလေး ပြကြည့်ပါလားလို့ မိတ်ဆွေတစ်ဦးက ပြောတယ်ဗျ"

သူက လက်ဖက်ရည်တစ်ခွက် ထပ်မှာသည်။

မောင်သူက လက်ဖက်ရည်တစ်ခွက် သောက်ပြီးနေပြီဖြစ်၏။

"ခင်ဗျား အတိတ်ဘဝတွေ ဘာတွေရှိတယ် ဆိုတာ ယုံလား"

သူက မောင်သူကို မေးသည်။ မောင်သူက ပြုံးလိုက်လေသည်။

"ဟာဗျာ . . ခင်ဗျားကလဲ ဗုဒ္ဓဘာသာပဲ မယုံဘဲ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နေပါ့မလဲ၊ အတိတ်ဘဝတွေ ရှိတယ်ဆိုတာကို ယုံမှ 'သမ္မာဒိဋ္ဌိ' ဖြစ်တယ်လေ၊ ဘာလဲ ခင်ဗျားက အတိတ်ဘဝ မရှိဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဘက်များ ပြောင်းနေသလား"

"မဟုတ်ပါဘူးဗျာ . . ခင်ဗျားကို မေးကြည့်တာပါ၊ ကျုပ်က အတိတ်ဘဝရှိတယ်ဆိုတာ ယုံပြီးသား လူပါ၊ အတိတ်ဘဝက လူတွေနဲ့တောင် အဆက်အသွယ် ရှိသေး"

"တကယ်လား"

× × ×

သူက သုံးလေးကြိမ် မက်ခဲ့သည့် အိပ်မက်များအကြောင်းကို မောင်သူအား ပြောပြလိုက်သည်။ မောင်သူက မျက်လုံးပြူးသွား၏။

မိန်းကလေးတစ်ယောက်တည်းကို သုံးလေးကြိမ်မက်သည်ဆိုသောအခါ မောင်သူ အံ့အားသင့်သွားလေသည်။

"ခင်ဗျားဟာ တိုက်ဆိုင်မှုဖြစ်တယ်လို့ ပြောရမှာ ခပ်ခက်ခက်ပဲ၊ ဘာကြောင့်လဲဆို ဒီနေရာ ဒီပတ်ဝန်းကျင် သုံးလေးခါဆိုတော့ အကြောင်းရှိပြီ ထင်တယ်"

"ကျုပ်ကို အတိတ်က သတိပေးချင်တဲ့ အကြောင်းတွေများ ရှိနေမလား မသိဘူး၊ ထားလိုက်ပါဗျာ . . ဒါတွေက ယုံရင်လည်း တစ်မျိုး၊ မယုံရင်လည်း တစ်မျိုး၊ မတွေးတာ ကောင်းပါတယ်"မဂ္ဂဇင်းလောကမှစာများကို သတိရသွား၍ သူလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည့်တာဝန်ဆီ အတွေးရောက်သွားပြန်သည်။

"ခင်ဗျား အနားယူရင် ကောင်းမယ် ထင်တယ်၊ ခင်ဗျားအတွေးတွေ များနေတယ်"

'မောင်သူ'က သတိပေးစကား ပြောသည်။ ခဏကြာသောအခါတွင် မောင်သူက

"ကျွန်တော် စာမူတွေပို့စရာရှိတယ်၊ တိုက်ကို သွားလိုက်ဦးမယ်"

ဟု နှုတ်ဆက်သည်။

လက်ဖက်ရည်ဆိုင်တွင် သူတစ်ယောက်တည်း ကျန်ခဲ့သောအခါ သူ့အတွေးသည် ပထမဆုံး စမက်သော အိပ်မက်ဆီသို့ ရောက်သွားသည်။ သူ့စိတ်ထဲတွင် ပုဂံခေတ်ကဟု ထင်သည်။ ရပ်ဝေးမြေခြားသို့ စစ်ချီသော စစ်သားများနှင့် သူပါသွားသည်။

သူ့ရာထူးမှာ တပ်မှူးလေးဟု ထင်ရလေသည်။ ဘုရင်မင်းမြတ်က သူတို့အား နယ်ခြားနိုင်ငံတစ်နိုင်ငံဆီသို့ စေလွှတ်လိုက်သည်။ သူသည် ရှေ့မှ ချီသွားသောတပ်နှင့် နောက်မှ ချီသွားသောတပ်များကို ကြားထဲမှ ဆက်သွယ်ရသော 'တပ်မှူး' တစ်ဦး ဖြစ်၏။

"ဟော့ ဉာဏဗလ . . ရှေ့ကတပ် ဘာဖြစ်နေတယ်ဆိုတာ သတင်း အမြဲတမ်းပြန်ပို့နော်"

စခန်းချသော နေရာသို့ရောက်သောအခါ တပ်မှူးကြီးက သူ့ကို သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ တပ်မှူးကြီး၊ ရှေ့တပ်ရဲ့အခြေအနေကို အမြဲတမ်း ထောက်လှမ်းနေပါတယ်၊ တကယ်လို့ အကြောင်းထူးရင် ချက်ချင်း သတင်းပို့ပါမယ်"

သူတို့တပ်မှာ မြစ်ကြီးတစ်ခုကို ဖောင်နှင့်ဖြတ်လာပြီး မိမိ မကျွမ်းကျင်သော တောင်တန်းများကို ဖြတ်လာခဲ့ရသည်။ အားလုံးမှာ ခရီးပန်းကြလေသည်။ ဆုတ်ခွာသွားသော ရန်သူကတော့ သူတို့ကို ခုခံ၍တိုက်မနေတော့။

ရင်ဆိုင်တိုက်ပွဲ မရှိသော်လည်း ခက်ခဲသော ခရီးလမ်းနှင့် ရင်ဆိုင်ရ၍ သူတို့ ခရီးမတွင် ဖြစ်နေကြလေသည်။

× × ×

'သုဝဏ္ဏဘုမ္မိ'ဟု ခေါ်သော သထုံမြို့သို့ သူတို့ စစ်ချီလာကြခြင်း ဖြစ်သည်။ သူတို့၏စစ်ကြောင်းက တောင်တန်းများပေါ် ရောက်နေကြလေသည်။

"ကြည့်ပြီးသွားကြဟေ့ . . သိပ်အလျင်မလိုနဲ့၊ တော်ကြာ ထောင်ချောက်ရှိရင် ထောင်ချောက်တွေမိကုန်ကြမယ်"

အတွေ့အကြုံရှိသော တပ်မှူးကြီးက သတိပေးစကား ပြောကြားလိုက်သည်။ သူတို့ကတော့ မှန်မှန်ချီတက်လာရာ ရှေ့စစ်ကြောင်းနှင့် နောက်စစ်ကြောင်းကို ဆက်သွယ်နေသည့် တပ်မှူးလေး ဉာဏဗလမှာ သူ့တာဝန်ကို ဆောင်ရွက်ရန် မြင်း တစ်စီးဖြင့် ရှေ့တပ်ရှိရာသို့ စိုင်းနှင်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ရိန်ရေ ၃

တောင်စောင်းများ တောင်ပူစာများကို ဖြတ်ကျော်လာရာ လရောင်က တိမ်ဖုံးသွားသည်။

"ဟာ . . ဒုက္ခပဲ ရှေ့လမ်းကို မမြင်ရပါလား"

တပ်မှူးလေး ဉာဏဗလမှာ မြင်းကို အရှိန်လျှော့လိုက်၏။ သို့သော် သူသည် မြင်းဇက်ကြိုးကို မထိန်းနိုင်တော့ဘဲ မြင်းရော လူပါ ချောက်နှုတ်ခမ်းစပ်မှ ပြုတ်ကျသွားလေတော့သည်။

ညအမှောင်တွင် မြင်းဟီသံနှင့် တပ်မှူးလေး၏အော်သံတို့မှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သူသည် မြင်းနှင့်အတူ အောက်ဘက်ချောက်ထဲရှိ ချုံကြီးတစ်ခုပေါ်သို့ ကျသွားလေသည်။ ထိုချုံကြီးထဲမှ လိမ့်ကာ တောင်ခြေသို့ ဆင်းသွားသည်။

သူ၏ညာဘက်ပေါင်မှာ တန်းတစ်ခုနှင့် ပြင်းထန်စွာ တိုက်မိလိုက်သည်။

"အား"

သည့်နောက်တော့ အမှောင်ထုက ဖုံးလွှမ်းသွားသည်။

သူ ဘာမှ မသိတော့။ သူ၏ခြေထောက်မှာ နောက်ဆုံးနာကျင်သွားသည်ကိုတော့ သတိရမိသည်။ သူ သတိရသောအခါ တဲလေးတစ်လုံးအတွင်းသို့ ရောက်ရှိနေသည်။

သူသည် တဲပတ်ဝန်းကျင်ကို မျက်လုံးဖွင့်ကြည့်သည်။ တဲကြီးမှာ အတော်ကြီးပုံရပြီး သူက အခန်းတစ်ခန်းသို့ ရောက်ရှိနေခြင်း ဖြစ်လေသည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ညာဘက်ပေါင်မှာ လှုပ်၍မရ။ မိုးစင်စင်လင်းနေပြီး တဲထဲတွင် မည်သူမျှ မရှိဟု ထင်မှတ်ရလေသည်။

စကားပြောသံဝဲဝဲများ ကြားရသည်။ တဲ၏ခေါင်းရင်းဘက်မှဟု ထင်မိသည်။

"ဘဘ . . ခုလောက်ဆိုရင် သတိရပြီ ထင်တယ်၊ သမီးသူ့ကို ဆန်ပြုတ်တိုက်လိုက်ဦးမယ်"

ချိုသာသော မိန်းကလေးတစ်ဦး၏အသံကို ပီပီပြင်ပြင်ကြားရသည်။ သည့်နောက်တော့ ခြေနင်းလာသံ၊ အိမ်ပေါ်တက်သံနှင့်အတူ မိန်းမပျိုတစ်ဦး ဝင်လာသည်ကို တွေ့ရသည်။

သူမ၏ရုပ်သဏ္ဍာန်မှာ ချောမောလှပသည်ဟု ပြောရမည်ထက် ကျက်သရေရှိ၍ တင့်တယ်သည်ဟု ပြောရမည်ဖြစ်သည်။

အမှန်တော့ မျက်နှာ၏ပြည့်ဝခြင်း၊ မျက်လုံး၏တောက်ပခြင်းတို့နှင့် ပြည့်စုံကာ ကြည့်ကောင်း၍ ခန့်ညားသော အမျိုးသမီးတစ်ယောက်ပင် ဖြစ်နေလေသည်။

"ရှင် သတိရလာပြီလား"

စကားသံခပ်ဝဲဝဲဖြင့် မေးသည်။

"ရလာပါပြီ . . ကျုပ်ဘယ်လို ဖြစ်တာလဲ"

"ရှင် စိုက်ခင်းနားမှာ လဲကျနေတယ်၊ စိုက်ခင်းက တိုင်နဲ့ ရှင့်ညာဘက်ပေါင် တိုက်မိပြီးတော့ ကျိုးသွားတယ်ပြောတယ် ကေန္တ ရှင် ဟိုတောင်ပေါ်က ပြုတ်ကျလာတာ ထင်တယ်"

www.burmeseclassic.com



မိန်းမပျိုက သူ့ကို ခုတင်ဘေးရှိ ခုံတွင်ထိုင်ရင်း ပြောလိုက်သည်။

"ဟုတ်ပါတယ် တောင်ပေါ်က ပြုတ်ကျလာတာပါ၊ ခု ဘယ်ရောက်လာတာလဲ"

"ခု ကျွန်မတို့ 'ဒိုင်'ရွာကို ရောက်လာတာ၊ ဒီပတ်ဝန်းကျင်မှာတော့ ဘာအန္တရာယ်မှ မရှိပါဘူး"

"အင်း . . လောလောဆယ်တော့ ပေါင်ကလှုပ်လို့ မရဘူး"

သူသည် နောက်ဆုံးပြောလိုက်သော စကားကို မှတ်မိနေ၏။

× × ×

မင်းလက်ဆောင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ 'မိဦးယာ'နှင့် သူ စတင်တွေ့ဆုံသည့် အိပ်မက်ပင် ဖြစ်သည်။ သည်နောက်တော့ 'မိဦးယာ'၏အဖေက ဆေးဆရာကြီး ဖြစ်သည်။ သူ့ပေါင်ကို ဝါးခြမ်းပြားနှင့် ကြပ်စည်းပေးထားသည်။ ပြီးတော့ ထိုစည်းထားသည့် ကြပ်ကို လိုချင်သည့်အချပ်မှလွန်ကာ ဆေးလိမ်းပေးလေ့ ရှိလေသည်။

"ဘယ်လိုလဲ လူကလေး နာသေးလား"

"နာတော့ မနာတော့ပါဘူး အဘရယ်၊ ဒါပေမယ့် လှုပ်လို့တော့ မရဘူး"

"အရိုးကျိုးတာပဲ ဇော် . . ဒီလောက်တော့ နာမှာပေါ့ ကျုပ်က ဆေးကုသွားနေရတယ်၊ လုံမလေးက ထမင်းလာကျွေးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးပါတယ် အဘ 'မိဦးယာ'က စိတ်ကောင်းရှိပါတယ်"

"အေးလေ . . သူပဲ မင်းကို ဘဘထားခဲ့ရင် သေသွားမယ်၊ အိမ်ကိုခေါ်လာပါဆိုလို့ သတိမေ့နေတဲ့မင်းကို ကျုပ်က ထမ်းလာရတာ"

သူသည် ပုဂံဘုရင် အနော်ရထာ၏တပ်မှ တပ်မှူးလေး ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ ဤဒေသမှ 'မနူဟာမင်း' ၏အုပ်ချုပ်မှုအောက်တွင် ရှိနေသူများ ဖြစ်တန်ရာသည်။

"လူကလေးရဲ့အဝတ်တွေ အဘ လဲပေးထားတယ်၊ ဒီအဝတ်နဲ့ဆိုရင် ကျုပ်တို့ဆီက တပ်တွေက ရန်သူလို့ထင်နေမယ်၊ စစ်ကြီးကလဲ ဖြစ်တော့မယ်ပြောတယ်၊ တောင်ပေါ်တွေမှာ တပ်တွေချထားရတာ လနဲ့ချီနေပြီ"

ဆေးဆရာကြီးက သူ့ကိုရှင်းပြသည်။ ကြည့်ရသည်မှာ သူ့ကို သုဝဏ္ဏဘုမ္မိနှင့် ရန်ဘက်လူများဘက်မှဟု ထင်မြင်ထားပုံရလေသည်။ သို့သော် သူ့ကိုတော့ လူနာတစ်ဦးအနေဖြင့် ဆေးကုပေးနေသည်ကိုပင် ကျေးဇူးတင်ရပေမည်။

"ဘဘ နောက်ကူးရွာကို သွားမလို့ဆို၊ နေပူနေဦးမယ်"

"အော် . . အေး သမီး ဆေးလွယ်အိတ် အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပါပြီ ဘဘ"

"လာပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာနားထောင်သောအခါ သူတို့ ဘာကိုပြောသည်ကို သိလာသည်။

"ကဲ သွားလိုက်ဦးမယ်၊ ခုတလော ဒဏ်ရာရတဲ့သူတွေ သိပ်များတယ် . . သွားလိုက်ဦးမယ်"

သူသည် ခေါင်းညိတ်ပြလိုက်၏။ ခဏကြာသောအခါ 'မိဦးယာ'က အခန်းထဲသို့ ဝင်လာသည်။ သူမ၏လက်ထဲတွင် စွပ်ပြုတ်ပူပူ ပန်းကန်လေးတစ်ခု ပါလာလေသည်။

"အဘက အဲသလိုပဲ စကားပြောမိပြီဆိုရင် မပြတ်ဘူး တော်ကြာ နေပူနေမှာစိုးလို့ ကေလာသတောင်ကို ကျော်သွားရမှာ"

"ကေလာသတောင် ဆိုတာက"

"မောင်ကြီး ကြည့်ချင်လို့လား"

"အင်း"

မိဦးယာသည် တဲပြင်သို့သွားကာ သူ့ဘေးမှ ကဲလားတံခါးကို ဝါးနှင့်ထောက်လိုက်သည်။ ထိုအခါ စိမ်းညို့နေသော တောင်တန်းကြီးကို မြင်နေရလေတော့သည်။

"အဲဒီမှာ ကြည့် မောင်ကြီး၊ ဟိုအဝေးက တောင်ကြော ကြီးက 'ကေလာသ'လို့ခေါ်တဲ့ တောင်ပဲ"

"အို . . အဝေးကြီးပါလား"

"ဟုတ်တယ် တော်တော်ဝေးတယ်၊ ကျွန်မတို့ရွာက တောင်တွေ ပတ်လည်ဝိုင်းထားတဲ့ ရွာပဲ၊ ရော့ မောင်ကြီး စွပ်ပြုတ် သောက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ကာ ထနိုင်ပြီဖြစ်၍ ပြတင်းပေါက်တွင် မှီကာ ထိုင်လိုက်သည်။ မိဦးယာက ခွံ့ပေးလေသည်။

× × ×

'မိဦးယာ'နှင့် သူ့မျက်နှာ အနီးကပ်ဆုံတွေ့နေသောကြောင့် မိဦးယာထံမှ ကိုယ်သင်းရနံ့လေးကို ရှူရှိုက်နေမိသည်။ သနပ်ခါးရနံ့နှင့် ပေါင်းထားသော ကိုယ်သင်းရနံ့ဟု ဉာဏဗလ နားလည်လိုက်မိလေသည်။

"ခု ဘယ်နှစ်ရက် ရှိသွားပြီလဲ"

"လဆန်း ၃ ရက်"

"ဒါဆို ကျုပ် ဒီကိုရောက်တာ ၄ ရက်လောက် ရှိသွားပြီပေါ့"

ပါးစပ်ကို လက်သုတ်ပဝါဖြင့် ပွတ်သုတ်ရင်း ဉာဏဗလက ညည်းညူလိုက်သည်။ သူ့မျက်နှာမှာလည်း ညှိုးလျှသွားလေတော့သည်။

"ဘာဖြစ်လို့လဲ မောင်ကြီး"

"ကျုပ်မှာ လုပ်စရာတာဝန်တွေ ရှိသေးတယ်"

"မောင်ကြီး ခြေထောက်မှ မကောင်းသေးတာ၊ ဘာတာဝန်ကို လုပ်နိုင်မှာလဲ"

"အဲဒါကြောင့် ပြောတာပေါ့ မိဦးယာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘဘက နောက်နှစ်ရက်သုံးရက်ဆိုရင် ကြွပ်ချည်းတာ ဖြေလို့ရပြီတဲ့၊ အရိုးကလဲ ဆက်သွားပြီတဲ့၊ ဒီတော့ တောင်ဝှေးတစ်ခုနဲ့ မောင်ကြီး လမ်းလျှောက်လို့ရပြီပေါ့"

"တကယ်ပြောတာလား"

"မိဦးယာတို့အဘက ဒီနယ်တစ်ဝိုက်မှာ ဘာရောဂါမဆို ကုနိုင်တဲ့ ဆေးဆရာကြီးပါ၊ အဘပြောရင် ဘယ်တော့မှ မလွဲဘူး"

မိဦးယာ၏မျက်လုံးများကို သူစိုက်ကြည့်မိသည်။ မိဦးယာကလည်း သူ့ကိုကြည့်နေလေသည်။ သူသည် အိပ်ရာထဲတွင် နေရသည်မှာ ကြာပြီဖြစ်၍ လမ်းလျှောက်ချင်နေသည်။

သူ၏အိပ်ရာတွင် သန့်ရှင်းစင်ကြယ်မှု ရှိစေရန် မိဦးယာက ဂရုစိုက်ကာ ဆောင်ရွက်ပေးလေသည်။ သူ မိဦးယာတို့အိမ်သို့ ရောက်ရှိနေချိန်မှာပင် 'သုဝဏ္ဏဘူမိ' မြို့ကိုလည်း ပုဂံတပ်များက ဝန်းရံထားသည့်ကာလပင် ဖြစ်သည်။

သူ့မှာ အခြေအနေအရပ်ရပ်ကို သိသော ပုဂံတပ်ဘက်မှ တပ်မှူးလေး ဖြစ်သောကြောင့် မြန်မြန်ခြေထောက်ကောင်းလိုခြင်း ဖြစ်လေသည်။ စစ်ရေးသတင်းကို ဆေးဆရာကြီး ပြန်လာသောအခါ ကြားရလေသည်။

"တိုင်းရေးပြည်ရေးကတော့ သိပ်မကောင်းဘူး သမီးရေ . . တို့ရဲ့အရှင်မင်းမြတ်က စစ်ရှုံးသွားပြီ ပြောတယ်"

"ဟင် . . ဟုတ်လား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



သူက အိပ်ရာထဲမှ သားအဖနှစ်ဦး ပြောသည်တို့ ကြားနေရလေသည်။

"အနော်ရထာဘုရင်က မင်း၊ မိဖုရားနဲ့ အနုပညာသည် အတတ်ပညာသည်တွေကို ပုဂံကို သယ်ယူဖို့ စီစဉ်နေပြီ၊ ရှေ့ဆုံးစစ်ကြောင်းမှာတော့ ပိဋကတ်သုံးပုံကို ဆင်တွေနဲ့ သယ်ကြမယ်ပြောတယ်"

လူများ အထိတ်တလန့် ဖြစ်နေကြသည်။ ပုဂံမှ တပ်သားများနှင့် ဗိုလ်များသည် မြင်းများဖြင့် ရွာတွေထဲသို့ ဝင်၍လာကြ၍ သူတို့ဆီမှလူများ အထိတ်တလန့် ဖြစ်နေကြပုံရ၏။

ဉာဏဗလသည် သူ့လူများနှင့် တွက်၍ဆက်သွယ်လျှင် သူ့ကို လာရောက်ခေါ်ယူသွားမည် ဖြစ်သော်လည်း သူ့တာဝန်မှာကား တပ်ထောက်တာဝန်ဖြစ်၍ ယခုအချိန်တွင် မိဦးယာတို့အိမ်လေးထဲမှာ နေခြင်းက ပိုကောင်းသည်။

သူသည် မိဦးယာတို့နှင့်လည်း သံယောဇဉ် ဖြစ်နေမိပြီ။ မိဦးယာကလည်း ယာခင်းသို့ မနက်စောစောသွားပြီး ယာခင်းမှ ပြန်လာသည်နှင့် ဉာဏဗလအတွက် စားစရာတစ်ခုခု ပါလာတတ်လေသည်။ ဤသို့ဖြင့် သူ၏ပေါင်မှ ကြပ်စည်းထားသည်ကို ဖြေခွင့်ရသည့်နေ့သို့ ရောက်လာ၏။

ဆရာကြီးသည် မိဦးယာကို အခန်းထဲသို့ မဝင်စေဘဲ ဝါးခြမ်းများကို ခွာပေးသည်။ ဝါးခြမ်းများ ခွာလိုက်သောအခါတွင် ပေါ့ပါးကာ နေ၍ကောင်းသွား၏။

"ခြေချပြီး လှမ်းကြည့်စမ်း လူကလေး"



www.burmeseclassic.com

www.burmeseclassic.com

ဆေးဆရာကြီးက သူ့ကို ခြေချနိုင်းသည်။ မိဦးယာက မီးဖိုထဲမှ နားထောင်နေလေသည်။

"နာသလား လူကလေး"

"မနာဘူး ဆရာကြီး . . ရပြီ ကျွန်တော့်ခြေထောက် ထောက်နိုင်ပြီ"

တပ်မှူးလေး ဉာဏဗလက ဝမ်းသာအားရ ပြောလိုက်၏။ သို့သော် ဆေးဆရာကြီးက သူ့လက်ကိုဆွဲကာ

"ထောက်လို့ရပြီဆိုတာနဲ့ သိပ်အတင့်မရဲနဲ့၊ ဒီအိမ်ပတ်ဝန်းကျင်တော့ သွား၊ အကြာကြီး လမ်းမလျှောက်နဲ့၊ လမ်းလျှောက်ရင်လဲ ဒါကို ကိုင်သွား"

မည်သည့်အချိန်က လုပ်ထားမှန်း မသိသောဝါးကို အချောသတ်ထားသည့် တောင်ဝှေးကို ပြသည်။

"ညာဘက်ခြေကိုလှမ်းရင် ဒါ့ကိုပါ အားပြုပြီးသွားပေါ့၊ ဒီတော့မှ တဖြည်းဖြည်း အသားသေလာပြီး ကောင်းသွားမှာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆေးဆရာကြီးက စကားဆုံးသည်နှင့် သူဆေးကုရန်ရှိသော ရွာသို့ သွားရန်အတွက် ဆေးအိတ်ကိုယူကာ ထွက်သွားသည်။ မီးဖိုထဲမှ

"အဘ ဘယ်ရွာ သွားရမှာလဲ"

"ဒီတစ်ခါတော့ ဟိုဘက်ရွာတင်ပါ သမီးရယ်"

× × ×

www.burmeseclassic.com

www.burmeseclassic.com



မိဦးယာသည် မီးဖိုထဲသို့ ဝင်လာသော ခြေသံကြောင့် လှည့်ကြည့်လိုက်၏။

"ဟင် . . မောင်ကြီး ဘာလုပ်မလို့လဲ"

"မိဦးယာနဲ့ စကားပြောမလို့"

"အို . . ကျွန်မ လာခဲ့မှာပေါ့၊ အထဲက လှမ်းခေါ်ပါ လား၊ တော်ကြာ ရှင့်ခြေထောက်က ပြန်နာနေပါဦးမယ်"

"အိမ်ထဲမှာဆိုတော့ ကိုင်စရာရှိတော့ မနာပါဘူး၊ ခြေထောက်ကိုလည်း သိပ်အားမပြုဘူး မိဦးယာ"

သူက ဖားအိုးတည်နေသော မိဦးယာ၏ဘေးတွင် ထိုင်လိုက်၏။

"မောင်ကြီး ဒီနေ့ရာကမီးခိုးတွေနဲ့ ညစ်ပတ်ပါတယ် လာပါ. အိမ်ပေါ်ကို သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မိဦးယာက သူ့လက်မောင်းကို ဆွဲထူပေးသည်။ သူသည် မိဦးယာ၏လက်ကလေးကို ဆွဲကာ ထရပ်လိုက်လေသည်။ အိမ်ရှေ့ညှော်ခန်းသို့ သူတို့နှစ်ဦး ရောက်လာသည်။

"မောင်ကြီး"

"ဘာလဲ မိဦးယာ"

"မောင်ကြီး ဒီလိုအခြေအနေ ကောင်းလာတာ မိဦးယာ သိပ်ဝမ်းသာတာပဲ"

ဆံနွယ်စလေးများကို သပ်ကာ မိဦးယာက ပြောလိုက်သည်။ အိမ်ရှေ့ညှော်ခန်းလေးမှာ သင်ဖြူးဖျာလေး ခင်းထားကာ သပ်သပ် ရပ် ရပ် ရှိသည်။

အပြင်သို့မြင်နိုင်ရန် သစ်သားများကို ဆနွင်းမကင်း ကွက်ဖော်ထား၍ နေရောင်ခြည်က တောင်တန်းများပေါ်မှ အိမ်ရှေ့ညှော်ခန်းသို့ ဖြာလင်းနေသည်။

"မိဦးယာ တကယ်ဝမ်းသာတာလား ဟင်"

"ဒါပေါ့ ဘာဖြစ်လို့လဲ"

"မောင်ကြီးက ခြေထောက်ကောင်းသွားတော့ ပြန်သွားမှာ မစိုးရိမ်ဘူးလား"

"အို"

မိဦးယာ မျက်နှာလေးညိုးကာ သူမ၏ဒူးခေါင်းများကို လက်နှင့်ဖက်ကာ ထိုင်လိုက်လေသည်။

"မိဦးယာကတော့ မောင်ကြီး ဒီလိုပြန်သွားမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မတွေးမိဘူး၊ မိဦးယာကလေ မောင်ကြီးကို အိမ်သားတစ်ယောက်လို ထင်နေမိတာ၊ ယာခင်းက ပြန်လာရင် မောင်ကြီးအတွက် စားစရာ ဘာယူလာရမလဲ၊ မောင်ကြီးကြိုက်တဲ့ မှိုတွေရမလား၊ ရရင်ဝယ်ခဲ့မယ် ဒါပဲ တွေးမိတာ၊ မောင်ကြီးက ခြေထောက်ကောင်းတာနဲ့ ပြန်တော့မလို့လား"

မိဦးယာ၏ဝမ်းနည်းသံလေးကြောင့် ဉာဏဗလ စိတ်မကောင်း ဖြစ်သွားသည်။

"ချက်ချင်းတော့ မပြန်သေးပါဘူး မောင်ကြီးလဲ ဒီအိမ်က မိဦးယာတို့အဘနဲ့ မိဦးယာကို သံယောဇဉ် ဖြစ်နေမိပါပြီကွယ်"

မိဦးယာအနားသို့ တိုးကပ်ထိုင်ကာ ဉာဏဗလ ပြောလိုက်၏။

"မောင်ကြီး ထွက်သွားရင်တော့လေ မိဦးယာ ဘယ်လိုမှ နေတတ်တော့မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ မိဦးယာရဲ့ . . အစကလဲ မိဦးယာတို့သားအဖ ဒီလိုပဲ နေလာကြတာ မဟုတ်လား"

"ဟုတ်တယ် မိဦးယာက တစ်ယောက်တည်းဆိုတော့ အဖော် မရှိဘူး၊ မမျှော်လင့်ဘဲ မောင်ကြီးရောက်လာတော့ မိဦးယာ ပျော်သွားတယ်၊ မောင်ကြီးရဲ့ဝတ္တရားတွေ လုပ်ပေးရတာ မောင်ကြီးနဲ့စကားပြောရတာ မိဦးယာမှာ သိပ်ပြီးတော့ အဖော်တစ်ယောက်လို ဖြစ်နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



မိဦးယာက သူ့ခံစားချက်ကို မပြောတတ် ပြောတတ် ပြောပြသည်။ မိဦးယာ၏ခံစားမှုကို သူသိပါသည်။ သူ့ရင်ထဲတွင်လည်း၊ လိုအပ်ချက်တစ်ခုကို ဖြည့်စွက်ထားသလို ဖြစ်နေသည်။

"မောင်ကြီး ခဏတော့ ပြန်ရမှာပဲ မိဦးယာ . . ပြီးတော့မှ မိဦးယာကို မောင်ကြီးရဲ့မိဘတွေနဲ့ လာပြီးတောင်းမယ်၊ မိဦးယာကို မောင်ကြီး လက်ထပ်မယ်"

× × ×

သူ့အပြောကြောင့် မိဦးယာ ဝမ်းသာသွားသည်။ မိဦးယာက သူ၏လက်မောင်းကိုကိုင်ကာ မှီလိုက်သည်။

"မောင်ကြီးရယ် . . မိဦးယာကို မောင်ကြီးက တကယ်လက်ထပ်မှာလား"

"တကယ်ပေါ့"

"ဒါဆို မိဦးယာ မောင်ကြီးကို စောင့်နေမယ်နော်၊ မောင်ကြီး မလာမချင်း မျှော်နေမယ်နော်"

"စိတ်ချပါ မိဦးယာ"

ထိုစဉ်မှာပင် သူတို့နှစ်ဦး၏ နားခေါင်းထဲသို့ ညှော်နံ့ ရရှိလာသည်။

"မိဦးယာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မီးဖိုထဲက ဘာအိုးလဲ"

"ကြက်သားအိုးတော့ တူးပြီ"

မိဦးယာသည် ကမန်းကတန်းထကာ ပြေးသည်။ သူသည် တဟားဟားဖြင့် ညည်းခန်းတွင် ရယ်ကာကျန်ရစ်ခဲ့သည်။

"တော်တော်တူးသွားပြီ မောင်ကြီးရေ"

မိဦးယာက ရှုံ့ခနဲ ရေများထည့်ကာ ပြောလိုက်သည်။

"ဒီလိုလုပ်ပါလား မိဦးယာ . . ဒီကြက်သားဟင်းက မောင်ကြီးကြောင့် တူးသွားတာပဲ၊ မောင်ကြီး ပြန်အလျော်ပေးမယ်နော်"

"ဟင် . . မလုပ်ပါနဲ့"

"အဲဒီကြက်သားအိုးကို သွန်ပစ်လိုက်ပါ၊ နောက်ထပ် အသစ်ချက်ကြတာပေါ့ . . ရော့ မိဦးယာ ကြက်တစ်ကောင် သွားဝယ်"

သူ၀တ္ထုဘုမ္မိသုံးငွေစများကို ထုတ်ပေးလိုက်၍ မိဦးယာ အံ့အားသင့်သွားသည်။

"ဒါ မိဦးယာတို့နယ်ကို ဝင်လာကတည်းက မောင်ကြီးတို့တပ်သားတွေ သုံးဖို့ လဲလာတာ . . ရော့ ယူပါ မိဦးယာ၊ ဟင်းချက်တာကို မောင်ကြီး ကူညီပါ့မယ်"

သူတို့သည် ယာခင်းများကြားတွင်နေ၍ ကြက်မွေးသော ယာခင်းသို့ မိဦးယာက သွားသည်။ မိဦးယာ ပြန်လာသောခါ ကြက်အသေတစ်ကောင် ပါလာသည်။ တူးသွားသောအိုးကို ရေစိမ်ထားကာ အိုးအသစ်ဖြင့် ကြက်သားကို ချက်ရန်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ကြက်သွန်၊ ငရုတ်သီးများကို ဉာဏဗလက ကူညီကာ ထောင်းပေးသည်။

"အို ... မလုပ်ပါနဲ့ မောင်ကြီးရဲ့ခြေထောက်တွေ နာနေပါ့မယ်"

"မနာပါဘူး"

ငရုတ်ဆုံနှံးတွင် တစ်ဦး၏လက်ကို တစ်ဦး ဆုပ်မိကြသည်။ သူက မိဦးယာ၏ကိုယ်လုံးကိုဖက်ကာ ရင်ခွင်ထဲသို့ သွင်းလျက် ပါးပြင်ကို မွှေးလိုက်၏။

"အို ကြည့်ပါလား"

မိဦးယာ၏အသံလေး ပေါ်လာသည်။

သူ့လက်မှ မိဦးယာက လွတ်အောင်ရုန်းနေ၏။ သူက မိဦးယာ ညာဘက်ခြေထောက်သို့ မှီထားသည်ကိုသိ၍

"အား"

ဟု အော်လိုက်သည်။

"ဘာဖြစ်တာလဲ မောင်ကြီး"

မိဦးယာက မရုန်းတော့ဘဲ မေးလေသည်။

"မိဦးယာက ရုန်းတော့ မောင်ကြီးရဲ့ညာခြေက နာတာပေါ့"

"အို .. ဟုတ်ပါရဲ့ မရုန်းတော့ဘူး"

"ဟား .. ဟား .. ဟား"

www.burmeseclassic.com

www.burmeseclassic.com



မိဉ်းယာက ရယ်သံထွက်လာတော့မှ ဉာဏဗလ၏အကြံကို သိသွားသည်။ သူသည် လှစ်ခနဲ ရှန်းထွက်လိုက်ကာ

"မောင်ကြီးက မကောင်းဘူး၊ ကိုယ့်ဘက်ကိုယက်တဲ့ လူကြီး"

ဟုဆိုကာ ထုလိုက်လေတော့သည်။

သူသည် အိပ်မက်အကြောင်းများကို တွေးကာ ဆေးခန်းနားသို့ ရောက်ရှိလာသည်။ ဆရာဝန် ကိုတင်မောင်မှာ သူ၏ မိတ်ဆွေဖြစ်၍ စာပေလည်းဝါသနာပါသည်။ ဆေးသုတေသနနှင့် ဆေးဆောင်းပါးများကိုလည်း ကိုယ်တိုင် ရေးနေသူဖြစ်သည်။

နံနက်ပိုင်းတွင် ဖြစ်သော်လည်း ဆေးခန်းတွင် လူနာတစ်ဦးနှစ်ဦး ရှိနေ၍ သူ အပြင်က ထိုင်စောင့်နေလေသည်။ လူနာများ ထွက်သွားတော့မှ ဆေးခန်းပေါက်ဝတွင် သူရပ်လိုက်သည်။

လက်ဆေးနေသော ဆရာဝန် ကိုတင်မောင်ကိုက

"ဟာ . . နဒီ ဘယ်လိုမျက်စိလည်လာလဲ"

ဟုမေးသည်။

"စိတ်ထဲမှာ မအီမသာ ဖြစ်နေလို့ကွာ၊ မင်းဆီမှာ လာစမ်းသပ်တာ"

"အေး ကောင်းတယ် . . ခုတင်ပေါ်တက် သွေးပေါင်ချိန်ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်တွင် လူနာတစ်ယောက်လို 'နဒီနွယ်'က တက်အိပ်လိုက်သည်။ ဆရာဝန် ကိုတင်မောင်က ညာလက်ကို အဝတ်နှင့်ပတ်ကာ ပိုက်ဘူးလေးကို ဖိညှစ်သည်။

"ရှိ . . ရှိ"

တဖြည်းဖြည်း လက်ကကျပ်လာသောအခါ သူ့လက်ဖျံမှ သွေးကြောကို နားကြပ်နှင့်ထောက်ရင်း ဘေးမှ သွေးပေါင်ချိန်သည့် ကိရိယာကို ကြည့်သည်။

"သွေးတော့ မကိုးပါဘူး၊ အပေါ်သွေးက တစ်ရာနှစ်ဆယ် အောက်သွေးက ရှစ်ဆယ်ပဲ"

"သေချာစမ်းသပ်ပါဦးကွာ"

ရင်အိတ်နှလုံးခုန်နှုန်းနှင့် ဗိုက်၊ ရင်ခေါင်းပတ်ဝန်းကျင်ကို စမ်းသပ်လိုက်သည်။

"ချောင်းဆိုးလား"

"မဆိုးဘူး"

"သလိပ်ဟတ်သလား"

"မဟတ်ပါဘူး"

"အသက်ရှုရင် မောသလား"

"မောလဲမမောပါဘူးကွာ . . နေရထိုင်ရတာ နုံးချိချိဖြစ်နေတာပါပဲ"

"ထတော့ နဒီ . . မင်းရောဂါက ရုပ်မှာဖြစ်တာနဲ့ စိတ်မှာဖြစ်တာ ပိုများနေတယ်"

မဇ္ဈိမ ... မင်းလက်ဝဲသောင်တာ၁

www.burmeseclassic.com

www.burmeseclassic.com



"မှတ်နိုင်တယ်၊ အခုတလော အလုပ်ကလဲများတယ်ပြီးတော့ အိပ်မက်တွေနဲ့ စိတ်တွေကလဲ လှုပ်ရှားနေတယ်"

"လူပျိုကြီးကတော့ စိတ်တွေတစ်မျိုးဖြစ်နေပြီ ထင်တယ်"

ဆရာဝန် ကိုတင်မောင်က သူ့ပခုံးကိုဖက်ကာ အခန်းပြင်သို့ ထွက်လာသည်။

"မင်းကိုပြောရင်တော့ မင်းက ရယ်မှာပဲ တင်မောင်၊ ဒီနှစ်ရောက်မှကွာ ငါ အိပ်မက်ထဲမှာ မိန်းကလေးတစ်ယောက်နဲ့ တွေ့နေတယ်"

"ဒါတွေ ထားပါကွာ . . လောလောဆယ်တော့ မင်းအားဆေးသောက်ပြီး အနားယူလိုက်"

"အနားယူလို့တော့ မဖြစ်ဘူးကွာ၊ မဂ္ဂဇင်းအလုပ်တွေက ရှိသေးတယ်"

"ကိုယ့်ကျန်းမာရေးအရ မေ့ပစ်သင့်တဲ့အရာတွေ မေ့ထားလိုက်ကွာ၊ အကောင်းဆုံး အကြံပေးချင်တာကတော့ ဒါပဲ အဲဒီမှာ ခဏထိုင်ဦး"

ဆရာဝန် ကိုတင်မောင်က သူ့အား နှလုံးအားဆေးနှင့် စွဲမြဲသောက်နိုင်ရန် အားဆေးများကိုထုတ်ကာ ပုလင်းထဲထည့်နေသည်။

"ပုဂံကိုသွားရင် မကောင်းဘူးလား"

"ကောင်းတာပေါ့ကွာ . . အဲဒီလိုနေရာမျိုးမှာ စိတ်အေးချမ်းသာ ခပ်ကြာကြာနေနိုင်ရင် မင်းသက်သာသွားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ငါငယ်ငယ်ကတော့ ပုဂံကိုရောက်ဖူးတယ်၊ ဒါပေမယ့် ခုတော့ ကောင်းကောင်း မမှတ်မိဘူး ဖြစ်နေတယ်"

"ပုဂံကတော့ ဘယ်နှစ်ခေါက်သွားသွား အရသာရှိပါတယ်ကွာ"

× × ×

စာရေးဆရာ နဒီနွယ်သည် ပုဂံသို့သွားမည်ဟု ဆိုသောအခါ ပုဂံမှ ရေးဖော်ဘုန်းတော်ကြီး 'ဦးပညာဇောတ'ကို သတိရသည်။ သူတို့၏ 'ဇလပ်ဝါ'မဂ္ဂဇင်းတွင် 'ပညာသီလ'ဟူသော ဆောင်းပါးရှင် ဖြစ်၏။ သူသည် ဆရာတော် ရှိ၊မရှိကိုသိရန် တယ်လီဖုန်းကို ကောက်ကာလှည့်လိုက်၏။

"ဟဲလို"

"ဟဲလို ရွှေမင်းဝံကျောင်းက ဆရာတော် ဦးပညာဇောတပါ"

"အရှင်ဘုရား တပည့်တော်ပါ"

"ဘယ်က တပည့်တော်လဲ"

ဆရာတော်က မည်သူမည်ဝါမှန်း မသိ၍ ပြန်မေးလိုက်သည်။

"တပည့်တော် စာရေးဆရာ နဒီနွယ်ပါ ဘုရား"

"ဟေ ဒကာကြီးကိုး"

"ဟုတ်ပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီး နောက်ထပ်ဆောင်းပါးနှစ်ပုဒ် ပေးထားတယ် ဖတ်ရသေးလား"

"ဖတ်ပြီးပါပြီ ဘုရား၊ တန့်ကြည်တောင်အကြောင်းနဲ့ မြကန်ကျောက်စာအကြောင်း မဟုတ်လား"

"ဟုတ်တယ် . . ဒကာကြီး ဘယ်လိုနေလဲ"

"တပည့်တော် ရွေးထားပါတယ် ဘုရား၊ ရှေ့လတစ်ပုဒ် ပါမယ် ထင်တယ်"

"သာဓု . . သာဓု . . သတင်းကောင်းပဲ၊ ဒကာကြီး ဖုန်းဆက်တာ ဒါပြောဖို့ ဟုတ်ပုံမရပါဘူး"

ဘုန်းကြီးက ရယ်သံတစ်ဝက်ဖြင့် မေးသည်။

"တပည့်တော် ပုဂံကိုလာမလို့ ဘုရား"

"ကောင်းတာပေါ့ ဒီမှာ နားနေပြီး စာတွေဘာတွေ ရေးလို့ရတာပေါ့၊ ဘုန်းကြီးနဲ့လဲ စကားပြောရတာပေါ့"

"တင်ပါ့ . . ဒါကြောင့် အရှင်ဘုရားကို လှမ်းပြီးဖုန်းနဲ့ပြောကြည့်တာပါ၊ ဘယ်တည်းခိုခန်းကောင်းလဲ ဘုရား"

"အို . . ဘုန်းကြီးရဲ့ ရွှေမင်းဝံကျောင်းရှိတာ ဘယ်တည်းခိုခန်းမှာ တည်းရမှာတုန်း၊ ဒကာကြီး တတ်နိုင်မှန်း သိပါတယ်၊ ဒါပေမယ့် ဘုန်းကြီးဆီမှာ တည်းတာ ပိုကောင်းမှာပေါ့"

"မှန်ပါဘုရား"

"ဘယ်ရက်လောက် ထွက်လာဖြစ်မလဲ"

"နောက်တစ်ရက်နှစ်ရက်ပေါ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ . . လေယာဉ်လက်မှတ်ရရင် ဘုန်းကြီးဆီကို ဖုန်းဆက်လိုက်ဦးလေ၊ လေဆိပ်က လာကြိုနေမယ်"

"အရှင်ဘုရား အလုပ်များပါတယ်"

"မများပါဘူး ဘုန်းကြီးမှာ ဒကာတွေ ရှိတာပဲ၊ ဒကာကြီး ပုဂံလာရင် ဘုန်းကြီးမှာ တာဝန်ရှိတာပေါ့၊ ဖုန်းဆက်ဖြစ်အောင် ပြန်ဆက်နော်"

"တင်ပါ့ဘုရား"

× × ×

ပုဂံသို့ရောက်သောအခါ မဂ္ဂဇင်းတွင် ဆောင်းပါးရေးသော ရှင်ပညာဇောတခေါ် 'ပညာသီလ'၏ လေဆိပ်မှ လာရောက်ကြိုဆိုမှုကြောင့် အစစအရာရာ အဆင်ပြေသွားပါသည်။ မြင်းကပါရွာမှာ ရွှေမင်းဝံကျောင်းရှိ၍ ထိုရွာတစ်ရွာလုံးမှာ မြန်မာယွန်းလုပ်ငန်းကို လုပ်ကိုင်ကြသူများ ဖြစ်၏။

ဆရာတော် ရှင်ပညာဇောတနေသည့် ရွှေမင်းဝံကျောင်းကြီးမှာ ရှေးက ဥမင်ဂူကြီးကို ဖြို၍ ကျောင်းဆောက်ထားခြင်း ဖြစ်လေသည်။

မူလ ရှေးဦး ရွှေမင်းဝံဆရာတော်ကြီးရှိစဉ်က ဂူကြီးကို ဖြို၍ ကျောင်းဝင်းကို ချဲ့သောအခါ ဘာမှန်းမသိသော အသံကြီးများ၊ ညည်းသံများကြားရကာ ကျောင်းဝင်းကို မချဲ့တော့ဘဲ ထားလိုက်ရသည်ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ အယ်ဒီတာကြီးရဲ့၊ ကျောင်းထဲမှာ ဂူကြီး ရှိတယ်ဆိုလို့ ဟိုတယ်များသွားပြီး တည်းချင်နေပြီလားဗျ"

ဆရာတော် ဦးပညာဇောတက စာရေးဆရာနဒီနှယ် ကို တရင်းတနှီးမေးမြန်းလိုက်သည်။

"မဟုတ်ပါဘူး ဘုရား။ ပုဂံခေတ်က ဒီနေရာကို စုဏ္ဏ တေးမင်း လှံချက်ထိတော့ မြင်းကပါ ဖောက်ပြီး ခြေနဲ့ချိတ်ပါ သွားလို့ မြင်းကပါလို့ ခေါ်တာ မဟုတ်လား ဘုရား"

ဆရာတော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ ... ဒီနေရာမှာ စုဏ္ဏတေး ကိုးကွယ် တဲ့ အရည်းကြီးဆရာတွေလဲ နေထိုင်ဖူးတယ်၊ ဒီဂူကြီးတဆုံး ဝင်နိုင်ရင်တော့ အထဲမှာ ဘာတွေရှိမယ် ပြောလို့မရဘူး၊ ဒါ ပေမယ့် ခု တစ်ဝက်တစ်ပျက် ပြိုကျနေတော့ ဘယ်သူမှ မဝင် ရဲတော့ဘူးပေါ့၊ ကဲ .. ဒကာကြီး လွတ်လွတ်လပ်လပ်နေပါ၊ ညစာတော့ မြင်းလှည်းနဲ့အပြင်ထွက်စားပေါ့၊ ဒါမှ ပုဂံအလှ ကြည့်ရတာပေါ့"

"ကောင်းပါတယ် ဘုရား၊ အရှင်ဘုရားတို့ဆီမှာက တပည့်တော်တို့ အောက်ပြည်အောက်ရွာနဲ့ မတူတာတွေ သတိ ထားမိတယ်"

"ဘာတွေများလဲ ဒကာကြီးရဲ့"

"ဒီလိုပါ လေထဲက တမာနံ့တွေက နေရာအနှံ့ လွှင့်ပျံ့ နေတာပဲ၊ ပြီးတော့ တမာပင်ကြီးတွေ ကြည့်ရတာလဲ သိပ်စိမ်း ပြီး ခက်လက်ဝေဝေဆာဆာနဲ့ တပည့်တော်တို့ဆီက ကုက္ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



တွေလောက် ရှိနေတာ အံ့ဩစရာပဲ"

နဒီနွယ်က စောနေသေး၍ ဆရာတော်နှင့် စကားပြောနေသည်။ ဆရာတော်က

"ဒကာကြီးတို့အတွက်တော့ အညာမြေရဲ့ထူးခြားတဲ့ ရနံ့တွေကို ရမှာပေါ့လေ၊ ဒီအချိန်ဟာ တမာပွင့်တဲ့အချိန် သင်္ကြန်ရောက်တော့မှာကိုး၊ ဒီတော့ တမာပွင့်လို့ လေထဲမှာ တမာနံ့တွေ ဝေ့ဝဲနေတာဟာ ရှိးနေပါပြီ၊ ဒါ ဒီဒေသရဲ့ရနံ့လို့ ပြောရမှာပေါ့"

"ဟုတ်တယ် ဆရာတော်၊ ဆရာတော်ပြောတဲ့ 'ဒေသရနံ့'ဆိုတာ ဟုတ်တယ်၊ ပြီးတော့ လူတွေကလဲ ယဉ်ကျေးကြတယ်၊ စကားပြောရင် ရှင့်ထည့်ပြောတတ်တယ်နော်"

"ဟုတ်တယ် ဒကာကြီးရဲ့၊ တော်ကြာ ဘုန်းကြီးရဲ့ ပစ္စည်းလေးပါး ဒကာတွေ လာကြပါလိမ့်မယ်၊ သူတို့က ယွန်းလုပ်ငန်း လုပ်တာပေါ့၊ မြင်းကပါမှာတော့ သူတို့လုပ်ငန်းက သိပ်ကြီးကျယ်တာပေါ့လေ၊ ခုဆို နိုင်ငံခြားကိုလဲ ပို့တယ်ထင်ပါရဲ့၊ နိုင်ငံခြားသားတွေကလဲ လာပြီးတော့ လည်ပတ်ကြတယ်၊ ယွန်းပစ္စည်းတွေကို မြတ်နိုးကြ ဝယ်ကြတယ်၊ ဒီတော့ ယွန်းလုပ်ငန်းလုပ်တဲ့သူတွေ ကြီးပွားတာပေါ့"

"ကောင်းပါတယ် ဘုရား၊ မြန်မာ့ယဉ်ကျေးမှုတွေဟာ မြတ်နိုးစရာတွေပါ၊ ယွန်းလုပ်ငန်းဖြစ်ဖြစ် ရွှေချည်ထိုးလုပ်ငန်းဖြစ်ဖြစ် ရွှေဆိုင်းရွှေမျက်ပါးလုပ်ငန်းဖြစ်ဖြစ် တပည့်တော်က တော့ ကြီးပွားစေချင်တာပါပဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ရင်းအခံအတိုင်း ပြောကြားလိုက်လေသည်။

"အင်းလေ . . ဒကာကြီး နဒီက စာရေးဆရာအယ်ဒီတာဆိုတော့ ကိုယ့်အမျိုးကို ကြီးပွားချင်စိတ် ရှိမှာပေါ့၊ ဒါဆိုရင် 'မမြတ်သဇင်'တို့နဲ့ မိတ်ဆက်ပေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က သူသည် 'မြတ်သဖင်'ဆိုသော အမည်ကို ပထမဦးစွာ စတင်၍ကြားဖူးခြင်း ဖြစ်သည်။ ဘူးဘုရားနှင့် အမျက်တော်ပြေဘုရားအနီးရှိ ရှေးဟောင်းသုတေသနဌာနမှ သူ့သူငယ်ချင်းနှင့်လည်း တွေ့လိုသည်။

ထို့ကြောင့် အမျက်တော်ပြေဘုရားရှေ့ရှိ ရှေးဟောင်းသုတေသနဌာနသို့ မြင်းလှည်းစီးကာ ခပ်စောစော ထွက်လာခဲ့သည်။ သူ့သူငယ်ချင်း ရေးဖော် 'ပညာရှိဦးပေါ်ဦး'အကြောင်းကို ရေးသားသော မြန်မာမြေ သိန်းလွင်ကို သွားတွေ့သည်။

သိန်းလွင်က တော်တော်နှင့် မလာ၊ သူ့အခန်းကိုတော့ ရောက်သည်။

"ဆရာက ထမင်းစားပြန်တယ်"

"သူက ဘယ်မှာထမင်းစားတာလဲ"

(ထိုစဉ်ကတော့ သိန်းလွင်က လူပျို)

ထို့ကြောင့် "သူက အတည်မရှိပါဘူး၊ စားချင်တဲ့ဆိုင် သွားစားတာပဲ" ဟု ပြုံးစေ့စေ့နှင့် ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလူရိုးကြီးအကြောင်း သူ့ဒွါနက လူများ ပင် သိကုန်ကြပြီဟု သဘောပေါက်မိသည်။ ကျွန်တော်သည် သော့ခတ်ထားသော သူ့အခန်းကို ကျော်ဖြတ်ကာ သူတို့၏ အခန်းအပြင်မှ ခုံတန်းလေးပေါ်တွင် ထိုင်နေမိသည်။

မကြာမီ လင့်ရိုဗာကားလေးတစ်စီး ဝင်လာသည်။ ဆရာဇော်ဂျီကဗျာနှင့် ရုပ်တုနောက်ဘက်တွင် ရပ်လိုက်သည်။ ကားပေါ်မှ သူ့သူငယ်ချင်းက ဆင်းလာသည်။ သူ့ကိုတွေ့သော အခါတွင် မျက်နှာကြီးက ပြုံးသွားသည်။

"ဟာ . . ကိုနဒီ ပုဂံကိုလာလည်တာလား"

သူက ဝမ်းသာအားရ ရောက်ရှိလာကာ လက်ကိုလာ၍ ဆုပ်သည်။ သူနှင့် သိန်းလွင်မှာ ကာလအတော်ကြာ တက်ခဲ့ရ သော တက္ကသိုလ်တွင် ရင်းနှီးခဲ့ကြသူများပင် ဖြစ်သည်။

နဒီနွယ်က စာရေးဆရာ အယ်ဒီတာဖြစ်နေသည်ကို သိန်းလွင်က သဘောကျသည်။ သူ့အခန်းကို သော့ဖွင့်သည်။ ပြီးတော့ အခြာရှိဧည့်ခန်းလေးတွင် နဒီနွယ်ကို ထိုင်ခိုင်းသည်။

"ထိုင်ဗျာ ကိုနဒီ"

"ရပါတယ် . . ခင်ဗျား လုပ်စရာရှိတာ လုပ်ပါ"

"ဘာမှတော့ သိပ်လုပ်စရာ မရှိပါဘူး၊ တစ်ခုခု သွား စားရအောင် ကားပေါ်တက်"

သိန်းလွင်က သကြိ်န်နီးပြီ ဖြစ်သောကြောင့် ဓာတ် တိုက်ဖို့ကိစ္စ သူ့ထံလာပြောနေသော ရုံးသူရုံးသားများကို စ ကားနည်းနည်းပြောကာ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုတလော ညှိသည်က မပြတ်ဘူးဗျ၊ အခုလဲ မြန်မာစာအဖွဲ့က ဘုန်းကြီးကျောင်းမှာ ရှိတယ်၊ မနေ့ကပဲ ကိုညို ထွန်းတို့ လင်မယား ရောက်လာတယ် အခု ခင်ဗျား"

"ငါက မင်းဆီမှာ မတည်းပါဘူးကွာ၊ ပုဂံအကြောင်း တွေတော့ လာဆွေးနွေးမှာပေါ့"

"ကောင်းပါတယ် . . ကျွန်တော်ကလဲ စကားပြောဘက် ရှာနေတာပဲ၊ ခင်ဗျားနဲ့ စကားမပြောရတာ ကြာပြီ"

သူက ရုံးမှရထားသော သူ့လင့်ရိဗာကားစုတ်လေးကို မောင်းထွက်ခဲ့သည်။ သူငယ်ချင်းများနှင့် ရှေးဟောင်းနှောင်းဖြစ် အကြောင်းများ ပြောလာသည်။ သရုပါတံခါးနားက ဆိုင်တွင် ရပ်ကာ အဖျော်ယမကာများ သောက်ကြသည်။

သိန်းလွင်က လူပျိုကြီး၊ ယခုထိ အိမ်ထောင်မရှိ။ သူသည် အသက် (၄၀)ကျော်နေပြီ ဖြစ်သည်။

"ခင်ဗျား ဘယ်လိုလဲ ဘယ်တော့ မင်္ဂလာဆောင်မှာလဲ"

နဒီက ထိုသို့မေးသောအခါ သိန်းလွင်က မဖြေချင့်ဖြေချင် ပြန်ဖြေလေသည်။

"အိမ်ထောင်ပြုတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် ကိုယ်ကလဲ ချစ်ဖို့လိုသေးတယ် မဟုတ်လား"

ထိုစကားကို ကြားသောအခါ နဒီက ပြုံးလိုက်သည်။

"အင်းလေ . . ငါလဲ ခုထိ ဒီအတိုင်းပါပဲ၊ ဒါပေမယ့် ဒီပုဂံ လာရတာကတော့ အိပ်မက်ထဲက ကောင်မလေးများ တွေ့မလားလို့ လာရှာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နဒီ၏စကားကြောင့် သိန်းလွင်က တဟားဟား ရယ်မောလိုက်သည်။ သူသည် နဒီကို ဘီယာတိုက်သော်လည်း သူကိုယ်တိုင်ကတော့ နည်းနည်းသာ သောက်သည်။ သိန်းလွင်မှာ အရက်ကို သိပ်သောက်သူ မဟုတ်ပါ။

ဤကဲ့သို့ သူငယ်ချင်းမိတ်ဆွေများလာမှသာ သောက်တတ်သူ ဖြစ်၏။

× × ×

သိန်းလွင်ကတော့ မယုံဘူးလည်း မပြော။ ယုံသည်ဟုလည်း မဆို။ သူက ပညာရှိလက္ခဏာဖြင့် ပြုံးနေသည်။

"ဒါတော့ စဉ်းစားကြည့်ပေါ့ နဒီရာ၊ ခင်ဗျားဟာ စာရေးဆရာတစ်ယောက်ပဲ . . ပြီးတော့ တစ်သက်လုံးမှာ ဒီနှစ်ရောက်မှ ဒီအိပ်မက်မျိုး မက်တယ်ဆိုတော့ ဆရာဝန်လေးဘာလေး ပြကြည့်ပါလား"

"ပြကြည့်တာပေါ့"

"ပြကြည့်တော့ အိမ်ထောင်ပြုဖို့ ခင်ဗျားကို မပြောလိုက်ဘူးလား . . ဟား . . ဟား . . ဟား"

သိန်းလွင်က နဒီနှယ်ကို အိမ်ထောင်ပြုချင်နေသည်ဟု ထင်မိသည်။ သိန်းလွင်နှင့်ရောကာ နဒီနှယ်ပါ ရယ်လိုက်ပါသည်။ သူသည် ညနေနေရီချိန် သရပါတံခါးကို ကြည့်လိုက်သည်။ သရပါတံခါးမှ မောင်တော်၊ နမတော်နတ်ရုပ်တုနှစ်ခုကိုမြင်ရသည်။

"သိန်းလွင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ငါ ဒီသရုပါတံခါးကို အကြောင်းပြုပြီး စာတွေရေး လို့ ငွေရတာ မနည်းတော့ဘူးကွ"

"ကျုပ်သိပါတယ်ဗျာ . . တံခါး'မြတ်စွာသရုပါ'တို့ 'မဟာပုဂံ မဟာမြန်မာ'ဆိုပြီး ရေးတာ တစ်မျိုးဟုတ်တယ် မဟုတ်လား"

နဒီနွယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် . . ပုဂံအကြောင်း ပုဂံအလှကတော့ ရေး လို့ဘယ်ကုန်နိုင်ပါတော့မလဲကွာ"

နဒီနွယ်သည် လင့်ရှိဗာကားပေါ်သို့ မတက်မီ သရုပါ တံခါးသို့သွားကာ လက်အုပ်ချီ ကန်တော့လိုက်သည်။ သူ့စိတ် ထဲတွင် ထိုနတ်နှစ်ပါးနှင့် ရင်းနှီးနေသလို ဖြစ်နေသည်။ ငနွဲ့ သင်နတ်ဟု လည်းကောင်း၊ သရုပါတံခါးစောင့်နတ်မောင် နှမဟု ခေါ်သော နတ်နှစ်ပါးဟု လည်းကောင်း ကြားဖူးနား ဝ ရှိခဲ့သည်။

မင်းများ အန္တရာယ်မကျရောက်နိုင်ရန် ထိုနတ်တို့က စောင့်ရှောက်လေ့ရှိသည်ဟုလည်း ရာဇဝင်များတွင် ဆိုသည်။ သရုပါတံခါးစောင့်နတ်က အနော်ရထာမင်းအား ကျွဲကြီးကို ထွက်နှိမ်နင်းမည်ပြုသောအခါ သရုပါတံခါးမှ ကား ၍ဖူးခွကာ တားသည်ဟု ဆို၏။ အနော်ရထာမင်းက နားမထောင်ဘဲ နှိမ် နင်းသောကြောင့် ကျွဲ ခတ်ခံရ၍ နတ်ရွာစံသည်။



www.burmeseclassic.com

www.burmeseclassic.com



အလားတူပင် နရသူလက်ထက်တွင်လည်း သရုပါတံခါးစောင့်နတ်သည် ပုံသကူစွေယ်ရှင်အား သီဟိုဠ်သို့နှင်ထုတ်သောကြောင့် မင်းကို သရုပါတံခါးမှ အဝင်မခံဘဲ ကား ရားခွကာထားခဲ့သည်။ မူးမတ်များက တောင်းပန်သော်လည်း မရ။ တံခါးစောင့်နတ်က ဖယ်မပေးသောကြောင့် နောက်ဆုံးတွင် ပုံသကူစွေယ်ရှင်ကို စစ်ကိုင်းမှ လှေနှင့်ပင့်လာသောအခါမှ တံခါးစောင့်နတ်က အောက်သို့ဆင်းကာ လက်အုပ်ချီသည်ဟု ဆိုလေသည်။ သရုပါတံခါးကြီး ရှိနေခြင်း။

တံခါးစောင့်နတ်ရုပ်များ ရှိနေခြင်းသည်ပင် ထိုရာဇဝင်ကိုဖတ်ဖူးသူများအဖို့ သရုပါတံခါးနားရောက်လျှင် ခံစားရမည်သာ၊ သိန်းလွင်က သရုပါတံခါးကို မော့ကာ လက်အုပ်ချီနေသော နဒီနွယ်အား

"စာရေးဆရာ ဘာတွေတွေးနေတာလဲ"

"အော် ပုဂံခေတ်က သရုပါတံခါးစောင့်နတ်အကြောင်း တွေးမိလို့ပါ"

"ပုံသကူစွေယ်ရှင်အကြောင်းတော့ အစ်ကိုကြီးဖတ်ဖူးတယ် မဟုတ်လား"

"ဖတ်ဖူးပါတယ်၊ ဘုရင်က ပြည်သူတွေရဲ့ဆွမ်းကိုစားရင် ငါ့ဆွမ်းစာတာနဲ့ အတူတူပဲဆိုပြီး ပြောလို့ သီဟိုဠ်သွားရို့ စစ်ကိုင်းဘက်ကူးသွားတာလေ၊ အဲဒီမှာ လိုက်ပြီးပင့်တဲ့ အမတ်က . . ."

www.burmeseclassic.com

www.burmeseclassic.com



"ရာဇသကြိန်လို့ ပြောတာပဲ အစ်ကိုကြီးရ၊ မြန်မာရာဇဝင်မှာ ရာဇသကြိန်တွေကလဲ နည်းတာ မဟုတ်ဘူး"

"အေးလေ . . မင်း ယဉ်ကျေးမှုမဂ္ဂဇင်းမှာ ရေးတဲ့ နဝဒေးဘွဲ့ရ (၇)ဦးထက် ဆိုးနိုင်တာပေါ့"

နဒီနွယ်က သိန်းလွင်ကို သူရေးသော ဆောင်းပါးကို ပြောလိုက်၍ သိန်းလွင်က တဟားဟား ရယ်လိုက်သည်။

"မှောင်လာပြီ အစ်ကိုကြီး သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးပညာဇောတမှာ အကင်းပါးသူ ဖြစ်သည်။ စာရေးဆရာတစ်ယောက် အပြင်ထွက်၍ ထမင်းစားသည်ဆိုလျှင် ဘီယာလေး၊ အရက်လေးသောက်တတ်သည်ကို သိသည်။ ထို့ကြောင့် ညပိုင်းတွင် လာ၍စကားမပြောတော့။ နဒီနှယ်သည် သူ့ဘဝကိုသူ စဉ်းစားကြည့်သည်။

သူသည် ဝါသနာအရသာ စာပေသမားအဖြစ် ရပ်တည်ခဲ့သူ ဖြစ်သည်။ သူ့မိဘများ ကွယ်လွန်သောအခါတွင် သာယာဝတီ၌ ပဲခွဲစက်တစ်လုံး ကျန်ခဲ့သည်။ ထိုပဲခွဲစက်ကို အမျိုးများအား ငှားထားရာ တစ်လလျှင် ငွေလေးသောင်းကျော် ရနေ၍ သူ့တစ်ဝမ်းတစ်ခါးက ပူစရာ မရှိ။ အကယ်၍ ပဲဝယ်ကာ မိမိဖာသာ ကျိတ်ခွဲလျှင် အမြတ်ပို၍ ရနိုင်သည်။

သို့သော် သူ စာပေသုတေသနလုပ်ငန်းကို ဝါသနာပါသည်။ မဟာဝိဇ္ဇာမြန်မာစာဘွဲ့ ပြီးအောင် ကျောင်းတက်ခဲ့သည်။ ပြီးတော့ လုံးချင်းတွေ တစ်အုပ်ပြီးတစ်အုပ် ရေးသား



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေခဲ့သည်။ သူရေးခဲ့သော စာအုပ်များတွင် သုတေသန သဘောပါသည့် စာအုပ်နှင့် လူ့သဘာဝပါသည့် စာအုပ်များသာ များသည်။

မဂ္ဂဇင်းတွင် အကူအညီတောင်းခံလာတော့ သူက ဧလစ်ဝါမဂ္ဂဇင်းတွင် ဝင်ကာ အယ်ဒီတာလုပ်ပေးရသည်။ စာမူများ ရွေးချယ်ကာ ကျကျနန ဖတ်ရှုပြင်ဆင်ခြင်း၊ ထည့်သွင်းခြင်း၊ လိုအပ်သည့် အထောက်အထားများရှာကာ အမှားတို့ပြင်ခြင်းတို့ကို သူသည် ကိုယ်တိုင်လုပ်ခဲ့ရသောကြောင့် စိတ်မောသွားခြင်းသာ ဖြစ်သည်။

သို့သော် 'မိဦးယာ'ဆိုသော သုဝဏ္ဏဘုမ္မိသူကို အိပ်မက်မက်မိသောအခါတွင် သူသည် စိတ်ထဲ၌ အစွဲတစ်ခုရသွားခဲ့သည်။

ရွှေမင်းဝံကျောင်းရှိ သူ့အတွက်ပေးထားသော အိပ်ခန်းတွင် အိပ်စက်လိုက်သောအခါတွင် သုဝဏ္ဏဘုမ္မိဇာတ်လမ်းက ဆက်၍ လာလေတော့၏။

ဆက်လာပုံမှာကား သုဝဏ္ဏဘုမ္မိ စစ်ရှုံးသွား၍ ရောဂါပျောက်သွားသောသူသည် သူ့တပ်နှင့် ပြန်ဆက်သွယ်မိသွား၏။

တပ်မှူးကြီးက သူ့ကို အံ့ဩသောမျက်နှာဖြင့် ကြည့်လျက် သူရှင်းပြသည်ကို နားထောင်နေသည်။

"တော်သေးတာပေါ့ ဉာဏရာ၊ ငါက ရန်သူလုပ်ကြံတဲ့အထဲ ပါသွားပြီမှတ်လို့၊ အဲဒါဆိုရင် မင်းရဲ့တပ်သားတွေခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွား၊ မင်းရောက်ခဲ့တဲ့ 'ဒိုင်'ရွာက အတတ်ပညာရှင်တွေ၊ အနုပညာရှင်တွေ ဆွဲထုတ်စုစည်းလာခဲ့"

သူ့ကို ကယ်တင်ခဲ့သည့်ရွာကို သူ့ကို တာဝန်ပေးလိုက်သည်။ သူ၏အပေါ်တွင် တပ်မှူးကြီးရှိသကဲ့သို့ 'ငရန်သင်'ဆိုသော မင်းသားတစ်ပါး ရောက်ရှိလာမည် ဖြစ်သည်။ ငရန်သင်ဆိုသည်မှာ အနော်ရထာမင်းနှင့် မိဖုရားတစ်ပါးမှ ဖွားမြင်သောသားတော် ဖြစ်သည်။

ငရန်သင်သည် သူတို့တပ်အသိမ်းတွင် သုဝဏ္ဏဘူမိ၏ ကျေးလက်များတွင် မြို့စားအဖြစ် နေထိုင်ရန် ရောက်လာမည့် မင်းသား ဖြစ်သည်။

ဉာဏသည် သံ့ပန်းများကို ဖမ်းထားသည့် တပ်စခန်းတွင် တစ်ညအိပ်စဉ်မှာပင် နောက်တစ်နေ့၌ အလံတလူလူဖြင့် တပ်ကြီးတစ်တပ် ရောက်ရှိလာလေတော့၏။ ထိုတပ်ကြီးမှာ မင်းသားငရန်သင်၏တပ်ကြီး ဖြစ်ကြောင်းကို သိလိုက်ရသည်။

သူတို့တပ်မှူးက

"ကဲ . . အချိန်မရှိတော့ဘူး၊ မနက်ဖြန်ဆိုရင် ကိုယ်တာဝန်ယူထားတဲ့ ကျေးရွာတွေက အနုပညာရှင်နဲ့ အတတ်ပညာရှင်တွေကို အမြန်ဆုံးရွေးချယ်ပြီး ခေါ်ဆောင်ခဲ့ကြပေတော့"

သူ မတတ်နိုင်တော့ပေ။ ဒိုင်ရွာသို့သွားကာ မိဦးယာတို့ထံမှ ယွန်းပညာရှင်များ၊ ဆေးဆရာများကို သူ့တပ်နှင့်အတူ ဆောင်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဦးယာမှာ သူတို့အား ပုဂံသို့ဖမ်းဆီး ခေါ်ဆောင်သွားသော တပ်မှူးလေး ဉာဏဇလမှန်း သိသောအခါ ရွာသားများနှင့်အတူ စကားမပြောတော့။

"သမီး မင်းလှေမျောလဲ မဆယ်နဲ့ ခြေနှစ်ချောင်းလဲ မကယ်နဲ့ဆိုတာ အဲဒါပဲ၊ တို့ကို ခုတော့ ပုဂံကိုဖမ်းဆီးခေါ်ဆောင်တာ ခံလိုက်ရပြီ မဟုတ်လား"

သူ မကြားတကြားပြောသော မိဦးယာ၏အဘ ဆေးဆရာကြီး၏စကားကြောင့် အခံရခက်လှသည်။

× × ×

မတတ်နိုင်။ ဘုရင်မင်းမြတ်က ချမှတ်ထားသည့် အမိန့်အတိုင်း သူတို့သည် ရှေ့မှ သုဝဏ္ဏဘုမ္မိဘုရင်နှင့် မိဖုရား၊ နန်းတွင်းသားများကို သယ်ဆောင်သွားသော ဆင်တပ်ကြီး၏နောက်မှ လှည်းတပ်ဖြင့် လိုက်ကြရသည်။ လမ်းခရီးတစ်လျှောက်တွင် ထိတ်လန့်စွာ လူများက ထွက်ပြေးသွားကြလေသည်။

လူအရေအတွက်ကို သတ်မှတ်ရေတွက်ထား၍ စခန်းတစ်ထောက်ချတိုင်း လိုက်ဆဲကြည့်ရှုရသည်။ ခေါ်လာသော သုံ့ပန်းများအတွက်ကို သူတို့က လမ်းခရီးတွင် အိုးကြီးများဖြင့် ချက်ကာ ကျွေးမွေးကြရသည်။

ဉာဏသည် အသားဟင်းများကိုယူကာ သစ်ပင်အောက်တွင် ထမင်းစားနေသော ဆေးဆရာကြီးသားအဖ ရှိရာသို့ယူဆောင်လာခဲ့လေသည်။ မိဦးယာက မော့မကြည့်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မိဦးယာ"

"ဟင်"

မော့ကြည့်သောအခါ ပုဂံခေတ်တစ်မျိုးဝတ်စုံနှင့် သူတို့အိမ်တွင် ပေါင်ကျိုး၍ ဆေးကုသခံခဲ့ရသောသူမှာ ယခုတစ်မျိုးဖြစ်လျက် သူတို့အား ပုဂံတွင် နေထိုင်ရန် ယွန်းပညာရှင်များနှင့် အနုပညာသမားအဖွဲ့၏ ခေါင်းဆောင် ဖြစ်နေသည်ကို တွေ့ရ၍ အံ့အားသင့်သွားသည်။

"ရှင် . . ရှင် မျက်နှာလာပြရဲသေးတယ်နော် မောင်ကြီးဉာဏ"

မျက်နှာလွှဲကာ မိဦးယာက ရန်စကားပြောလိုက်လေသည်။ မိဦးယာအဘကတော့ ဆေးဆရာကြီးပီပီ အမြော်အမြင်ရှိ၍ မိဦးယာပြောသည်ကို သိပ်မနှစ်သက်။

"ဘယ်ဟုတ်မလဲ သမီးရယ် . . သူလဲ သူတို့အရှင်သခင်အတွက် တာဝန်အရ လုပ်ရတာပေါ့၊ တို့ဘုရင်မင်းမြတ်က စစ်ရှုံးသွားတာကိုး"

ဆေးဆရာကြီးက ဆင်ခြင်၍ ပြောဆိုလိုက်သည်။

"ဒီလိုမှန်းသိရင် သမီး ဒီမောင်ကြီးကို ဘယ်ဆေးကုဖို့ အိမ်ခေါ်ခဲ့ပါ့မလဲ"

"မောင်ကြီးက ဒီရွာကို မလာရင်လဲ တ ခြားပုဂံစစ်သည်တွေက လာပြီး ဒီရွာကလူတွေကို ခေါ်မှာပဲ နှမလေး၊ ပုဂံပြည်ကြီးကို မရောက်ဖူးသေးလို့ပါ၊ ရောက်ဖူးရင် ပုဂံပြည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘယ်လောက်ညော်ကားတယ်၊ ဘယ်လောက်သာယာတယ် ဆိုတာကို တွေ့ရင် ပျော်သွားမှာပါ"

"ဟိုရောက်ရင် ကျွန်မတို့က ဘယ်မှာနေရမှာလဲ၊ ဘာ လုပ်စားရမှာလဲ"

"ဘုန်းတော်ကြီးတဲ့ ဘုရင်မင်းမြတ်က ဘယ်သူ့ကိုမဆို သနားကြင်နာပါတယ်၊ ပြီးတော့လဲ နေရာတွေ ကျကျနနပေး ပြီးတော့ တတ်ကျွမ်းတဲ့ အတတ်ပညာရှင်တွေအတွက်လဲ ထိုက်ထိုက်တန်တန် ချီးမြှင့်ပြီး အသုံးပြုမှာ သေချာပါတယ်"

"ကဲ ရော့ပါ . . အဘာနဲ့နှမလေး အသားဟင်းကို နူး အောင်ချက်ထားတာ အဘတို့ကို စားစေချင်လို့ ယူပါ"

ယခုခရီးစဉ်တွင် သူ ပြန်ပြုစုရသူ ဖြစ်သောကြောင့် ချော့မော့၍ပေးရာ မိဦးယာက လှမ်း၍ယူလိုက်ရလေသည်။ သူတို့အား ကျွေးသည့် ချဉ်ရည်ဟင်းနှင့် ထမင်းကိုချည်းသာ အဘယ်မှာ စားနိုင်ပါမည်နည်း။ ဆေးဆရာကြီးက

"တ ခြားလူတွေက ရိုက်မောင်းပုတ်မောင်း ခေါ်လာ တာနဲ့စာရင်တော့ လူကလေး ဦးဆောင်တဲ့ တပ်ဖွဲ့နဲ့ လိုက်ရ တာ အဘတို့ ကံကောင်းတာပဲ"

ဟု ကျေးဇူးစကား ဆိုလိုက်သည်။

"ဟုတ်တယ် အဘ၊ ပုဂံပြည်ကြီးအရှင်ဟာ တကယ့် ဘုန်းရှင်ကံရှင်မင်းတစ်ပါးပါပဲ၊ မင်းမြတ် အလိုရှိတာတွေဟာ အမြဲပြည့်စုံရပါတယ်၊ အခု သထုံပြည်နဲ့ သုဝဏ္ဏဘုမ္မိတွေကို လဲ အလိုတော်ပြည့်ပြီလေ၊ အရှင်နုရုဒ္ဓာမင်းမြတ်ဟာ တရား



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖြစ် အုပ်စိုးမှာပါ”

“ဒီလို မင်းကောင်းမင်းမြတ်မျိုးလက်ကို ရောက်ရရင်တော့ ကုသိုလ်ကံပဲပေါ့၊ အဘတို့က ဗုဒ္ဓဘာသာဆိုတော့ ကံကံရဲ့အကျိုးကို ယုံကြည်ပါတယ်၊ ဖြစ်သမျှဟာ ကိုယ့်ကံပေါ့”

ဆင်ခြင်ကာ ပြောကြားလိုက်သော ဆေးဆရာကြီးအသံက ဝမ်းနည်းလှိုက်လှဲနေသည်။



www.burmeseclassic.com
မင်းလက်ဆောင်စာပေ

www.burmeseclassic.com

သထုံမှ ပုဂံသို့သွားသော ခရီးစဉ်တွင် ညအခါ၌ တူရိယာပညာရှင်များ ပါလာရာ မီးပုံပွဲပြုလုပ်လျက် တီးကြမှုတ်ကြလေသည်။ တပ်သားများက အနုပညာရှင်များ ထွက်မပြေးကြစေရန် မီးပုံပွဲကျင်းပနေသည့်အပြင်မှ ဓားများ လှံများနှင့် စောင့်ရှောက်နေကြလေသည်။

သီချင်းသံများက လွင့်ပျံ့လာသည်။ သူတို့၏သီချင်းသံများမှာ သုဝဏ္ဏဘုမ္မိရွှေပြည်ကို လွမ်းသော အလွမ်းသီချင်းများပင် ဖြစ်သည်။

"ရွှေတိုင်းရွှေပြည် . . နေခြည်ဆမ်းပါလို့ ရွှေကြည်ရေလွှမ်းပါတဲ့ သုဝဏ္ဏပြည် . . . လွမ်းတာနဲ့ သေရတော့မည် . . ဗုဒ္ဓဘာသာ စာသင်ကျောင်းတွေနဲ့ မင်းကောင်းတည်း ရှူပဟာ စိုးမိုးပါသည် . . ပြန်လည်ကာ သစ်လွင်ဆန်းလို့ . . တို့ပြည်မှာ ရွှင်လန်းချင်တော့သည်"

www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏဘုမ္မိပြည်မှ ပါလာသော အတတ်ပညာရှင် အနုပညာရှင်များသာမက ထိုသီချင်းသံကို ကြားရသူများမှာ အလွန်လွမ်းစရာကောင်းလှ၍ စိတ်မကောင်း ဖြစ်မိရတော့သည်။ အနုပညာသည်များကား သူတို့၏စိတ်ခံစားမှုကို မျက်ရည်များနှင့် ဖျော်ဖြေလျက် ရှိကြလေသည်။

တပ်မှူးလေးဉာဏာသည် မိဦးယာတို့သားအဖ ရှိသည့် သစ်ပင်အောက်ရှိ တဲလေးထဲသို့ လှမ်းကြည့်မိသည်။

တဲလေးထဲတွင် မိဦးယာသည် မအိပ်သေးဘဲ သူတို့၏ ရွှေပြည်ကို လွမ်းကာ မျက်ရည်များစီးကျနေသည်ကို တွေ့ရသည်။

သူမသည် အိပ်ပျော်နေသော ဖခင်ကြီးအား စောင်ခြုံပေးခဲ့ပြီးနောက် တဲအပြင်သို့ ထွက်လာရာ တဲပေါက်ဝရှိ တပ်မှူးလေး ဉာဏဇလနှင့် မျက်နှာချင်းဆိုင်မိသွားလေတော့သည်။

"ဘယ်လိုလဲ မိဦးယာ အိပ်မပျော်သေးဘူးလား"

"အနုပညာရှင်တွေ တီးမှုတ်နေတဲ့ အသံကြားတော့ ရင်ထဲက လှိုက်လှဲလာပြီး တောင်ခြေက ကျွန်မတို့ရွာကလေးကို သတိရပြီး ငိုမိတာပါ"

"သူတို့က အဆိုရော အတီးရော သိပ်ကောင်းတယ်နော်"

"ဟုတ်တယ် သူတို့က ပင်ကို က အနုပညာလည်း ဝါသနာပါပြီးတော့ နန်းတော်ထဲမှာ အမှုထမ်းဖို့ကြိုးစားနေကြ

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေပါ၊ ဒါကြောင့် အဆိုအကတွေလဲ ကောင်းနေတာ ပေါ့"

"သုဝဏ္ဏဘုမ္မိပြည်မှာ ဒီလိုအနုပညာရှင်တွေ ရှိနေတာ အံ့သြစရာပဲ"

"ဟုတ်တယ် တ ချို့ကတော့ ပင်လယ်ဘက်ကနေ လှေကြီးတွေနဲ့ ရောက်လာပြီး တ ချို့က ဇင်းမယ်က ပြောင်းလာကြတာ၊ ဘုရင်မင်းမြတ် 'မနူဟာ'ကလဲ စိတ်နှလုံးနူးညံ့ပြီးတော့ ပြည်သူတွေ သေကြေပျက်စီးမှု နည်းအောင် မောင်ကြီးတို့ ဘုရင်ဆီမှာ လက်နက်ချလိုက်တာသာ ကြည့်ပေတော့"

ဟုတ်ပေသည်။ မနူဟာမင်းသည် သူ့နိုင်ငံနှင့် လူမျိုးများ အထိမနာစေရန် လက်နက်ချလျက် ပိဋကတ်တော်များနှင့် အတူ သူကိုယ်တိုင် သုံ့ပန်းအဖြစ် လိုက်ပါလာခြင်းပင် ဖြစ်တော့သည်။

"ပြောပါ မိဦးယာ" "မောင်ကြီး"

"ပုဂံကိုရောက်ရင် မိဦးယာကို ပစ်မထားနဲ့နော်"

လရောင်အောက်တွင် သစ်ပင်ကိုမှီကာ မိဦးယာက ပြောလိုက်သည်။

"ပစ်မထားပါဘူး မိဦးယာရယ် . . အခြေတကျဖြစ်သွားတဲ့အခါမှာ မိဦးယာကို မောင်ကြီး လက်ထပ်ယူမှာပါ"

စကားဝါပန်းရနံ့များသည် တောထဲမှ သင်းပျံ့လာသည်။ သူတို့နှစ်ဦးသည် လေထဲမှာပါလာသော ပန်းရနံ့ကိုရှူရှိုက်ရင်း တစ်ဦးမျက်နှာကို တစ်ဦး ကြည့်နေမိကြသေးသည်။

www.burmeseclassic.com



လေပြည်များက သစ်ရွက်များကို တဖျပ်ဖျပ်လှုပ်ရှား အောင် တိုးခတ်သွား၏။

× × ×

မကြာမီ သူတို့သည် ရှေ့မှခရီးဦးကြိုပြုလုပ်သော ပုဂံ တပ်နှင့် ရင်ဆိုင်တိုးရတော့သည်။ တပ်မှူးများကို ပုဂံမှ မင်းသား 'စောရန်ချေ'က ခေါ်လိုက်သည်။ တပ်မှူးများအားလုံးကို စစ်ဆေးပြီးနောက် လမ်းခရီးတစ်လျှောက် တွေ့ကြုံခဲ့ရသည့် အခက်အခဲနှင့် လူအသေအပျောက်ကို မေးသည်။

တပ်မှူးကြီးက

"အပြန်ခရီးမှာ လူအသေအပျောက် အခက်အခဲ မရှိပါ၊ နာမကျန်းသူများကိုပဲ သက်သာအောင် ခေါ်ယူခဲ့ပါတယ်"

ဟု မင်းသားကို လျှောက်တင်လိုက်သည်။ မင်းသားက သူ၏မြင်းနှင့် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်များကို လိုက်လံစစ်ဆေးကြည့်ရှုပြီးနောက် ပုဂံမြို့သို့ ခရီးဆက်ရန် အမိန့်ပေးလိုက်လေသည်။

ပုဂံအနော်ရထာဘုရင်၏ တပ်များကား စည်းကမ်းစနစ်ကျနလှသည်။ အထောက်တပ်၊ အကြိုတပ်နှင့် အမြဲစောင့်ကြည့်နေသော တပ်များသည် မြို့ကိုလုံခြုံမှုရှိစေလေတော့သည်။ လများစွာ ခရီးနှင်လာပြီးသည့်နောက် ပုဂံမြို့သို့ ရောက်ရှိလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တပ်မှူးလေး ဉာဏ"

"အမိန့်ရှိပါ တပ်မှူးကြီး"

"တပ်မှူးလေး ခေါ်ဆောင်လာတဲ့ ယွန်းပညာရှင်တွေနဲ့ အနုပညာရှင်တွေကို 'မြင်းကပါ'ရွာကို နေရာချထားပေးဖို့ အမိန့်ရှိတယ်"

"အမိန့်အတိုင်းပါ တပ်မှူးကြီး"

တပ်မှူးကြီးထံမှ အမိန့်ရရှိပြီးနောက် တပ်မှူးလေး ဉာဏဗလသည် မြင်းကပါရွာရှိရာသို့ ယွန်းပညာရှင်များနှင့် အနုပညာရှင်များကို ခေါ်ဆောင်လာလေသည်။ ထို့နောက် အစုအဖွဲ့များဖွဲ့ကာ ဘုရင်၏အမှုတော်ကို ထမ်းရွက်ရန် စီစဉ်ရလေသည်။

ဤအတောအတွင်းတွင် အလုပ်တာဝန်များပြားလွန်းသောကြောင့် 'မိဦးယာ'ကိုပင် တပ်မှူးလေးဉာဏဗလသည် သွားရောက်၍ မကြည့်ရှုနိုင်ခဲ့ချေ။

အိမ် ရှာကွက်များနှင့် ရပ်ရွာအကြီးအမှူးများ ရွေးချယ်အုပ်ချုပ်ရန် ခန့်ထားသောအခါတွင်မှ မိဦးယာနှင့် ဆေးဆရာကြီးကို သတိရကာ မြင်းကပါရွာ ရွှေမင်းဝံတောင်နားတွင် နေရာချထားပေးလိုက်သည်။

နှစ်ထပ်ခြေတံရှည်အိမ်နှင့် ရွာသူကြီးအဖြစ် ဆေးဆရာကြီး 'ဦးဗညားရောက်'ကို ခန့်ထားလိုက်သည်။

ဆေးဆရာကြီးသည် ကျယ်ဝန်းသော မြေကွက်တွင် သမီး မိဦးယာနှင့်အတူ ကျကျနန နေထိုင်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်များဆောက်လုပ်ပြီးသောအခါမှ မြင်းကပါသို့ တစ်မှူးလေးက ရောက်လာသည်။

"အဘ"

"ဟင် .. တစ်မှူးလေး"

"မိဦးယာရော"

"ရှိပါတယ် ဘုရားရှိခိုးနေတယ်"

မိဦးယာက တစ်မှူးလေးညဏဇလအသံကြား၍ ဘုရားကို ကန်တော့ကာ အပေါ်ထပ်မှ ဆင်းလာသည်။

ပုဂံတွင် အစားအသောက်လည်း ပေါသည်။ ရိက္ခာလည်း များပြားသည်။ 'ဗညားရောက်'လို ဆေးဆရာကြီးအဖို့ ဘာမျှ အားငယ်စရာ မရှိပေ။ တောင်ယာစိုက်ပျိုးစရာပင် မလိုဘဲ ဘုရားတည်သူများ၊ ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးကုသပေးခြင်းဖြင့်ပင် ထမင်းဝလင်စွာ စားရ၍ ပိုလျှံနေလေသည်။

"မိဦးယာ"

"မောင်ကြီး"

"မောင်ကြီး အလုပ်တွေများတယ်ကွယ်၊ ပုံတောင်ပုံညာဘက်မှာ တာဝန်ထမ်းဆောင်ရဦးမယ်"

"အို"

မိဦးယာ မျက်နှာပျက်သွားသည်။ သူမသည် ပုဂံသို့ ရောက်လာ၍ အချောအလှ ပေါသောကြောင့် သူ့ကို တပင်ရှောင်တိမ်းနေသည်ဟု ထင်သွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မိဦးယာ . . ဘုရင်မင်းမြတ်အမိန့်ဆိုတော့ မသွားလို့ မရဘူး"

× × ×

ကပိလဝတ္ထုဇာတ်ပုံကျမ်းတွင် 'အနော်ရထာကံ အရဟံ၊ ခုန်ပျံကျလာဝဲ' ဟု ဆိုခဲ့သည့်အတိုင်း ထိုခေတ်အခါက စုဏ္ဏတေးမင်း အထက်မင်းများကို ကိုးကွယ်ခဲ့သော နဂါးရှစ်၊ နတ်ရှစ်များနှင့် အရည်းကြီးရဟန်းတို့ကို ဘုရင်မင်းမြတ် အနော်ရထာသည် ရှင်းလင်းသုတ်သင်နေလေသည်။

ထိုအလုပ်ကို နေပြည်တော်တွင်ရှိသော တပ်မှူးများနှင့် ရဟန်းတော်များက ဖယ်ရှားလျက်ရှိရာ ရုတ်ရုတ်သဲသဲ ဖြစ်နေလေသည်။

အရည်းကြီးများမှာ ပုဂံပြည်ထဲမှ ထွက်ပြေးကြရာ ရွှေမင်းဝံပွကြီးထဲ၌ နေထိုင်သော အရည်းကြီးတစ်ဦးလည်း ပါလေသည်။

သူတို့သည် ပုဂံတစ်ဖက်ကမ်း ပခုက္ကူဘက်သို့လည်းကောင်း၊ ပုံတော်ပုံညာဘက်သို့လည်းကောင်း မိုခိုဆည်းကပ်မည့်သူများကို ရှာကာ ပြေးလွှားနေကြသည်။

ပုံတောင်ပုံညာသို့ မသွားမီ တပ်မှူးလေး ဉာဏဗလသည် ထိုအရည်းကြီးများကို ပုဂံပြည်မှ မောင်းထုတ်သည့်အထဲတွင်လည်း ပါရလေသည်။

"ပြေးကြဟေ့ . . ပြေးကြ"

www.burmeseclassic.com

www.burmeseclassic.com



"အနော်ရထာက 'အရဟံ'ကိုယ်တော်ကလွဲရင် ဘယ်သူမှ အထင်မကြီးဘူး"

အကျင့်သီလ မရှိဘဲ လူတို့၏အပူဇော်ခံကာ ထေရဝါဒအကျင့်မဟုတ်သော အရည်းကြီးများသည် ရောဝတီမြစ်ကို ကူး၍လည်းကောင်း၊ တူရွှင်းတောင်ကိုကျော်၍ လည်းကောင်း ပြေးလွှားနေကြရသည်။

ရှင်အရဟံသည် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဟူသော သရဏဂုံသုံးပါးနှင့်တကွ ထေရဝါဒသာသနာကို အနော်ရထာမင်း၏အမိန့်ဖြင့် ပုဂံတွင် ထူထောင်လေတော့သည်။

ဣန္ဒြေရှိသော 'ရှင်အရဟံ'ကိုယ်တော်မြတ်ကိုလည်း အနော်ရထာမင်းသည် ကျောင်းဆောက်ကာ လှူဒါန်းလျက် သီဟိုမှ အကျင့်သီလရှိသော သံဃာတော်များကို ပင့်ကာ ထေရဝါဒသာသနာကို ထွန်းကားစေလေတော့သည်။

ထိုခေတ်တွင် နန်းတွင်း၌ ကလေးများ ကစားသည့် အရုပ်များသည်လည်း ရွှေရုပ် ငွေရုပ်များဖြစ်သည်ဟု ဆိုကြသည့်အတိုင်း ရွှေငွေရတနာ အလွန်ပေါများရာ ဘုရားတည်သူများ များပြားလာလေသည်။

အနော်ရထာမင်းသည် ပုဂံရွှေစည်းခုံဘုရားကြီးနှင့် လောကနန္ဒာစေတီ စသည့် ဘုရားများကို တည်ထားကိုးကွယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းများ၊ လူများသည် သွားလာစည်ကားလျက် ပုဂံမြစ်ဆိပ်မှ ရောင်းဝယ်ရန်လာကြသော ကုန်သည်များသည်လည်း ပုဂံမြို့ထဲတွင် စည်ကားသိုက်မြိုက်နေလေသည်။

မိဦးယာမှာ တောင်ကြားတွင်နေရသောဘဝမှ သူတို့ကိုးကွယ်သော ထေရဝါဒသာသနာထွန်းကားသည့် ပုဂံပြည်တွင် ပို၍ပျော်ရွှင်လာလေသည်။

သို့သော် မိဦးယာသည် အဝတ်အစား၊ အသုံးအဆောင်များ မည်မျှပေါများစေကာမူ သူမ၏အလိုဆန္ဒမှာ မောင်ကြီးတစ်မျိုးလေး ဉာဏဗလ သူမထံသို့ ပေါ်မလာခြင်းပင် ဖြစ်လေသည်။

ဤအတောအတွင်းမှာပင် မြင်းကပါရွာအား ယွန်းလုပ်ငန်းရွာအဖြစ် ထူထောင်ရန် မင်းသားလေး 'စေစ်ရန်'ကို တာဝန်ပေးလိုက်သည်။

မင်းသားသည် ရွှေမင်းဝံဆရာတော်ကြီးအား ကန်တော့လျက် ရွာကိုလှည့်ပတ် ကြည့်ရှုလေသည်။ ထိုအခါ အိမ်စဉ်များကိုစစ်ဆေးကာ အခြေအရံများနှင့် ကြွလာသောကြောင့် အိမ်ထဲမှ လူများက မင်းသား'စေစ်ရန်'ကို ထွက်ကာကြိုဆိုနှုတ်ဆက်ရလေသည်။

မင်းသား စေစ်ရန်သည် ဆေးဆရာကြီး ဗညားရောက်အုပ်ချုပ်သည့်ရွာသို့ ရောက်လာ၏။

"ရွာလူကြီး ဘယ်သူလဲ"

"ကျွန်တော်မျိုးပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီး ဗညားရောက် ဒူးထောက်ကာ ပြော လိုက်သည်။

ဆေးဆရာကြီးကိုကျော်ကာ နောက်တွင်ရပ်နေသော မိဦးယာကို တွေ့မြင်သွားသည်။ မိဦးယာသည် သုံးဆယ်ကျော် အရွယ် လှပသပ် ရပ်သော ပိုးအင်္ကျီ၊ လည်ဆွဲ၊ နားတောင်း၊ လက်ကောက်များနှင့် ချစ်စရာ သနားစရာ ဖြစ်နေလေသည်။

"ဒီရွာမှာ အစုဘယ်နှစ်ခု ရှိသလဲ"

"နှစ်ခုရှိပါတယ် မင်းသား"

"ဘာတွေလဲ"

"ယွန်းပညာရှင်အစုနဲ့ အနုပညာရှင်အစုပါ"

"ကောင်းပြီ အနုပညာရှင်အစုကို ပြောင်းရွှေ့ရမယ်၊ ဒီရွာမှာ ယွန်းပညာရှင်အစုကိုပဲ ထားရမယ် ကြားလား"

"အမိန့်တော်အတိုင်းပါ"

တစ်ဖန် မိဦးယာကို စိုက်ကြည့်၍ မင်းသားသည် ထွက်ခွာသွားလေတော့သည်။ သူ၏မျက်လုံးထဲတွင် မိဦးယာ ၏မျက်နှာကို မြင်နေလေသည်။ သူက တည်းခိုစံမြန်းရာသို့ ရောက်သည်နှင့် ဆေးဆရာ ရွာသူကြီး၏သမီးကို အပျိုအအို စုံစမ်းခိုင်းလိုက်လေတော့သည်။

× × ×

အနော်ရထာမင်း၏ အမိန့်တော်အရ တိုင်းပြုမြည်ပြု ထူထောင်သော မင်းညီမင်းသားနှင့် မှူးမတ်တို့သည် မယာစ် သောက်စားခွင့် မပြုပေ။



www.burmeseclassic.com

www.burmeseclassic.com



မှုးယစ်သောက်စားမှုကြောင့် ရဟန်း၊ ပုဏ္ဏား၊ ရပ်သူရွာသားတို့က တိုင်ကြားလျှင် ထိုအမတ်၊ စစ်သူကြီး၊ တပ်မှူးကြီး၊ တပ်မှူးလေးတို့မှာ ရာထူးမှ နုတ်ထွက်ကြရသောကြောင့် ဥပဒေကို လေးစားလိုက်နာ ရှိသေရလေသည်။

မင်းသား စေစ်ရန်သည် အထောက်တော် ဇေရန် ပြန်လာသည်ကိုမျှော်ရင်း သူသည် ဧရာဝတီမြစ်ကြီးကို ငေးကြည့်နေလေသည်။ ဇေရန်သည် သူထောက်လှမ်းကြည့်ရှုရာမှ ပြန်လာသောအခါ မျက်နှာမှာ ရွှင်ပျလျက်ရှိနေလေသည်။

"အားလုံး အဆင်ပြေပါတယ် မင်းသား"

"ဘယ်လိုပြေတာလဲ"

"ဆေးဆရာကြီး ဗညားရောက်ဟာ သုဝဏ္ဏဘုမ္မိပြည်က ရောက်လာတဲ့ ဆေးဆရာကြီးပါ"

"ဒါတော့ ငါသိတာပေါ့ ဇေရန်၊ ဒီမြင်းကပ်ပါတစ်ရွာလုံး သုဝဏ္ဏဘုမ္မိက ရွှေ့လာတဲ့သူတွေပဲ"

"မှန်လှပါ မင်းသား အခု မိဦးယာဆိုတဲ့ မိန်းမပျိုဟာ အိမ်ထောင်မရှိ အပျိုဖြစ်ကြောင်း သိရှိရပါတယ် ဘုရား"

ထိုစကားကြားသောအခါ မင်းသား စေစ်ရန်၏မျက်နှာမှာ ဝင်းဝါသွားသည်။ သူမျှော်လင့်သကဲ့သို့ အိမ်ထောင်မရှိသည်ကို တွေ့ရသောကြောင့် သူ့တပ်သားများအား အမိန့်ချလိုက်လေသည်။ သူ၏အမိန့်မှာ တောက်ကောက်ရန် သဲဖြူခြင်း၌ ရာဇမတ်ကာရန်ပင် ဖြစ်လေသည်။

တပ်သားများသည် မောက်တိုမောက်ရှည်များဖြင့်

www.burmeseclassic.com



ရောက်ရှိလာကာ ဆေးဆရာကြီးအိမ်ဝင်းတွင် သဲဖြူများခင်း၍ ရာဇမတ်များကာရံကြသည်။ ပြီးနောက် ခြံထောင့်လေး ထောင့်တွင် ငှက်ပျောပင်များ စိုက်လိုက်ကြပါသည်။

ငှက်ပျောပင်စိုက်ကာ ရာဇမတ်ကာလိုက်သည့် ထိုအိမ်တွင်ရှိသော မိန်းမပျိုကို ဘုရင့်သားတော်တစ်ဦးဦးက တော်ကောက်ယူကြောင်း ရပ်ရွာက သိရှိသွားလေသည်။ ထိုအဖြစ်အပျက်ကို မြင်ရသောအခါတွင် မိဦးယာသည် ဝမ်းနည်းငိုကြွေးကာ

"လုစ်ပါဦး ဘဘရယ်၊ သမီးကို တော်ကောက်တော့မယ် ထင်ပါရဲ့"

ဟု ပြောလိုက်၏။

"ဟုတ်တယ် သမီး၊ မင်းသား ငစစ်ရန်ရဲ့သဘောပဲ၊ သူ့သဘောကို ဘဘတို့ ပြင်လို့လဲ ရမှာ မဟုတ်ဘူး"

"ဒုက္ခပါပဲ . . မောင်ကြီး ဉာဏဗလကလဲ ခုထိပေါ်မလာဘူး၊ ဒီတော့ ဒီမင်းသားလက်က ဘယ်လိုထွက်ပြေးရပါ့မလဲ"

"တစ်မျိုးလေးကို စောင့်ပါဦး သမီးရယ်"

ရပ်ရှင်များ ကားကောင်းနေသည့်အချိန်တွင် မီးပျက်သွားသကဲ့သို့ပင် သူ့အခန်းတံခါးကို တောင်ဝှေးဖြင့် တဒေါက်ဒေါက်ခေါက်သံကြောင့် လန့်နိုးလာသည်။

သည်တော့မှ သူမက်နေကျ ပုဂံအိပ်မက်ရှည်ကြီးကို မက်နေကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုဂံရောက်လို့များ အိပ်မက်တွေပေးနေသလား မိဦး ယာရယ်"

တံခါးကိုဖွင့်လိုက်ရာ ဆရာတော် ဦးပညာဇောတနှင့် တွေ့ရလေသည်။

"ညက ဒကာကြီး တော်တော်များလာတယ် ထင်တယ်၊ တော်ကြာရင် ကျုပ်ရဲ့ဒကာတွေက ဆွမ်းလာကပ်လိမ့်မယ် ထ . . ထ မျက်နှာသစ်ထား၊ အချိန်က ကိုးနာရီကျော်နေပြီ"

ဆရာတော် ဦးပညာဇောတက စကားဆုံးသည်နှင့် ထွက်သွားတော့၏။ သူက ထကာ နောက်ဘက်ရှိ ရေတွင်းသို့ သွားကာ မျက်နှာသစ်လိုက်သည်။

ထိုအခါ ဆွမ်းအိုးများ၊ ဆွမ်းတောင်းများ သယ်ယူကာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသူများ ကျောင်းပေါ်တက်လာသည်ကို တွေ့ရလေသည်။

တော်သေးသည်။ သူ့အား ဆရာတော်က ပေးထား သောအခန်းမှာ ကျောင်းနောက်ဘက်ကျကျ အခန်းဖြစ်သော ကြောင့် ဧည့်သည်များသည် ငါးပင်လေးခန်းမျှရှိသော ကျောင်း ကြီးပေါ်တွင် စားပွဲများခင်းခြင်း၊ ဆွမ်းထမင်း ဆွမ်းဟင်းများ ပြင်ဆင်ခြင်းတို့ဖြင့် အလုပ်ရှုပ်နေကြရာ သူ့ကိုလည်း သတိ မထားမိကြပေ။

သူသည်လည်း ရန်ကုန်မှယူလာသော မီးပူတိုက်ထား သည့် ရှပ်လက်ရှည်နှင့် ပိုးတွဲလုံချည်တို့ကို ဝတ်ဆင်ကာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

မိန်းကလေးမဟုတ်၍ သနပ်ခါး လိမ်းစရာ မလိုချေ။ သူသည် ဆွမ်းဒကာ ဆွမ်းဒကာမများက ပြင်ဆင်ပြီးနောက် ဆရာတော်က သီလပေးနေသည်ကို ကြည့်ရင်း စာအုပ်တစ်အုပ်ကိုဆွဲယူကာ ဖတ်နေမိလေသည်။

ထို့နောက် ရဟန်းတော်များနှင့် ကိုရင်များကို ဆွမ်းကပ်သံ၊ ဓွန်းသံ၊ ဟင်းလိုက်သံများကို ကြားရလေတော့သည်။ ဆရာတော် ဆွမ်းစားပြီးသောအခါ ကိုရင်တစ်ပါးက သူ့အခန်းဝကို ရောက်လာသည်။

"ဒကာကြီး"

"ဘုရား"

"ဆရာတော်က ဒကာကြီးကို ခေါ်ခိုင်းလို့"

"တင်ပါ့ဘုရား . . အခု လာခဲ့ပါ့မယ်"

ပထမတော့ သူ၏ရဟန်းဒကာများနှင့် မိတ်ဆက်ပေးခြင်း၊ ထမင်းကောင်းဟင်းကောင်းကိုစားစေချင်ခြင်းဟု ထင်လေသည်။ ဗလပ်ဝါမဂ္ဂဇင်းများက ဆရာတော် ဦးပညာဇောတရှိရာသို့ လစဉ်ပို့နေကျ ရဟန်းဒကာများအိမ်သို့ ငှားဖတ်ထားလိမ့်မည်ဟု မထင်မိပေ။

သူရှိုးတိုးရှန့်တန့်ဖြင့် ထွက်လာသောအခါ ရှေ့တွင် ထိုင်နေသော မိသားစုသုံးဦးအား ဆရာတော် ဦးပညာဇောတက



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရန်ကုန်ကလာတဲ့ စာရေးဆရာ အယ်ဒီတာ 'နဒီနွယ်' ဆိုတာပါပဲ၊ ဒကာမလေး 'မြတ်သဇင်' ဆရာနဒီနွယ်ကို တွေ့ချင်တယ်ဆို"

"အို"

မြတ်သဇင်ဆိုသော သုံးဆယ်ကျော် အမျိုးသမီးလေးက လှမ်းအကြည့် နဒီနွယ်ကလည်း အကြည့်ဆုံသွားလေသည်။ နဒီနွယ်၏စိတ်ထဲတွင် ကမ္ဘာကြီးပတ်ချာလည်သွားသကဲ့သို့ ရှိ၏။

အိပ်မက် . . .

ညက အိပ်မက် . . .

အိပ်မက်ထဲမှ 'မြင်းကပါရွာသူ မိဦးယာ'သည် 'မြတ်သဇင်'နှင့် အသွင်တူနေပါပြီကော။ မြတ်သဇင်ကလည်း သူ့ကို တွေ့၍ စိတ်ထဲတွင် တစ်မျိုးကစ်ဖုံ ဖြစ်သွားပုံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

*ဆီးနှင်းမြူတိမ်*

*သျှကိန်မီးရိုး*

*မြစ်ကျိုးငါးအင်*

*ကင်းလွတ်ခင်*

*လကွင်း တန်ဆောင်မုန်း*

ဆိုသကဲ့သို့ 'မြတ်သဇင်'၏မျက်နှာကို မြင်တွေ့လိုက်ရသော နဒီနွယ်မှာ အသက်ရှူ၍မဝသလို ဖြစ်သွားရပါလေတော့သည်။

"ဒါ . . ဒါ ငါဘယ်နည်းနဲ့မှ စိတ်ထင်ဟာ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့မျက်နှာက သိပ်ကိုကျက်သရေ ရှိတယ်၊ ပြီးတော့ လှပတယ်၊ ဘာမဆို သူဟာ ရင်ဆိုင်ရဲတဲ့ မျက်နှာမျိုးပဲ"

သူတို့နှစ်ယောက်၏ မျက်နှာကိုကြည့်ကာ ဘုန်းတော်ကြီး ဦးပညာဇောတသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားသည်ကို နဒီနွယ် သတိထားမိ၏။

ဘုန်းတော်ကြီး ရှင်ပညာဇောတသည် အဘယ်ကြောင့် မျက်နှာထားတစ်မျိုး ဖြစ်သွားသနည်း။

စာရေးဆရာဖြစ်သော နဒီနွယ်သည် စဉ်းစားကြည့်၏။ သူ့ကိုခင်၍ ကျောင်းသို့ဖိတ်ကြားခဲ့သော ရွှေမင်းဝံဆရာတော်မှာ စိတ်သဘောထားဖြူစင်၍ မည်သည့်အရာမဆို ခွင့်လွှတ်တတ်သူ ဖြစ်၏။

ပြီးတော့ ပျော်ပျော်ပါးပါးလည်း နေတတ်၍ နောက်တတ်ပြောင်တတ်သည်။ ယခု ရဟန်းဒကာကြီး ဦးမိုးမြတ်နှင့် ရဟန်းအစ်မ ဒေါ်သဇင်တို့မိသားစု ရှိသောကြောင့် မျက်နှာပျက်ခြင်းပင်လား တွေးတော၍မရနိုင်။

"အစ်ကိုကြီး ထမင်းတစ်ခါတည်း စားမယ် မဟုတ်လား"

မိန်းမပျိုက ထမင်းအုပ်ကိုကိုင်၍ သူ့ကိုမေးသည်။ သူသည် အန်းတန်းတန်း ဖြစ်သွားကာ

"သိပ်တော့ မဆာသေးဘူး၊ ခဏလောက်နေမှ စားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောမိသည်။

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

မိန်းမပျိုက သူတို့မိသားစုများနှင့် အိမ်နီးချင်းဖြစ်ဟန် တူသူများကို ထည့်ကျွေးနေသည်။ စားပွဲဝိုင်းသုံးဝိုင်းပြင်ထား ရာ စားပွဲဝိုင်းတစ်ခုကို အုပ်ဆောင်းနှင့်အုပ်ထားသည်ကို တွေ့ ရသည်။

ဆရာတော်က ပြုံး၍

"ဘယ်လိုလဲ စာရေးဆရာရဲ့ . . အညာစာတွေ မကြိုက် လို့လား"ဟု မေးသည်။

မြတ်သဇင်က မသိမသာ နားစွင့်နေသည်ကို သူက သတိထားမိလေသည်။

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော် ပုဂံမှာ ထမင်းစား လို့ မြိန်ပါတယ်၊ သရက်သီးစိမ်းလေးတွေကို နယ်ထားတာက အစ ကြွှမ် ရွနေတာပဲ၊ ဟင်းချက်လဲ ကောင်းကြပါတယ်"

"ကောင်းမှာပေါ့ . . ဒကာကြီးရဲ့၊ ခု ပုဂံကို ဧည့်သည် များစုံလာတော့ ပုဂံသူ ပုဂံသား ထမင်းဆိုင်တွေဟာ ဟင်းချက် မကောင်းလို့ မရတော့ဘူး၊ ခု ထမင်းဆိုင်တွေလဲ များလာတယ်"

တပည့်တော် သဘောကျတာက အဝစား ၆၀ဝ ကျပ် ဆိုင်လေးတွေ ဘုရား၊ ဟင်းက လိုသလောက်ထည့်ပေးတယ် စုံလဲ စုံတယ်"

"အင်း . . စားကောင်းပြန်တော့လဲ အညာက မြေနိုင် မှာ စိုးရိမ်ရသဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးပညာဇောတ၏စကားကြောင့် မြတ်သဇင် ပြုံးလိုက်သည်ကို သူ သတိထားမိသည်။ ဘေးစောင်းအနေအထားဖြင့် နှာတံပေါ်ပေါ် မျက်လုံးမှာ မျက်တောင်ကော့တွေနှင့်၊ နှုတ်ခမ်းဖူးဖူးပိုင်ရှင်၏အပြုံးကို သူ ထင်ထင်ရှားရှားတွေ့မိသည်။

*ဘယ်နှယ်ပင်ကို မခိုင်နိုင်ဘူး*

*ကျူးသည့်အလှ၊ သည်မိန်းမကို*

*မဂုဏ်ချေသော်၊ ကျွန်တော်သေမည်*

*သက်မရှည်တော့။*

မြတ်သဇင်မှာ မငယ်တော့ပါ။ အသက်သုံးဆယ်ကျော်ပြီ ဖြစ်သည်။ သို့သော် ပန်းနုရောင်ပိုးဝတ်စုံအောက်မှ ဖွံ့ထွားစွင့်ကားလှသော ကိုယ်ခန္ဓာ၏အလှမှာ နဒီနွယ်ကို ဆွဲဆောင်မှု ရှိနေလေသည်။ ✕ ✕ ✕

နဒီနွယ်သည် အမြဲလို အဝတ်အစားသစ်ဖြင့် နေတတ်သူ မဟုတ်။ ယခုလည်း လုံချည်အသစ်၊ အင်္ကျီအသစ်နှင့်မို့ ကျောင်းပြတင်းပေါက်မှရစ်ကာ သရက်ပင်များ၊ စကားဝါပင်များ၊ ထနောင်းပင်နှင့် တမာပင်များကို ကြည့်နေသည်။ သူ၏ နှာခေါင်းထဲတွင် မွှေးပျံ့သော ရနံ့တစ်ခုကို ရှူရှိုက်မိလိုက်သည်။

တမာနံ့တော့ မဟုတ်။ ပုဂံသို့ရောက်ပြီးကတည်းက တမာနံ့နှင့်က ရင်းနှီးနေသည်။

ထူးခြားမွှေးပျံ့သော အနံ့ကြောင့် နောက်ဘက်ကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ရာ မြတ်သဇင် ဖြစ်နေသည်ကို တွေ့ရသည်။

ဆရာတော်က ဆွမ်းစားဆောင်မှ တိုက်ကျောင်းကြီးပေါ်သို့ ဧည့်သည်များနှင့်အတူ ကြွသွားပြီဖြစ်သည်။

ရွှေမင်းဝံကျောင်းဝင်းထဲတွင် နောက်ထပ်ကျောင်းသစ်တစ်ဆောင်ဆောက်လုပ်ရန် အစီအစဉ် ရှိနေသောကြောင့် တိုက်ကျောင်းကြီးရှေ့ရှိ စကားဝါပင်အောက်တွင် စကားပြောဆိုကာ ဆောက်မည့်နေရာကို ပြသနေလေသည်။

"အစ်ကို"

"ဟင်"

"ဧည့်သည်တွေအားလုံး စားပြီးသွားပြီ အစ်ကိုတစ်ယောက်တည်းပဲ ကျန်တော့တယ်၊ ဒါကြောင့် ကျွန်မ စောင့်နေတာ"

သူ့ကြောင့် မြတ်သဇင် စောင့်နေရကြောင်း သိရ၍ အားနာသွားသည်။

"ဟင် . . ကိုယ့်ကြောင့် စောင့်နေရတာလား၊ ဒါဆိုလဲ မင်းအလုပ်အားသွားအောင် စားထားလိုက်မယ်လေ"

"မဟုတ်ပါဘူး အစ်ကို၊ မဆာသေးရင်လဲ ကျွန်မ ကျောင်းသားလေးတွေ ခေါ်ပြီးတော့ လှယ်ခိုင်းလိုက်မလို့ပါ"

"မဟုတ်ပါဘူး စားလိုက်ပါမယ်"

မြတ်သဇင်၏အသံလေးက ချိုသာသည်။

အေးမြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ သကာရည်အိုးဖြင့် လောင်းချခြင်းခံရသကဲ့သို့ ထင်မှတ်ရသည်။ ထမင်းအုပ်ထဲမှ ထမင်းများကို ထမင်းစားပန်းကန်ထဲသို့ ထည့်နေသည်ကို ဘေးတိုက်မြင်ရသည်။

ဘုံခန်းပျို့မှ ဘရဏီနတ်သမီးဘွဲ့ကို သတိရမိသည်။ ရတ်လတ်နွဲ့ချော၊ သဘောစင်ဖြူ မည်သို့ဟူ၍ဟု စဉ်းစားစရာပင် ဖြစ်တော့သည်။ ဆံနွယ်စများက ပါးပြင်ပေါ်ကျနေသည်မှာ မဂ္ဂဇင်းမျက်နှာဖုံးပန်းချီကားတစ်ချပ်ကို မြင်နေရသကဲ့သို့ပင် ဖြစ်နေသည်။

ထမီကိုဝတ်ထားခြင်းက ချပ် ရပ်သည်။ သေသပ်သည်။ ကျစ်လစ်တောင့်တင်းသော ခန္ဓာကိုယ်တွင် အသားက အပိုအလိုမရှိ။ ဘေးတိုက်အနေအထားမှ မြင်နေရသော မြင်ကွင်းကို မျက်နှာလွှဲကာ သက်ပြင်းချလိုက်မိလေသည်။

"မြတ်သဇင် . . ဘာဖြစ်လို့ ငါ့ရဲ့အိပ်မက်ထဲက မိန်းကလေးနဲ့ ချွတ်စွပ် တူနေပါလိမ့်နော်"

သူ့စိတ်ထဲတွင် မြတ်သဇင်နှင့် ရှေးယခင်ကတည်းက အတူစား အတူသွားဖူးသည်ဟု ထင်နေသည်။ စိမ်း၍မနေပေ။ မြတ်သဇင်၏စိတ်ထဲတွင်တော့ မည်သို့ရှိမည် မသိပေ။

"စားလို့ရပြီ အစ်ကို"

မြတ်သဇင်က ယပ်တောင်လေးဖြင့် ထမင်းပွဲရှိ ဟင်းများ၊ အသုပ် များနှင့် ပူနွေးသော ချဉ်ရည်ဟင်းများကို ယပ်နေရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ မြတ်သဇင် ချပေးထားသော လက်ဆေးရေခွက်တွင် သူ လက်ဆေးလိုက်သည်။ ပြီးတော့မှ သူ့အတွက် ထမင်းပန်းကန် ချထားသည့်နေရာတွင် ထိုင်ကာ စတင်၍ စားဖို့ ပြင်လိုက်သည်။

မြတ်သဇင်က ကြက်သား၊ ဝက်သားနှင့် ဆိတ်ကလီစာပန်းကန်များကို ရှေ့သို့ချပေးကာ သရက်ချဉ်သုပ် များကို ပန်းကန်ထဲသို့ ပုံပေးလိုက်လေသည်။

မြတ်သဇင်၏အပြုအစုကို နဒီနွယ်က မော့ကြည့်လိုက်သည်။

"မြတ်သဇင်"

သူ့မနာမည်ကို ပထမဆုံးခေါ်လိုက်၍ မြတ်သဇင်က လန့်သွားသည်။

"ရှင်"

"ဒီလို ထမင်းပွဲမျိုးကို မြတ်သဇင် ကျွေးတာ ကိုယ်စားဖူးသလိုပဲ"

မြတ်သဇင်က သူ့ကိုစူးရဲသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"မှတ်တယ် ကျွန်မလဲ ရှင့်ကို ဒီလိုမျိုး ထမင်းဝိုင်းနဲ့ ကျွေးဖူးတယ်လို့ ထင်နေတယ်"

မြတ်သဇင်၏စကားကြောင့် နဒီနွယ်သည် အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီလိုပဲ ထင်သလား"

"ဟုတ်တယ် ရှင်နဲ့တွေ့ရတာ ကျွန်မ စိတ်ထဲမှာ တစ်မျိုးပဲ၊ သိဖူး ရင်းနှီးကျွမ်းဝင်ဖူးတယ်လို့ ထင်နေမိတယ်"

နဒီနွယ်က ပြုံးလိုက်သည်။

"အင်း . . ဟိုဘဝက ရေစက်ရှိလို့ ဖြစ်မှာပေါ့၊ ကိုယ်လဲ မြတ်သဇင်ကို တွေ့တာနဲ့ ခင်မိတယ်"

ထမင်းပန်းကန်ထဲသို့ ကြက်သဲကြက်မြစ်များ ထည့်ပေးသည်။

"ကျွန်မကို ခင်တယ်ဆိုလို့ ဝအောင်စားပါ ရှင်ရယ်၊ လိုတာလဲ ပြောနော်"

သရက်ချဉ်သုပ် ကိုပါ ထည့်ပေးပြီး ယပ်ခတ်ရင်း ပြောလိုက်၏။

"စကားအပိုပြောတာ မဟုတ်ပါဘူး မြတ်သဇင်ရဲ့ တကယ်ပြောတာပါ"

မြတ်သဇင်က ခေါင်းငုံ့လိုက်သည်။

"ရှင် ဒီမှာ ဘယ်လောက်ကြာအောင် နေမှာလဲ"

"ပျော်သလောက်ပေါ့ မြတ်သဇင်၊ ကိုယ်က စာရေးဆရာဆိုတော့ ဘယ်မှာနေနေ ရပါတယ်၊ ဒီကနေ တိုက်ကိုစာတွေရေးပြီး လှမ်းပို့လဲ ရတာပါပဲ"

"ပုဂံက ပျော်စရာကောင်းပါတယ်၊ အစ်ကို ကြားကြာနေပါလား၊ မြတ်သဇင် ပုဂံဘုရားတွေအနှံ့ အစ်ကို့ကို ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဖူးလိုက်ပို့မယ်လေ"

"တကယ်လား"

"တကယ်ပေါ့ . . ပြီးတော့ အစ်ကို ယွန်းလုပ်ငန်းကို ရော တွေ့ဖူးလား"

"ဟင့်အင်း ဆိုင်မှာရောင်းတဲ့ ယွန်းအုပ်တွေပဲ တွေ့ဖူး တယ်"

"ဟီဟိ"

မြတ်သဇင်က ရယ်လိုက်သည်။ သူတို့နှစ်ဦးသည် ထမင်းတစ်ဝိုင်းတည်းမှာပင် အတော်ရင်းနှီးသွားကြသည်။

လက်ဆေးရေဇလုံတွင် လက်ဆေးကာ မြတ်သဇင်ပေး သည့် လက်သုတ်ပဝါကို ယူကာ သုတ်လိုက်သည်။

"ဒီနေ့တော့ အလှူနေ့ဆိုတော့ မြတ်သဇင်တို့ ဘုန်း ကြီးကျောင်းမှာ အေးအေးဆေးဆေးပဲ မဟုတ်လား"

"အင်း အမေတို့က ဘယ်တော့ပြန်မလဲ မသိဘူး၊ ကျောင်းအသစ်တစ်ဆောင် လှူမလို့ နေရာလာကြည့်ရင်း ဆွမ်း ကပ်တာပါ"

ယွန်းလုပ်ငန်းမှာ နိုင်ငံခြားမှ မှာကြားခြင်း၊ နိုင်ငံခြား ဧည့်သည်များက ဝယ်ယူခြင်းတို့ကြောင့် အတော်ပင်ကြီးမား သော လုပ်ငန်းကြီး ဖြစ်လျက်ရှိနေလေသည်။

ပစ္စည်းကောင်း၊ လက်ရာကောင်းဆိုလျှင် ဖြောင့်ဖြောင့်ပင် တောက်ပ၍ အနုစိတ်ခြယ်မှုန်းထားသော လက်ရာများကို မြင်



www.burmeseclassic.com

www.burmeseclassic.com



ရုံနှင့်ပင် သဘောကျသည်။ မြတ်သဇင်က ထမင်းပန်းကန်များ အိုးများ သိမ်းနေသည်ကို နဒီနွယ်ကပါ ကူ၍သိမ်းပေးနေသည်။

အိုးများထပ်ကာ ကားပေါ်သို့ တင်နိုင်ရန် သိမ်းထားပြီး မြတ်သဇင် တံမြက်စည်းလှဲနေစဉ်မှာပင် ကျောင်းပြတင်းပေါက်မှ နဒီနွယ်သည် အပြင်သို့ငေးကြည့်နေလေသည်။ တံမြက်စည်းလှည်းပြီးသွားသော မြတ်သဇင်က

"ကျွန်မ အမေတို့နောက် လိုက်သွားလိုက်ဦးမယ်၊ နောက်တော့ တွေ့ကြသေးတာပေါ့"

ဟု နှုတ်ဆက်သွား၏။

သူက "အော် . . ဟုတ်ကဲ့"

ဟုသာ ပြန်ပြောလိုက်ရသည်။

မြတ်သဇင်သည် သမင်မလေးတစ်ကောင်လို ပျောက်ကွယ်သွားလေသည်။ သူသည် ပိန္နဲပင်နှင့် တမာပင်ကြီးများကို ငေးမောရင်း သူ၏ပုဂံအိမ်မက်များကို ပြန်၍မြင်ယောင်လာလေသည်။

အိပ်မက်ထဲတွင်ကား မြတ်သဇင်သည် 'မိဦးယာ'ဖြစ်လျက် သူက တပ်မှူးလေး ဉဏာဗလ ဖြစ်နေသည်။ အိပ်မက်ထဲမှ သူတွေ့လိုသော မိန်းကလေး အပြင်မှာတွေ့လိုက်ရသောကြောင့် သူ၏စိတ်ထဲတွင် နွေးနေသည်။

သွေးလှည့်ပတ်မှုများက ယခင်ထက်ပို၍ မြန်နေသည်ဟု ထင်မိလေသည်။ ယခုအချိန်ဆိုလျှင် ဆရာတော်သည် ကျိန်း၍နေပေမည်။ သူသည်လည်း ကျောင်းဆောက်သို့ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာရာ ကျောင်းနောက်ဘက်ရှိ ရေကန်ရှိရာသို့ လျှောက်လှမ်းလာ၏။

နွေရာသီဖြစ်၍ ရေကန်ထဲတွင် ရေမရှိပေ။ သစ်ရွက်ကြွေများသာ ဝေ့ဝဲနေသည်။ ကျောင်းတွင် ရေစက်ရှိ၍ တော်ပေတော့သည်။ သူသည် ကန်အလယ်တွင် လေပွေမွှေ၍ ဝေ့ဝဲနေသော သစ်ရွက်များကို ကြည့်မိနေ၏။

ရွက်ကြွေများသည် လေပွေထဲတွင် ဝဲပျံမြူးတူးနေသည်။

သူ၏စိတ်မှာလည်း ပျော်နေသည်။

ဘာကိုတွေးမိ၍ ပျော်နေသည် မသိ။

ယခုတစ်ခေါက် ပုဂံခရီးတွင်ကား သူသည် ယခင်ကျောင်းသားဘဝက လာခဲ့သည်နှင့် မတူဘဲ တစ်သက်တစ်ခါဆိုသလို ပျော်မိတော့သည်။ ရေကန်စပ်ရှိ တမာပင်ကြီးခြေရင်းတွင် သူထိုင်လိုက်၏။ ထိုအခါ သူ၏နောက်မှ ခေါ်သံကိုကြားလိုက်ရတော့၏။

"အစ်ကို"

"ဟင်"

အသံကိုကြားသည်နှင့်ပင် မြတ်သဇင်၏အသံမှန်းသိလိုက်သည်။

"ကျွန်မက ကျောင်းရှေ့ ရေစက်ဘက်ကို လိုက်ရှာနေတာ၊ အစ်ကိုက ဒီရောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျောင်းပေါ်မှာ ပွဲသလားလို့"

"အော် . . မသိပါဘူး ရန်ကုန်သူကိုများ သတိရနေ သလားလို့"

နုဒီနွယ်က ခေါင်းခါလိုက်၏။

"အစ်ကို့မှာ ပွဲပင်စရာလူ မရှိပါဘူး၊ မဂ္ဂဇင်းပဲ ရှိပါ တယ်"

× × ×

"ကျွန်မ နုဒီနွယ်ဆိုတဲ့ ကလောင်နာမည်နဲ့ ဇလပ်ဝါ မဂ္ဂဇင်းထဲမှာ ရေးတဲ့ 'မြန်မာမြို့ရွာအမည်များအကြောင်း' ဆို တာကို အမြဲဖတ်တယ်၊ ပြီးတော့ အဲဒီကတည်းက နုဒီနွယ်ဆို တဲ့ အစ်ကို့ကလောင်နာမည်ကို ရင်းနှီးနေတာ"

"မြတ်သဇင်က စာဖတ်ဝါသနာပါလို့လား"

"ကျွန်မနာမည်ကို မြတ်လို့ ခေါ်ပါလား၊ အစ်ကိုခေါ် ရတာ ကြာရင် ပါးစပ်ညောင်းမှာပေါ့"

"မြတ်ရဲ့နာမည်ကိုသာ ခေါ်နေရရင် အစ်ကိုက ပါးစပ် မညောင်းပါဘူး"

"ပိုပြီ"

မြတ်သဇင်က နှုတ်ခမ်းစူလိုက်သည်။ ချစ်စရာကောင်း သော မြတ်သဇင်၏မျက်နှာလေးကို ငေးကြည့်နေမိသည်။

"တကယ်ပြောတာပါ အစ်ကို အသက်လေးဆယ်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ ဒါပေမယ့် မြတ်လို ခင်တွယ်စရာကောင်းတဲ့ မိန်းကလေးတစ်ဦးမှ မတွေ့ဖူးဘူး"

မြတ်သဇင်က တမာပင်ကို မှီလိုက်ရင်း သူမ၏ဆံနွယ်စများကို လက်နှင့်ကိုင်လိုက်လေသည်။

"ခက်ပါတယ် အစ်ကိုရယ်"

"ဘာခက်တာလဲ"

"ကျွန်မက အမေ့ကို ဒီတစ်သက်မှာ အိမ်ထောင်မပြုတော့ဘူး၊ အိပ်မက်ထဲကအစ်ကိုနဲ့ တွေ့နိုင်မှာ မဟုတ်ဘူးလို့ ထင်လို့ ပြောမိတာ၊ အမေက အေးကောင်းတယ် .. အိမ်ထောင်ပြုရင် ကလေးတွေနဲ့ ဒုက္ခရောက်တယ်တဲ့"

"အင်း .. ဒါကတော့ မြတ်က ကိုယ့်အတတ်နဲ့ ကိုယ်ပဲ၊ မြတ်က ဘာတွေ အိပ်မက်မက်လို့လဲ"

"အို .. ပြောရရင်တော့ အရှည်ကြီးပေါ့၊ နောက်ကြုံတော့မှ အေးအေးဆေးဆေး လာပြောပြမယ်နော်၊ အစ်ကို ဒီကျောင်းမှာ တည်းခိုသမျှတော့ မြတ်နဲ့ မကြာခဏ တွေ့နေမှာပါ"

"တီ .. တီ .. တီ"

ထိုစဉ်မှာပင် ကားဟွန်းသံက ကျောင်းရှေ့မှ ပေါ်လာသည်။ မြတ်သဇင်၏အဖေ၊ အမေများက ကားဟွန်းတီးကာ လှမ်းခေါ်နေကြပြီ ဖြစ်သည်။

ဆွမ်းစားကျောင်းထဲမှ အိုးများကို အလုပ်သမားများက ယူကာ ကျောင်းရှေ့ရှိ နောက်ဖွင့်ကားတစ်စီးပေါ်သို့ တင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ကို တွေ့ရလေသည်။ မြတ်သဇင်သည် ထိုင်ရာမှထ ရပ်လိုက်သည်။

"လပြည့်နေ့တစ်ရက်တော့ ဆိုင်ပိတ်တယ် အစ်ကို၊ အစ်ကို သွားစရာရှိရင် အဲဒီနေ့ မြတ်သဇင်ကို ဖုန်းဆက်လိုက်လေ"

သူတို့ 'ရွှေရုပ်လွှာ ယွန်းပစ္စည်းဆိုင်'မှ ယွန်းကုန်သည်များ ဆက်သွယ်လေ့ရှိသော ဖုန်းနံပါတ်ကို ပေးလိုက်သည်။

သူ၏မှတ်စုစာအုပ်လေးကိုထုတ်ကာ ရေးမှတ်ထားလိုက်လေသည်။

"တီ . . တီ . . တီ"

"တီ . . တီ"

ကားဟွန်းသံက အဆက်မပြတ် မြည်လာသည်။ မြတ်သဇင် မရောက်သေး၍ခေါ်ခြင်း ဖြစ်သောကြောင့် နဒီနွယ်ကို မော့ကြည့်ကာ

"သွားမယ် အစ်ကို"

ဟု နှုတ်ဆက်၏။

"လပြည့်နေ့မှာ ဆက်ဆက်တွေ့ကြမယ်နော်"

"အစ်ကို ဖုန်းဆက်လေ"

မြတ်သဇင်က စကားဆုံးသည်နှင့် လက်ပွေ့အိတ်လေးကို ကိုင်ကာ ဆယ်ကျော်သက်တစ်ဦးလို ထွက်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရင်ထဲတွင် လှုပ်ရှားကာ ကျန်ရစ်ခဲ့ရလေသည်။ သူ ပုဂံသို့လာခဲ့ခြင်းသည် မှားသည်လော မှန်သည်လား မတွေးတတ်ချေ။

ညနေပိုင်းတွင် ဆရာတော် ဦးပညာဇောတသည် ကျောင်းရှေ့တွင် လမ်းလျှောက်လျက် ရှိလေသည်။

"ဒကာကြီး ဘယ်လိုလဲ အပြင်မသွားတော့ဘူးလား"

ဟု မေးလိုက်သည်။

"ကျောင်းသားလေးတွေက ညနေစာဟင်းတွေ ထမင်းတွေပါရှိတယ် လာပြောလို့ ဘုရား"

ဟု ဖြေလိုက်သည်။

"အလှူမရှိလို့ ဟင်းတွေ ထမင်းတွေ မရှိလဲ သူတို့က ဈေးသွားပြီး ချက်စားနေတာပါပဲ၊ ဒကာကြီး စားချင်တာမှာပြီး သူတို့ကို ချက်ခိုင်းလို့ရတယ်"

ဆရာတော်ကျောင်းနောက်တွင် ကျောင်းသားများနှင့် ကိုရင်များနေသော သစ်သားနှစ်ထပ်ကျောင်းကြီး ရှိလေသည်။

ထိုကျောင်းနှစ်ဆောင်၏ထိပ်တွင် ရှေးယခင်က အရည်းကြီးများ နေဖူးသည်ဆိုသော ဂူကြီးတစ်ခု ရှိလေသည်။ စာသင်သား ဦးပဥ္စင်းများက အရည်းကြီးများအကြောင်း ရှင်းပြသည်။

"ကိုယ်တော်တို့ သိသမျှကတော့ အရည်းကြီးဆိုတာ သာသနာ့ မပေါ်ခင်မှာ သူတို့က ဖြစ်သလို သင်္ကန်းဝတ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



လူတွေ ကြည်ညိုအောင် အထူးအဆန်းတွေ လုပ်ပြနေတာပါပဲ"

"သူတို့ကို ပန်းဦးဆက်ရတယ်လို့ စာရေးဆရာတွေက ရေးကြတယ် ဘုရား၊ အဲဒါကတော့ အမှန်ပဲလား"

"ဒါကတော့ ဒကာကြီးရယ်၊ ဒကာကြီးလဲ စာရေးဆရာပဲ စဉ်းစားကြည့်ပေါ့၊ သူများတွေလက်ထပ်မင်္ဂလာပြုတာကို "ပန်းဦးဆက်ရတယ်"ဆိုတာ ကိလေသာနွံထဲ ဘယ်လောက်နစ်သလဲဆိုတာ သိနိုင်တာပေါ့၊ ဟိုတုန်းကတော့ အဲသလို ပန်းဦးဆက်ရတာ မကျေနပ်လို့ အရည်းကြီးတွေနဲ့ ပြဿနာဖြစ်ပြီး လူဆိုးဖြစ်သွားတဲ့ ဇာတ်လမ်းတွေလဲ ပေါ်ခဲ့ဖူးမှာပေါ့"

ဦးပဥ္စင်းလေးက သူကြားဖူးသည်များကို စိတ်ရှည်လက်ရှည် ရှင်းပြရှာသည်။

"တပည့်တော် ကြားဖူးတာတော့ အနော်ရထာလက်ထက်အထိတောင်မှ အဲသလို အရည်းကြီးတွေ ရှိသေးတယ်လို့ ပြောတာပဲ ဘုရား၊ တချို့ ဂူတွေ ဘုရားတွေ ရုပ်တုတွေထဲမှာ အောင်းပြီး နေကြသေးတယ် ဆိုပဲ"

"ဒါလဲ ဖြစ်နိုင်တာပေါ့၊ သူတို့က သာသနာတွင်းက ရဟန်းတွေလို ကျောင်းတွေ လင်းလင်းချင်းချင်း ဆောက်နေတာ မဟုတ်ဘူး၊ ဂူတွေ လိုဏ်တွေထဲမှာ အောင်းနေတာ၊ ပြီးတော့ ရေငုပ်၊ တုံးခုန်၊ မီးလျှံ၊ ဖယ်ခတ်ဆိုတဲ့ တရားမရနိုင်တဲ့ အကျင့်တွေ ကျင့်ပြီးနေကြသတဲ့"

အရည်းကြီးများအကြောင်းကို ဦးပဥ္စင်းလေးတို့ ပုံပြင်တစ်ပုဒ်လို နားထောင်လိုက်ရသည်။ နဒီနွယ်က အရည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များထက် မြတ်သဇင်ကို စိတ်ဝင်စားသည်။

"ဒီကျောင်းက ဒကာ၊ ဒကာမတွေက ဆရာတော်ကို တော်တော် ကြည်ညိုပုံရတယ်နော်"

"ဟုတ်တယ် ဒကာကြီး၊ ဆရာတော် ဦးပညာဇောတ ကို တစ်နှစ်တစ်ခါ သိက္ခာထပ်တယ်၊ ခုဆိုရင် ဝါနှစ်ဆယ်မှာ အကြိမ်နှစ်ဆယ် ရှိသွားပြီပေါ့၊ အလှူဒါန အဲသလိုလုပ်လို့လဲ သူတို့ယွန်းလုပ်ငန်းက တဖြည်းဖြည်း ကြီးပွားလာတာပေါ့"

"ဒါနကလဲ ကြီးပွားကြောင်းပါပဲ ဦးပဥ္စင်းရယ်၊ ဒကာ ကြီးနဲ့ ဒကာမကြီးက ဘယ်သူက ပိုသဘောကောင်းလဲ"

"နှစ်ဦးလုံးက သဘောကောင်းကြပါတယ်၊ ကျောင်း နဲ့ပတ်သက်တဲ့ကိစ္စဆိုရင် ဘာမဆို ပြောသမျှ အကုန်လှူတာ ပါပဲ"

× × ×

လပြည့်နေ့သို့ ရောက်လာသည်။

လပြည့်နေ့တွင် ဆွမ်းချိုင့်ကို မြတ်သဇင်တို့ ယွန်းဆိုင် မှ ကားနှင့်လာပို့သည်။ မြတ်သဇင်များ ပါသလားဟု နဒီနွယ် ထွက်၍ချောင်းကြည့်သည်။

ကျောင်းအပေါ်ထပ် သူစာရေးရန် ဆရာတော်က စီစဉ် ပေးထားသော စားပွဲထားသည့်နေရာမှာ ကျောင်းဝင်းတစ်ခုလုံး ကိုမြင်နိုင်သည့် ပြတင်းပေါက်နေရာပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးပညာဓောတသည် သူ့ရဟန်းဒကာမနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပြောစရာရှိသည်ဟု ထင်ရသည်။ သို့သော် ယခုထိတော့ နဒီနွယ့်ကို ဘာမျှမပြောသေး။ အခါ တိုင်းဆိုလျှင် မြတ်သဇင်က ပါလာကာ သူ ကျောင်းအောက် ဆင်းကာ စကားပြောဖြစ်ကြသည်။

ယခုတော့ မည်သည့်စကားမျှ မပြောရတော့။ မြတ်သ ဇင် အဘယ်ကြောင့် ဤနေ့တွင် ကျောင်းသို့ လိုက်မလာရလေ သနည်း။

မိုးက ကောင်းကောင်းမလင်းသေး၊ နှင်းငွေ့များက ကျောင်းရှေ့တွင် ခြုံသိုင်းထားသည်။ အာရုံဆွမ်းမှာ ကြက်သား ဟင်းနှင့် ချဉ်ရည်ဟင်း၊ အသုပ် တို့ ဖြစ်သည်။ ကြက်သားဟင်း အနံ့က ကျောင်းပေါ်ထပ်အထိ တက်လာရာ ဗိုက်ထဲတွင် ဆာ လောင်သွားသည်။

ဝမ်းဗိုက်က ဆာလာ၍ ဆရာတော်နှင့် ဦးဇင်းများကို ဆွမ်းကပ်သံကြားသည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကျောင်းတွင်ရှိသော မြအေး၊ တင့်ဝေနှင့် မောင်သင်းတို့ ကျောင်းသားသုံးယောက်မှာ နဒီနွယ်နှင့် ရင်းနှီးနေပြီ ဖြစ်လေ သည်။

"ဟာ . . ဒီနေ့ ဆရာနဒီ အစောကြီးနိုးလာပါလား"

သူသည် ကျောင်းခြေရင်းရှိ ရေတွင်းဘေးမှ ရေစည်တဲ တွင် ရေခွက်နှင့်ခပ်ကာ ယူလာသော သွားပွတ်တံနှင့် သွား တိုက်နေသည်။ ဆရာတော် ဦးပညာဓောတ မေးသံကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီတစ်ခါ ဒကာမ မြတ်သဇင် မပါလာဘူးလား"

"မပါလာဘူး ဘုရား၊ ခရီးသွားစရာရှိလို့ ထင်ပါရဲ့ နိုး တော့နိုးနေပြီ၊ ဆွမ်းဟင်းတွေ ဆွမ်းထမင်းတွေတော့ ဒီဒကာမ က စီစဉ်ပေးလိုက်တာပါပဲ"

"အော် . . အေးအေး ဟုတ်ပါရဲ့၊ ဒီနေ့ လပြည့်နေ့ ထင်တယ်"

"ဟုတ်တယ် ဘုရား"

"လပြည့်နေ့ဆိုတော့ ဆိုင်ပိတ်တယ်လေ၊ တော်ကြာ တော့မှ ဒကာကြီး ဦးမိုးမြတ်နဲ့ ဒေါ်သဇင်တို့ သီလယူဖို့ ရောက် လာကြလိမ့်မယ် ထင်တယ်"

"တင်ပါ့ဘုရား"

ဆိုင်ခန်းကိုပိတ်ကာ အလုပ်သမားနှင့် ဆိုင်ထဲတွင် ရှေ့ရက်များက မှာထားသော အော်ဒါများကို စာရင်းလုပ်နေ ခြင်း ဖြစ်ပေမည်။

လပြည့်နေ့ဟု ဆိုသောကြောင့် သွားတိုက်နေသော နဒီနွယ် သတိရသွားသည်။

"အင်း . . ဟုတ်သားပဲ၊ ဒီနေ့ လပြည့်နေ့ပဲ . . လပြည့် နေ့ဆိုရင် သူ့ကိုဖုန်းဆက်ပါလို့ မြတ်က မှာထားတာပဲ"

သူသည် သွားတိုက်ပြီးနောက် ရေလဲပုဆိုးကို ကောက် ယူကာ ရေကိုပါချိုးလိုက်သည်။ မြတ်ကို ဖုန်းဆက်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အချိန်တွင် ဖုန်းဆက်ရလျှင် ကောင်းမည်နည်း။

သိပ်စောလျှင် မကောင်း။

မြတ်သစင်၏အဖေ ဦးမိုးမြတ်နှင့် တွေ့ရလျှင် အားနာစရာကောင်းသည်။ သူ ဆပ်ပြာတိုက်ရင်း စဉ်းစားနေသည်ကို ကျောင်းသားလေး မောင်သင်းက

"ဘုန်းကြီးက ဆရာနဒီကို မေးတယ်"

ဟုပြောလိုက်မှ ရေချိုးဖို့ သတိရမိလိုက်တော့၏။

ရေချိုးကာ ဆရာတော်ဦးပညာဇောတရှိရာသို့ လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"တိ . . တိ . . တိ"

ဖုန်းမြည်သံ ပေါ်လာသည်။ ယွန်းထည်များကို စစ်ဆေးနေသော မြတ်သဇင်သည် မှန်စားပွဲပေါ်၌ တင်ထားသောဖုန်းကို ကောက်ယူလိုက်သည်။

"ဟဲလို"

"ရွှေရုပ်လွှာ ယွန်းဆိုင်ကပါ"

မြတ်သဇင်၏အသံက သာယာစွာ ထွက်ပေါ်လာသည်။

"[illegible]က်ကဲ့ ကျွန်တော် နဒီနွယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကို ကြားလိုက်ရ၍ ခေတ္တတိတ်ဆိတ်သွားသည်။

"ကိုနဒီ ခဏလေးနော် . . ဒီမှာ ယွန်းထည်အချော တွေ နိုင်ငံခြားပို့ဖို့ စစ်နေလို့ ဆယ့်ငါးမိနစ်လောက်ကျမှ ပြန်ဆက်ပါလား"

"ကောင်းပါပြီဗျာ"

သူသည် သရုပါစားသောက်ဆိုင်ရှိ သူ့စားပွဲတွင် ပြန်ထိုင်လိုက်သည်။

ယွန်းလုပ်ငန်းလုပ်နေသော မြတ်သဇင်က လပြည့်နေ့တွင် အားသည်ဟုဆို၍ ဖုံးဆက်သည်။ ယခုတော့ မအားဟု သိရသည်။ သူ နောက်ထပ်ဖုံး ထပ်ဆက်၍ကောင်းပါမည်လားဟု စဉ်းစားကြည့်မိသည်။

အမှန်တော့ ဘာအကြောင်းမှ ရှိသည်မဟုတ်။ သူ မြတ်သဇင်ကို တွေ့ချင်သည်။ မြတ်သဇင်က သူ့ကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်သွားလေပြီလား မသိ။

နာရီကိုသူကြည့်နေသည်။ သူ့ဘေးနားတွင် ပြင်သစ်လား ဂျာမနီလားမသိ စုံတွဲတစ်တွဲ ထိုင်နေသည်။ အမျိုးသမီးက သရုပါတံခါးကြီးကို လက်ညှိုးထိုးပြနေသည်။ သူတို့ကြားထဲမှ စကားပြန်က ရှင်းပြနေ၏။

သူ မြတ်သဇင်ကို ဖုံးထပ်မဆက်ဘဲ သိန်းလွင်တို့ဆီမှ သွားလည်ရလျှင် ကောင်းမည်လားဟု တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းရှိရှိပါဗျာ . . ပုဂံမှာတော့ ကျွန်တော်ရှိနေတာပဲ တ ခြားလူတွေနဲ့ စာရင် အစ်ကိုကြီးကို ကျွန်တော်က ဂရုစိုက်ရမှာပါ"

သိန်းလွင်က ကျောင်းနေဖက်သူငယ်ချင်းကောင်း ပီသစွာ ထိုသို့ပြောသည်။ သူက သဘော်သီးဖျော်ရည်ကို သောက်ထား၏။ နာရီကိုကြည့်လိုက်တော့ ၁၅ မိနစ်တော့ ကျော်ပြီ။

သူကောင်တာသို့သွားကာ တယ်လီဖုန်းကို ကောက်ယူကာ လှည့်လိုက်သည်။

"ဟဲလို"

"ကိုနဒီလား"

"ဟုတ်တယ်"

"ကိုနဒီက စိတ်များဆိုးသွားသလားလို့ ခုအားပြီ ဘယ်ကို လာခဲ့ရမှာလဲ"

"သရုပါတံခါးနားကဆိုင်ကိုလေ သိလား"

"သိပါတယ် သရုပါစားသောက်ဆိုင်"

× × ×

အမိုးမပါသော ဂျစ်ကားလေးတစ်စီး လာဆိုက်သည်။ ကားမောင်းလာသူက လက်ပြတ်အင်္ကျီအနီရဲရဲနှင့် အမျိုးသမီး။ ဆံနွယ်များက လေထဲတွင် လွင့်နေသည်။ နေကာမျက်မှန်ကို တပ်ထား၍ သရုပါတံခါးကို ငေးနေသော နဒီနွယ်က ရုတ်တရက် မမှတ်မိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားကိုရပ်ကာ ပိုက်ဆံအိတ်ကိုယူ၍ အမျိုးသမီးက ဆင်းလာသည်။

"ကိုနုဒီ"

"ဟင်"

"မြတ်ကို မမှတ်မိဘူးလား"

နေကာမျက်မှန်ချွတ်ကာ ဝင်ထိုင်ရင်း ပြောလိုက်သည်။

"တကယ်မမှတ်မိတာပါ မြတ်ရဲ့"

"မြတ်လဲ ထင်တော့ ထင်သား၊ လာ ဘူးဘုရားမှာ အကြော် သွားစားရအောင် ရှင်းပြီပြီလား"

"ရှင်းပြီးပါပြီ"

သွက်လက်သော မြတ်သဇင်နှင့်စာလျှင် လူကြီးဆန်နေသော သူ့ကိုယ်သူပင် ရှက်မိသလိုလို။ သူက ရှပ်အင်္ကျီလက်ရှည်နှင့် မြောက်ပြင်လုံချည်ကို ဝတ်လာခဲ့သည်။ ထုံးစံအတိုင်း လွယ်အိတ်တစ်လုံးကတော့ ပါလာ၏။

"အင်း . . ဒီလိုဝတ်လိုက်စားလိုက်တော့ မြတ်က သိပ်နသွားတာပဲ"

"မြောက်မနေပါနဲ့ . . ဘူးသီးကြော်ဖိုး ပေးဖို့ မလိုပါဘူး"

မြတ်သဇင်က ကားကိုစက်နိုးကာ ဘူးဘုရားရှိရာသို့ မောင်းလာသည်။ သီရိပစ္စယာပြတိုက်နှင့် အမျက်တော်ပြေဘုရား၊ ရှေးဟောင်းသုတေသနတို့ကို ကျော်လာခဲ့သည်။

"ဒီဌာနမှာ ကိုယ့်ရဲ့ကျောင်းနေဖက် သူငယ်ချင်း ရှိ

www.burmeseclassic.com



တယ်"

"ဘယ်သူလဲ . . အဲဒီဌာနကတော့ ဧည့်သည်တွေလာရင် မြတ်တို့ဆိုင်ကိုလာပြီး ပြလေ့ရှိတာပဲ၊ နိုင်ငံခြားသားတွေ အများဆုံး ခေါ်လာတယ် . . ဦးလှကြီးမောင်လား"

"မဟုတ်ပါဘူး ဦးလှကြီးမောင်နဲ့လဲ ခင်ပါတယ်၊ သူက အခု အထက်မြန်မာပြည် ညွှန်ကြားရေးမှူး ဆိုလားဘာလား ဖြစ်သွားပြီပြောတယ်၊ ပြောင်းသွားပြီလေ"

"အို ဟုတ်တယ် . . အဲဒီလူကြီးက သိပ်နောက်တာ"

ပုဂံမြို့မှာ ကျဉ်းကျဉ်းလေးဖြစ်သည်။ သူ၏အသိများသည်လည်း မြတ်သဇင်၏အသိများ ဖြစ်နေသည်မှာ အံ့ဩစရာတော့ မဟုတ်။

"ဟိုလူတစ်ယောက် ရှိသေးတယ်၊ ခပ်ဝဝလေ ပြောင်းလာတာ မကြာသေးဘူး၊ သူရယ်လိုက်ရင် ရယ်မှန်းမသိ ငိုမှန်းမသိလူဟာ"

မြတ်သဇင်စကားကြောင့် နဒီနွယ်က တဟားဟား ရယ်လိုက်သည်။

"ဟား . . ဟား . . ဟား"

"ဘာရယ်တာလဲ ကိုနဒီရဲ့"

"မြတ်နဲ့ကိုယ်နဲ့ အမြင်ချင်းတူလို့ပါ၊ သူ့ကို ကိုယ်ကလဲ သူငယ်ချင်းတွေကြားမှာ အဲသလိုပဲ နောက်နေတာ၊ သူရယ်တာက ငိုသလိုပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာ ကိုနဒီရယ်"

"ဟုတ်တယ် ရှိးတဲ့နေရာမှာတော့ သူက စံချိန်တင် လောက်တယ်၊ မြန်မာစာအဖွဲ့ကနေ ရှေးဟောင်းဌာန ပြောင်း လာတဲ့သူ၊ အရင်ကတော့ တပ်ထဲကပေါ့"

"အို . . အစ်ကို့လူက လူစုံပဲ"

"ဟုတ်တယ် တပ်ကနေထွက်ပြီး မဟာဝိဇ္ဇာတက်တယ်၊ ပြီးတော့ မြန်မာစာအဖွဲ့ . . ပြီးတော့ သတင်းစာတိုက် ဝင်လိုက် သေးတယ်၊ ပြီးတော့မှ ရှေးဟောင်းဌာန အရာရှိလာဖြစ်တာ"

"ဟုတ်တယ် သဘောသိပ်ကောင်းတာပဲ"

သိန်းလွင်ကို မြတ်သဇင်က ထောက်ခံလိုက်သည်။

ဘုရားရှေ့တွင် ဆိုင်တန်းများ ရှိသည်။ ထမင်းဆိုင် လည်း ရှိသည်။ ဘုရားမှ လှေကားထစ်များဖြင့် ဆင်းလျှင် ဧရာဝတီမြစ်ကမ်းစပ် သောင်ပြင်သို့ ရောက်သည်။ ထိုသောင် ပြင်တွင် တဲထိုးကာ ရောင်းသော အကြော်စုံဆိုင် ရှိလေသည်။

ထနောင်းပင်များက တစ်နေကုန်ရိပ်အောင် နေပူရှိန် ကို မိုးပေးထားသည်။ ဂျစ်ကားကို မြတ်သဇင်က သူတို့အစ် နေကျ ယွန်းဆိုင်လေးရှေ့တွင် ရပ်ထားကာ ထွက်လာသည်။

"ဒီနေ့တော့ အေးအေးဆေးဆေးပဲ မဟုတ်လား ကိုနဒီ"

"ဟုတ်တယ် ပုဂံဘုရားတွေကို မြတ်နဲ့အတူတူ ဖူးမယ် လို့ စိတ်ကူးထားတာ"

"ကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဘူးဘုရားဘေးမှ လှေကားထစ်များကို တက်လာသည်။ ထို့နောက် စားပွဲခုံလေးများ ချထားသော ဘောင်ပြင်ထဲသို့ ဆင်းလာသည်။ သစ်ပင်ရိပ်မှ စားပွဲတစ်လုံးတွင် ထိုင်လိုက်ကြသည်။

အကြော်ရောင်းသော စားပွဲထိုးက

"ဘာစားကြမလဲ"ဟု လာမေးသည်။

"ကိုနဒီ အားလူးကြော်၊ ပုစွန်ကြော်နဲ့ ဘူးသီးကြော် စားမယ်နော်"

"ကောင်းတယ် . . အစုံတစ်ပွဲပေါ့"

နဒီနွယ်က စားပွဲထိုးကောင်လေးကို ပြောလိုက်သည်၊ မကြာမီ အချဉ်ရေနှင့် ဆလပ်ရွက်ကို လာချပေးသည်။

ပုဂံမှ ဈေးဆိုင်များသည် ခေတ်အခါပြောင်းလဲမှုအရ အားလုံးခေတ်မီနေကြပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံခြားသားများနှင့် ရန်ကုန်သားများအကြိုက် သိနေကြပြီ ဖြစ်သည်။ အကြော်များမှာလည်း ကြွပ်ရွနေသည်။

ပူပူနွေးနွေးဖြစ်၍ စားကောင်းသည်။

"မြတ်"

"ဟင်"

"ဧရာဝတီမြစ်ကြီးဟာ မြန်မာပြည်လုံးကို ပင်လယ်ဝ အထိ ရောက်အောင် စီးတာပဲနော်"

"ဟုတ်တယ် . . အဲဒါကြောင့်လဲ ခေတ်အဆက်ဆက် မြစ်ကြောင်းကိုအားကိုးပြီးတော့ ဆက်သွယ်ရေးလမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်နေတာပေါ့"

"မြတ် ကိုယ့်ကို ပြောပြမယ်ဆိုတာလေ"

"ဘာလဲ"

"ဒီဘူးဘုရားမှာလေ . . မြတ်ရဲ့ဆွဲကြိုးလေး ပြုတ်ကျလို့ ကိုယ် ကောက်ပေးတာ အမှတ်ရလား"

"ဟင်"

မြတ်သဇင် ငိုင်သွားသည်။ သူမ၏စိတ်အစဉ်သည် အတိတ်သို့ ပျံ့လွင့်သွားပုံရလေသည်။

"ဟုတ်တယ် မြတ် သေချာစဉ်းစားပါဦး . . ကိုယ်တို့ သုဝဏ္ဏဘုမ္မိကို ပြန်မယ်လို့ စဉ်းစားတုန်းကလေ"

မြတ်သဇင်မျက်နှာလေး ညှိုးကျသွားလေသည်။

"ဟုတ်တယ် . . မြတ် မှတ်မိပြီ၊ အဲဒီတုန်းက မြတ်ငိုနေရတဲ့ အချိန်ပေါ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် . . ကိုက မြတ်ကို မိဦးယာရယ် ကံကြမ္မာဆိုတာ ဒီလိုပဲဖြစ်လာမယ်ဆိုတာ သိရင် သုဝဏ္ဏဘုမ္မိကနေ ဒီကို ဘယ်လာပါ့မလဲလို့ ပြောတယ်လေ"

"တော်ပါတော့ အစ်ကိုရယ် . . အဲဒီအကြောင်းတွေ မြတ်မတွေးရဲဘူး၊ ဒီဘဝမှာလဲ အဲဒီလိုဝေးကြရမှာ မြတ် သိပ်စိုးရိမ်တာပဲ"

"ဝေးစရာအကြောင်း ရှိလို့လား မြတ်ရယ်"

"ခုတော့ မရှိသေးဘူးပေါ့ ကိုနဒီရယ် . . ဘုရားဖူးဦးမယ်ဆိုရင် သွားစို့လေ" × × ×



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အကြော်တစ်ပွဲစားကာ ထလိုက်သည်။ ကားပေါ်သို့ ပြန်တက်ကြသည်။

"ပုဂံက တစ်ဝဂ္ဂဘုရားတွေကို လေ့လာရင်လေ သိပ် စိတ်ဝင်စားစရာ ကောင်းတာပဲ"

ပုဂံသူ မြတ်သဇင်က စကားစလိုက်သည်။

"ဘယ်လိုစိတ်ဝင်စားစရာ ကောင်းတာလဲ မြတ်သဇင် ရဲ့ . . သိန်းလွင်ကတော့ တစ်ခါရေးလိုက် ပုဂံခေတ်ဗုဒ္ဓဝင် ရှစ်ခန်းချည့်ပဲ"

"ဒီလိုပါ အဲဒီ တစ်ဝဂ္ဂတွေကလဲ ဗုဒ္ဓဝင်နဲ့ဆိုင်တာပါပဲ 'ဟော၊ ပွင့်၊ ထွက်၊ စံ'ဆိုတာ ကိုနဒီ ကြားဖူးတယ် မဟုတ် လား"

"ကြားဖူးတယ် တောထွက်ခန်း၊ ဓမ္မစကြာတရားဦး ဟောခန်း၊ ဘုရားအဖြစ်ကို ရတော်မူခန်း၊ ပရိနိဗ္ဗာန်စံခန်း ဆို ပြီး တည်ခဲ့တဲ့ ဘုရားတွေ အများကြီးပဲ၊ ဘုရားအမှတ်တွေနဲ့ ပြုပြင်ကြတော့ အဲသလို ဘုရားတွေ တွေ့ရတယ်"

ဂျစ်ကားကို ဘုရားလေးများကြားသို့ မောင်းလာသည်။

"ဘွဲ့အမည်ထင်ရှားတဲ့ ဘုရားတွေထက်စာရင် အခုမှ ပြုပြင်နေတဲ့ ဘုရားတွေကို ကိုနဒီက ပိုပြီးစိတ်ဝင်စားတယ်"

"ဟုတ်ပါတယ် ဒါပေမယ့် အဲဒီဘုရားတွေရဲ့အထဲမှာ ဆေးရောင်နီနီဝါဝါနဲ့ ခေတ်ပုံဘုရားတွေ တည်တာတော့ မ ကောင်းဘူး မဟုတ်လား"

"အင်း . . မြတ်က ကိုယ့်ရဲ့စိတ်ကို သိနေသားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းဟာ ရှေးဟောင်းအသွင်နဲ့မှ တန်ဖိုးရှိတာပေါ့ မြတ်ရဲ့"

မြတ်သဇင်၏မျက်လုံးများ ထိုစကားကြောင့် တောက်ပသွားလေသည်။

နံနက်ခင်းဖြစ်၍ ဘုရားဘုရားမှအထွက်တွင် 'လောကနန္ဒာစေတီ'ကို ဝင်ဖူးကြသည်။ လောကနန္ဒာစေတီကား ဧရာဝတီမြစ်ကမ်းပါးတွင် ရှိသည်။

သည့်နောက် 'မနုဟာဘုရား'ကို ရောက်သောအခါ မြတ်သဇင်သည် ဘုရားကိုကန်တော့ရင်း

"အစ်ကို"

"ဟင်"

"ဒီဘုရားကိုရောက်ရင်လေ ကျွန်မ အလိုလိုဝမ်းနည်းလာတယ်၊ အစ်ကိုမှတ်မိသလားဟင်"

မျက်ရည်များဝိုင်းကာ မြတ်သဇင်က နဒီနွယ်ကိုလှည့်၍မေးလိုက်သည်။

"ဘာကိုမှတ်မိရမှာလဲ မြတ်"

"သုဝဏ္ဏဘုမ္မိကနေ ပုဂံရွှေပြည်ကို လာကြတော့ အစ်ကိုက တပ်မှူးလေးအဖြစ်နဲ့ ကျွန်မတို့အစုကို အုပ်ချုပ်ရတယ်လေ၊ ဒီတုန်းက ကျွန်မအဖေ ဆေးဆရာကြီး အစ်ကို့ကို သားတစ်ယောက်လို လူကလေးလို့ခေါ်တာ မှတ်မိတယ် မဟုတ်လား"

"ဒါတော့ မှတ်မိတယ်၊ ဒါပေမယ့် အဲဒီခရီးစဉ်ကလေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လိုက်ပျောက်လိုက်ပဲ . . တ ချို့ဟာတွေ မှတ်မိပြီးတော့ တ ချို့ဟာ မမှတ်မိဘူး မိဦးယာ"

"ကြည့်စမ်း . . ဒီနာမည်ကိုတော့ အစ်ကိုက မှတ်မိသားပဲ"

"မှတ်မိရမှာပေါ့ ဒိုင်ရွာမှာ အစ်ကိုရဲ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပဲ၊ ခု မြတ်ရဲ့ဖေဖေကရော"

"ဖေဖေကတော့ ပုဂံခေတ်က ဆုံဖူးတဲ့ ဖေဖေ မဟုတ်ဘူး၊ မြတ်တို့လို အိပ်မက်လဲ မမက်ဘူးလေ၊ ဖေဖေက ယွန်းလုပ်ငန်းကိုတော့ မျိုးနွယ်အရ တတ်ကျွမ်းနေတယ်၊ ဒါကြောင့် ဒီလုပ်ငန်းကို ကြီးပွားအောင် ထူထောင်တာပေါ့"

"ဒါဆို မြတ် ဒီလိုအိပ်မက် မက်တာကို ဘယ်သူမှ မသိဘူးလား"

"ဒီလိုတော့ မဟုတ်ဘူး ကိုနဒီ၊ မြတ်က ဘာမဆို မေမေ့ကို ပြောပြတယ်၊ ခုလဲ မြတ်အိပ်မက်ထဲက တပ်မှူးလေးကို ပြန်တွေ့နေပြီလို့ မေမေ့ကို အသိပေးထားတယ်"

"ဟင် . . မဆူဘူးလား"

"မဆူပါဘူး . . မြတ်ကို ဖေဖေကရော မေမေကပါ သိပ်ချစ်တယ်၊ ပြီးတော့ မြတ်ရဲ့ကိုယ်ကျင့်သီလနဲ့ မန္တလေးတက္ကသိုလ်မှာ ရလာတဲ့ မြန်မာစာဘွဲ့ကြောင့် သမီးဟာ ဘယ်တော့မှ မဟုတ်တာ မလုပ်ဘူးလို့ ယုံကြည်ကြတယ်"

"တကယ်လို့ မြတ်တို့ ဖေဖေသိရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ စကားနည်းတယ်၊ ပြီးတော့ သိပ်ပြီး စဉ်းစားတယ်၊ ဖေဖေ သဘောတူတယ် မတူတယ်ဆိုတာကို ဖေဖေ့အမူအရာကိုလဲ အကဲခတ်ရမှာ"

"မြတ်ဘဝက အေးချမ်းသာပဲနော်"

"အစ်ကို့ဘဝကရော"

"အစ်ကို့ဘဝကတော့ ပူစရာ အဖေအမေတွေ မရှိပါဘူး၊ ပြီးတော့ သာယာဝတီမှာ ပဲခွဲစက်တစ်ခုရှိတယ်၊ အစ်ကိုလဲ စာပေဝါသနာပါလို့ ရေးနေတာ၊ မရေးချင်ရင်လဲ အေးအေးဆေးဆေးနေရုံပါပဲ"

"အစ်ကို့မှာ ရန်ကုန်က သံယောဇဉ်တွေ ဘာတွေ တကယ်မရှိပါဘူးနော်"

"မရှိပါဘူး မြတ်ရဲ့"

"ရှိရင်တော့ မြတ် အဆိုးမဆိုနဲ့"

"ဘာဖြစ်လို့လဲ မြတ်"

"မြတ်က မြတ်သိပ်ချစ်ရတဲ့သူက လှည့်စားရင်လေ မြတ်ကိုယ်မြတ် သတ်သေလိုက်မှာ သိလား"

မနှာဟာဘုရားမှ အထွက်တွင် မြတ်သဇင်၏ နှုတ်ခမ်းအစုံကို လက်နှင့်ပိတ်လိုက်သည်။

"နိမိတ်မရှိတာတွေ မပြောပါနဲ့ မြတ်ရယ်၊ မြတ်နဲ့ အစ်ကို အဲဒီဘဝတုန်းက ဘာဖြစ်ခဲ့သလဲ၊ ဘယ်လိုခရီးဆုံးခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



“မြတ် ဘဝတွေများလို့ ကောင်းကောင်း မမှတ်မိဘူး စိတ်ထင်မှာတော့ မပေါင်းရဘူး ထင်ပါရဲ့”



ပန်းလက်ဆောင်တခပ

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝက အနှစ်တစ်ရာမပြည့်မီ တစ်ဘဝပြောင်းနေပေရာ ကြားထဲတွင် လုံးဝအာရုံ မခံမိသော ဘဝများလည်း ရှိနေနိုင်ပေသည်။

မှတ်မိသည်ဆိုခြင်းမှာ အိပ်မက်ထဲတွင် အရိပ်အယောင်ထင်လျက် ထိုသူကို တိုက်တိုက်ဆိုင်ဆိုင် မြင်တွေ့ရသောကြောင့်သာ မှတ်မိကြရခြင်း ဖြစ်သည်။

တစ်ဘဝသံသရာ၌ကား မိဦးယာသည် သုဝဏ္ဏဘုမ္မိပြည်မှ ပုဂံပြည်သို့ လိုက်လာရသည်ဆိုသော လမ်းခရီးကို ကောင်းကောင်းမှတ်မိနေပါသည်။

လမ်းခရီးတွင် သူ့တပ်သားများနှင့် ငှက်ပျောခိုင်ကြီး ခုတ်ကာ တပ်မှူးလေးဉာဏဗလက သူတို့ထံသို့ ရောက်လာသည်ကို သွား၍မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဦးယာ"

"ဟင် . . မောင်ကြီး"

"ရော့ မိဦးယာနဲ့ ဆရာကြီးစားဖို့"

တပ်သားနှစ်ဦးက ယာယီဆောက်ထားသော တဲလေးထဲသို့ ငှက်ပျောခိုင်ကြီး လာချပေးလိုက်သည်။

ငှက်ပျောခိုင်ကြီးမှာ သဘာဝအလျောက် ပင်မှည့်ဖြစ်နေသော သီးမွှေးငှက်ပျောသီးခိုင် ဖြစ်သောကြောင့် အနံ့မှာ သင်းပျံ့မွှေးနေသည်။

"မောင်ကြီးတို့ဖို့ရော"

"အို . . ရပါတယ် ဒီနေ့ ငှက်ပျောတောတစ်ခုကို ရှာတွေ့တာနဲ့ ရိက္ခာအတွက် သယ်နေကြတာပါ"

ဆေးဆရာကြီးကား ယာယီတဲအတွင်းတွင် တောထဲမှ ရှာ၍ရလာသော ဆေးမြစ်များကို စိစစ်ကြည့်ရှုနေလေသည်။

"သာခုကွယ် . . သာခု လူကလေးရှိလို့လဲ ဒီတပ်တွေကြားမှာ အဘတို့ ကောင်းကောင်းလိုက်ရတာ"

သုဝဏ္ဏဘုမ္မိမှ ခေါ်ဆောင်လာသူများမှာ ပညာသည်များဖြစ်၍ ယဉ်ကျေးသိမ်မွေ့ကြသည်။ အနုပညာသည်များသည် ပိုမိုနူးညံ့သိမ်မွေ့ကြရာ သူတို့အား ပုဂံသားတို့က အော်ငေါက်ခြင်း မောင်းနှင်ခေါ်ဆောင်ခြင်းတို့ကို လုံးဝမကြိုက်ပေ။ မိမိဘုရင် စစ်ရှုံးသောကြောင့်သာ အခြေအနေအရ လိုက်ပါလာကြရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ကွာ . . ဒီပုဂံသားတွေနဲ့ သူတို့ပြည်ရောက်ရင် အသက်ရှည်ပါ့မလား မသိဘူး"

ဆေးဆရာကြီးက တပ်မှူးလေး ဉာဏဗလအား ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"အို . . စကားပြောသံတွေက ကြမ်းတယ်၊ ပြီးတော့လဲ တိုက်ခိုက်တဲ့အသံမျိုးတွေ၊ စစ်နိုင်လို့ သူတို့ရဲ့တက်ကြွတဲ့အသံမျိုးတွေ ကြားရတာ နားမချမ်းသာဘူး"

ဆေးဆရာကြီး၏ ခံစားမှုကို တပ်မှူးလေး ဉာဏဗလက ကိုယ်ချင်းစာမိလေသည်။

"ကျွန်တော် ကိုယ်ချင်းစာနာမိပါတယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်ဘုရင်ကိုတော့ လူတိုင်းက ချစ်မြတ်နိုးကြတာပါပဲ၊ အခုလဲ မနူဟာမင်းကြီး စစ်ရှုံးတဲ့အတွက် အခုလို လိုက်လာရတာ မဟုတ်လား အဘ"

"ဟုတ်တော့ ဟုတ်ပါတယ် ဘာဘရယ် . . သမီးလဲ မနူဟာမင်းအကြောင်း တွေးမိရင် တစ်စက်မှ စိတ်မချမ်းသာပါဘူး"

မိဦးယာကိုလည်း တပ်မှူးလေး ဉာဏဗလက ပြောလိုက်ပြန်လေသည်။

"အနော်ရထာမင်းစောလို့ခေါ်တဲ့ 'အနိရုဒ္ဓ'မင်းမြတ်က သိပ်ပြီးတော့ စာနာထောက်ထားတတ်ပါတယ်၊ ပုဂံကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် အဘတို့လို ပညာရှင်တွေကို သူ့နေရာနဲ့သူ မြှောက်စားပြီး ငွေကြေးကောင်းမွန်စွာရအောင် အလုပ်တွေပေးမှာပါ"

တပ်မှူးလေး ဉာဏဗလမှာ ထိုသို့သာပြောနိုင်လေသည်။ သားအဖနှစ်ဦးလုံးမှာ မနူဟာဘုရင်အတွက် စိတ်မကောင်း ဖြစ်နေကြသည်။ သိပ်စကားပြော၍ မကောင်းပေ။

သို့သော် လူ၏စိတ်သည် ဖြစ်သမျှအကြောင်းရပ်ပေါ်တွင် ဆင်ခြင်တတ်သောစိတ်ရှိရာ လမ်းတွင် မြစ်များချောင်းများသို့ရောက်လျှင် ဖောင်ဖွဲ့၍ကူးနိုင်ရန် လုပ်ဆောင်နေသော တပ်သားများကို တွေ့ရသောအခါတွင် အနုပညာရှင်များ၊ ယွန်းပညာရှင်များ၊ ပန်းချီ ပန်းပု ပန်းတိမ် ပန်းပဲ ပညာရှင်များတို့သည် တပ်သားများကို စာနာမိလေသည်။

"ကျုပ်တို့လဲ ကူလုပ်ပါ့မယ်"

အချို့သော ပန်းပဲသမားနှင့် ပန်းပုသမားများက ဖောင်ဖွဲ့သော တပ်သားများကို ထိုသို့ပြောကြားလိုက်၏။

"ရပါတယ် အနူရုဒ္ဓာမင်းမြတ်က သယ်ဆောင်လာတဲ့လူတွေကို လမ်းမှာ ကောင်းကောင်းမွန်မွန် ခေါ်ခဲ့ဖို့မိန့်ကြားထားပါတယ်၊ ညှဉ်းဆဲတာတို့ အလုပ်ပင်ပန်းအောင်ခိုင်းတာတို့ ခွင့်မပြုပါဘူး"

"အို . . တစ်လှေတည်းစီးပြီး တစ်ခရီးတည်းသွားနေတာပဲ၊ ဘာဖြစ်လို့ ကူပြီးတော့ မလုပ်ရမှာလဲ၊ ကျုပ်တို့ကူလုပ်တော့ ပိုမြန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့သဘောပဲ ကျုပ်တို့ကတော့ ခိုင်းတာ မဟုတ်ဘူးနော်"

ထိုအသံများကို သစ်ပင်အောက်တွင် ရပ်နေကြသော ဆေးဆရာကြီးနှင့် မိဦးယာတို့ ကောင်းစွာကြားလိုက်ကြရလေသည်။

"တွေ့တဲ့အတိုင်းပဲ ဆရာကြီး၊ ကျွန်တော်တို့တပ်သားတွေက ဆရာကြီးတို့အပေါ်မှာ ဘယ်လိုစေတနာထားတယ်ဆိုတာ ထင်ထင်ရှားရှား ကြားနေမြင်နေရတာပါပဲ"

ဆရာကြီးက ခေါင်းညိတ်လိုက်ရလေသည်။

ထိုခေတ်အခါက ကုန်းလမ်းမှာလည်း တောကြီးများ၊ ရိုးမများထဲမှသာ ဖြတ်ကြရရာ ခရီးလမ်းမှာ အတော်ပင်မတွင်ကျယ်လှချေ။

စစ်တောင်းမြစ်ကိုကျော်ပြီးနောက် တောကြီးထဲမှ ဖြတ်လာကြရသောအခါတွင်ကား သားရဲတိရစ္ဆာန်များကလည်း ပေါများလှသည်။

"အားလုံး သတိထားကြဟေ့၊ ဒီတောက ကျားရောကျားသစ်ရော ရှိတယ်၊ ဆင်ရိုင်းတွေလဲ ရှိတယ်၊ ပညာသည်တွေကို အလယ်မှာထားပြီးတော့ တပ်သားတွေက ရံထားကြ"

တပ်သားများက ဘေးက ရံထားကြသည်။ ပညာသည်များကို အလယ်မှထားကာ ဘေးမှ တပ်သားများက သတိဝီရိယနှင့် ချီတက်ကြရသည်။ တောရိုင်းသတ္တဝါများက အုပ်စုလိုက် ပြေးလွှားနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေး . . ဝေး"

တစ်သားများက လှံများ၊ ဓားများဖြင့် ခြောက်မှ တော ထဲမှ ထွက်ပြေးသွားကြသည်။ ထိုကဲ့သို့သော တောနက်မျိုး တွင် ညအိပ်သောအခါ မီးပုံများကိုဖိုကာ လှံများကိုမြှောက်၍ ညာသံပေးနေကြရသည်။

"သိပ်ကြောက်နေလား မိဦးယာ"

တစ်မှုုလေး ဉာဏဇလသည် ထိုအခါမျိုးတွင် မိဦးယာ ရှိရာသို့ ရောက်ရှိလာတတ်၏။ ပြီးနောက် မေးမြန်းပြောဆို တတ်လေသည်။

မိဦးယာကလည်း

"ကြောက်တာပေါ့ မောင်ကြီးရယ်၊ မိဦးယာ ဒီလောက် ကြမ်းတမ်းတဲ့ တောမျိုးမှာ နေမှ မနေဘူးဘဲ"

ဟုပြောသည်။

နေ့ရောညပါ သတိဖြင့်သွားနေသည့်ကြားမှပင် ကျား ဆွဲခံရသူ၊ ကျားသစ်ချီခံရသူများအကြောင်း ကြားသောအခါ တွင် လူတို့ ထိတ်လန့်ကြရပြန်လေသည်။

ဤသို့သော ခရီးများကို ရက်ပေါင်းလပေါင်းများစွာ ဖြတ်သန်းကာ တဖြည်းဖြည်း ပုဂံပြည်သို့ ရောက်ရှိလာသည် ကို အချို့သော ခံစားမှုပြင်းထန်သည့်နေ့များ၌ မှတ်မိနေလေ သည်။ သူတို့သည် ပုဂံ အာနန္ဒာဘုရားတွင် ဘုရားရှိခိုးရင်း ရှေးယခင်က မှတ်မိသမျှသော အကြောင်းများကို ပြန်၍ပြော ပြနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဦးယာက အချို့နေရာများတွင် မှတ်မိသကဲ့သို့ တပ်မှူးလေး ဉာဏဗလမှ ဘဝပြောင်းလာသူ စာရေးဆရာ နဒီနွယ်က အချို့နေရာများကို မှတ်မိနေလေသည်။

ဤသို့ဖြင့် သူတို့နှစ်ဦး မမျှော်လင့်ဘဲ ပြန်တွေ့နေခြင်းကို နှစ်သက်ဝမ်းမြောက်နေရာမှ

"ဒီဘဝမှာတော့ ကိုယ့်ကို မထားခဲ့ပါနဲ့တော့ မိဦးယာ"

"ဟိုအရင်ဘဝတုန်းကလဲ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို မိဦးယာ ကောင်းကောင်း မမှတ်မိပါဘူးလေ"

× × ×

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အဝိဇ္ဇာဟူသောတရား၌ မသိနိုင်သော တရားဟူ၍ (၄)မျိုး ရှိသည်ဟု အဘိဓမ္မာတရားတော်မှာ ဟောကြားထားတော်မူသည်။

မိမိဘယ်ဘဝက လာသည်ကို မသိခြင်းသည်လည်း အဝိဇ္ဇာ။

မိမိ ဤဘဝမှ သေလွန်ပြီး ဘယ်ဘဝကိုရောက်မည်ဆိုသည်ကို မသိခြင်းမှာလည်း အဝိဇ္ဇာ။

သစ္စာလေးပါးတရားကို မသိခြင်းသည်လည်း အဝိဇ္ဇာဖြစ်၍ ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းသည်လည်း အဝိဇ္ဇာပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုနိုင်လေသည်။

ဆရာတော်ဦးပညာဇောတသည် 'အဝိဇ္ဇာ'၏သဘော တရားကို နဒီနွယ်အား ရှင်းပြလိုက်လေသည်။

"တပည့်တော်လဲ အဝိဇ္ဇာတရားဖုံးလွှမ်းနေတာပါပဲ ဘုရား၊ တပည့်တော် အရင်ဘဝကအကြောင်းတွေကို မမှတ်မိ ပါဘူး"

ဦးပညာဇောတက

"ဒါပေါ့ ဒကာကြီးရယ်၊ ဒါကြောင့်လဲ မြတ်စွာဘုရား က 'ပဋိစ္စသမုပ္ပါဒ်'ကို ဟောတော်မူတာပေါ့၊ အဝိဇ္ဇာဆိုတဲ့ မသိ မှုကြောင့် သင်္ခါရဖြစ်တာပေါ့၊ သင်္ခါရဆိုတာ ကာယကံ၊ ဝစီ ကံ၊ မနောကံ သင်္ခါရတွေပေါ့၊ ဒီသင်္ခါရတွေကြောင့်လဲ ပဋိ သန္ဓေဝိညာဏ်လို့ခေါ်တဲ့ ဝိညာဏ ဖြစ်ရတာပါ၊ ပဋိသန္ဓေဝိညာ ဏဖြစ်ရင် နာမ်ရုပ်ဖြစ်ပြီး နောက်တစ်ဘဝကို ရပြန်ရော၊ ဒီ လိုနဲ့ လူတွေဟာ သတ္တဝါတွေဟာ သံသရာတွေလည်နေတာပဲ ဒကာကြီး"

ညချမ်းအခါဖြစ်သောကြောင့် ဦးပညာဇောတသည် ကျောင်း၏မျက်နှာစာတွင် ထိုင်ကာ စာရေးဆရာ နဒီနွယ်နှင့် အေးဆေးစွာ စကားပြောနေသည်။

"အရှင်ဘုရား"

"ဘာမေးစရာရှိသလဲ မေးချင်တာမေးပါ"

"ဒီလိုပါ ဘုရား၊ တပည့်တော် သင်ကြားမှတ်သားဖူး သမျှ ရုပ်ဆိုတာ 'အဗျာကတ'တရားလို့ခေါ်တယ်၊ ဒါပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားတယ်၊ ဒီဘဝမှာ ဒီရုပ်ဟာ ပျက်သွားတတ်တယ်ဆို"

"ဒါက အထင်အရှားပဲ ဒကာကြီးရဲ့၊ မြတ်စွာဘုရားက ပဋ္ဌာန်းဒေသနာတော်မှာ 'ကုသိုလ်'ရယ်၊ 'အကုသိုလ်'ရယ်၊ 'အဗျာကတ'ရယ်ဆိုပြီး တရား(၃)မျိုး ဟောထားတယ်လေ၊ ကုသိုလ်က 'ကောင်းတဲ့အကြောင်း'၊ အကုသိုလ်က 'မကောင်းတဲ့အကြောင်း'၊ အဗျာကတဆိုတာက 'ဖြစ်ပြီးရင် ပြီးတဲ့အကျိုးသက်သက်တရား'ပဲ၊ ဒကာကြီးက အဘိဓမ္မာတွေ ဘာတွေလေ့လာဖူးတော့ ဒါတွေကို သိမှာပါပဲ"

"တင်ပါ့ ကြေကြေညက်ညက် မဟုတ်တောင် အထိုက်အလျောက်တော့ သိပါတယ် ဘုရား"

"ကောင်းတယ် ဒကာကြီး၊ ဒါဟာ တော်တော် အဖိုးတန်တဲ့ တရားပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ဟာ ဒီတရား (၃)မျိုးကိုသာ သေသေချာချာသိရင် မကောင်းတဲ့ အကုသိုလ်ကို လုံးလုံးလုပ်မှာ မဟုတ်တော့ပါဘူး"

"တပည့်တော်က ရုပ်နာမ်ဓမ္မသင်္ခါရတွေကို စဉ်းစားတဲ့ အခါ ရုပ်ကိုအမှီပြုပြီးတော့ ရောဂါဝေဒနာတွေ ဖြစ်ကြတယ်"

"စိတ်ကိုအမှီပြုပြီးတော့လဲ ရောဂါဝေဒနာတွေ ဖြစ်ကြပါတယ် ဒကာကြီးရဲ့၊ စိတ်ဖောက်ပြန်တာ ရူးသွပ်တာ"

နဒီနွယ်က ရုပ်ကိုပြော၍ ဦးပညာဇောတက စိတ်တွင်ဖြစ်တတ်သော ဝေဒနာကိုပါ ဖြည့်စွက်ပြောဆိုလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာက စိတ်ဆိုတာက တစ်ဘဝကနေ တစ်ဘဝကိုတောင် လိုက်နိုင်တယ်၊ ဥပမာ ကုသိုလ်စိတ်တွေ သဒ္ဓါစိတ်တွေ၊ ပညာတွေ စေတနာတွေ ဟုတ်တယ် မဟုတ်လား ဘုရား"

"ဟုတ်သင့်သလောက် ဟုတ်ပါတယ် ဒကာကြီး"

"ဒီတော့ ပျက်စီးသွားတဲ့ ဒီရုပ်ကြီးကတော့ နောက်ဘဝကို ဘာလို့လိုက်ပြီး အကျိုးမပေးတာလဲ ဘုရား"

× × ×

စာရေးဆရာ နဒီနွယ်၏မေးခွန်းကြောင့် ဦးပညာဇောတသည် ခေတ္တမျှငြိမ်သက်သွားသည်။

"ရုပ်နဲ့ နာမ်ဆိုတာ စပြီးတော့ အမေ့ဝမ်းထဲမှာ ပဋိသန္ဓေနေကတည်းက 'သဟဇာတ'၊ 'အညမည'သဘောပဲ အပြန်အလှန် ဒီဘဝမှာ မသေမချင်းတော့ သဟဇာတသဘောဆောင်တာပဲ၊ ဒါပေမယ့် ရုပ်က အပူအအေးကြောင့်ပဲ ဖောက်ပြန်တတ်တာ၊ သိတတ်တာက စိတ်ပဲ ဒကာကြီးရဲ့၊ ဒီစိတ်က ရုပ်ကိုထိရင် နာတယ်၊ ပူတယ်၊ အေးတယ်လို့ သိတယ် မဟုတ်လား"

"တင်ပါ"

"အဲဒါ မသေခင်ပဲ"

"သေတော့ ဒီရုပ်ကြီး နာတယ်၊ ပူတယ်လို့အော်နိုင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မအော်နိုင်တော့ပါဘူး ဘုရား"

"အဲဒါ ဘာဖြစ်လို့လဲ"

"ရုပ်ချုည့်သက်သက် ကျန်ခဲ့လို့ပေါ့ ဘုရား၊ ဥတုဇရုပ်ကလပ်ချည့်သက်သက် ကျန်ရစ်ခဲ့လို့ပေါ့"

နဒီနွယ်က အဖြေကို ပြည့်စုံအောင် ဖြေလိုက်၏။

"ဟုတ်တယ် . . စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ အာဟာရဇရုပ်၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေက ချုပ်ငြိမ်းသွားပြီး ဒီရုပ်တွေက နောက်ဇာတိဖြစ်တဲ့ ဘဝအသစ်မှာ သွားပြီးဖြစ်ကြမှာပဲ"

"တင်ပါ့ ဘုရား"

"ဒီတော့ ဒီဘဝက လေ့လာခဲ့၊ လေ့ကျင့်ခဲ့တဲ့ အရာတွေဟာ ဟိုဘဝကို လိုက်ပါပြီး ဖြစ်ကြပြန်ရော၊ ဒီမှာ ဘဝဟောင်းချုပ်ပေမယ့် ဘဝသစ်ဖြစ်တော့ အမူအရာတွေ အလေ့အကျင့်တွေ ဝါသနာတွေ ပါလာတာပဲ ဒကာကြီးရဲ့"

"ရုပ်ကရော ဘုရား"

"ရုပ်ကလဲ ကုသိုလ်ရှိလို့ အရင်ဘဝကရုပ်ကို စွဲနေရင် ဒီရုပ်မျိုး ဖြစ်တတ်တာပေါ့"

ထိုသို့ရှင်းပြရင်းမှ ဆရာတော်ဦးပညာဇောတသည် ရှေးဆွရာတော်ကြီးများ အဆက်ဆက် သိမ်းဆည်းလာသော ရုပ်တုနှစ်ခုနှင့် ကြေးပုရပိုဒ်အကြောင်းကို သတိရသွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး နဒီနွယ်"

"မိန့်ပါ ဘုရား"

"ပုဂံခေတ်က ကျောက်စာတွေ ဒကာကြီး ဖတ်တတ်တယ် မဟုတ်လား"

"တင်ပါ သုတေသန ပြုပြီး လေ့လာဖူးတာပါပဲ ဘုရား"

"ဘုန်းကြီးအထင်တော့ ဘုန်းကြီးတို့ကျောင်းမှာ ပထမ ရွှေမင်းဝံဆရာတော်ကြီး သိမ်းဆည်းခဲ့တဲ့ ရုပ်တုနှစ်ခုနဲ့ ကြေးပုရပိုဒ်တစ်ခု ရှိတယ်၊ လက်ရေးနဲ့ ရေးပုံကတော့ ပုဂံခေတ်က ကျောက်စာတွေမှာ ရေးထားတဲ့အတိုင်းပဲ"

"ကြည့်ခွင့်ရှိရင် ကြည့်ပါရစေ ဘုရား"

"ဒါဆိုရင် ဘုန်းကြီးနောက်ကို လိုက်ခဲ့ပေတော့"

ဘုန်းတော်ကြီး ဦးပညာဇောတသည် ကျောင်းဝင်းထဲရှိ ရွှေမင်းဝံဂူကြီးထဲသို့ ခေါ်ဆောင်သွားလေသည်။ အလင်းရောင်အားနည်းသောကြောင့် မီးအလင်းရောင် ရစေရန် နဒီနွယ်က လက်ဆွဲမီးအိမ်တစ်ခုကို ဆွဲ၍လာခဲ့ရလေသည်။ ဂူထဲတွင် မှောင်သောကြောင့်

"ဒကာကြီး ကြမ်းပြင်ကိုကြည့်ပြီးတော့သာ လျှောက်ပေတော့ . . ခဲတွေ ဂမ္ဘူတွေများတယ်"

ဟုတ်ပါသည်။ ဂူကြမ်းပြင်တွင် ခဲများ ဂမ္ဘူများရှိနေသောကြောင့် ခလုတ်မတိုက်မိစေရန် ကြိုးစားနေရလေသည်။

"ဝှီး . . ဝှီး . . ဝှီး"



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲမှ လင်းနို့များက ပျံထွက်လာကြသည်။

"ဘာမှမဟုတ်ပါဘူး ဒကာကြီး လင်းနို့တွေပါ"

ဂူကြီးမှာ တစ်ပိုင်းပြိုကျနေ၍ ဝင်၍ရသောနေရာအဆုံးတွင် ဂူအောက်၌ မြှုပ်ထားသော ကျောက်သေတ္တာတစ်လုံးကို တွေ့ရလေသည်။

"အဲဒီကျောက်သေတ္တာကို ဖွင့်လိုက်ပါ"

ဆရာတော် ဦးပညာဇောတ၏အမိန့်အရ ကျောက်သေတ္တာကို ဖွင့်လိုက်ရလေသည်။

ထိုအခါတွင် အတွင်း၌ မည်သည်အသားဖြင့် ထုလုပ်ထားသည်မသိရသော အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦး၏ပုံကို တွေ့မြင်ရလေသည်။

တစ်ဦး၏ပခုံးကို တစ်ဦးကိုင်ကာ မျက်နှာချင်းဆိုင်ကြည့်နေကြသည့်ပုံမျိုးဖြစ်၍ ဝတ်စားဆင်ယင်မှုမှာ ပုဂံခေတ်ဝတ်စားဆင်ယင်မှုမျိုးဟု ယူဆရသည်။

မိန်းကလေးက ပုတီးလည်ဆွဲနှင့် လက်ကြပ်ကိုဝတ်ဆင်ထားပြီး အင်္ကျီနှင့် လုံချည်များမှာ ဆေးထိုးထားသော အရောင် လွင့်ပြယ်နေသည်ဟု ထင်မှတ်ရလေသည်။

ရုပ်တုကို သေချာစွာကြည့်နေသော နဒီနွယ်အား

"ဒကာကြီး အောက်မှ ကြေးပုရပိုဒ်တစ်ခု ရှိသေးတယ်"

ဟု သတိပေးလိုက်၍ နဒီနွယ်က သေတ္တာကြီးထဲသို့ နှိုက်လိုက်ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် အဝတ်ဖျင်စတစ်ထည်ဖြင့် ပတ်ထားသော လေးလံလှသည့် ကြေးပုရပိုဒ်ထုကြီးကို ထုတ်ယူလိုက်လေတော့၏။ ရုပ်တုနှင့် ကြေးပုရပိုဒ်ကို လက်တစ်ဖက်နှင့် ပိုက်ပြီးနောက် မီးအိမ်ကို နဒီနွယ်က လက်တစ်ဖက်နှင့်ဆွဲထား၍

"ဒကာကြီး ကျုပ်ကို ကြေးပုရပိုဒ် ပေးပါ"

ဟု ဆရာတော်က ပြောသောကြောင့် ကြေးပုရပိုဒ်ကြီးကို ဆရာတော်အားပေးကာ မီးအိမ်တစ်ဖက် ရုပ်တုတစ်ဖက်ကိုင်ကာ ဆရာတော်နောက်မှ ဂူထဲမှ ပြန်ထွက်လာခဲ့ကြလေသည်။

ကျောင်းပေါက်ဝတွင်ရှိသော ခြေဆေးသည့်အိုးထဲမှ ရေနှင့် ဖုံများကို ဆေးကြောကာ ကျောင်းတိုက်ပေါ်သို့ တက်လိုက်ကြပြီး ဆရာတော်က တိုက်ကျောင်းတံခါးကြီးကို ပိတ်ထားလိုက်လေတော့သည်။

ထို့နောက် မီးအိမ်ကိုချလျှက် ဆရာတော် ဦးပညာဇောတက . . .

"ဒကာမလေး မြတ်သဇင် ဆွမ်းလာကပ်တဲ့နေ့တုန်းက ကျုပ်မျက်နှာတစ်မျိုး ဖြစ်သွားတာ ဒကာကြီး သတိထားမိလား" ဟုမေးသည်။

"တင်ပါ . . တပည့်တော် သတိထားမိပါတယ် ဘုရား၊ ပထမဆုံး မြတ်သဇင်တို့မိသားစု ဆွမ်းလာကပ်တဲ့နေ့က ဆရာတော် မျက်နှာပျက်သွားတာတွေ့တော့ တပည့်တော်က ဘာများ



www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်စရာတွေ့လို့လဲလို့၊ ဆရာတော်ရဲ့မျက်နှာက အံ့ဩသလိုလို . . တစ်ခုခုကို မယုံကြည်နိုင်သလိုလို ဖြစ်သွားတာ သတိထားမိတယ်"

"ဟုတ်တယ် ဒကာကြီး၊ ဒါက တကယ်တော့ ဟောဒီ ရုပ်တုနှစ်ခုက ဒကာကြီးရဲ့မျက်နှာနဲ့ ဟိုဒကာမလေး မြတ်သဇင်ရဲ့မျက်နှာနဲ့ပါ တော်တော်တူနေတာကို:"

"ဟင် . . ဟုတ်လား ဘုရား"

ဆရာတော် ဦးပညာဇောတ၏စကားကြောင့် ရုပ်တုကို ကိုင်ကာ အနီးကမီးတိုင်ဖြင့် နဒီနွယ် ကြည့်လိုက်သည်။

မူလက အဝတ်အစားများကြောင့် မတူနိုင်ဟုထင်မှတ်ရသော်လည်း အနီးကပ်ကြည့်သောအခါတွင်ကား ယောကျ်ား မှာ သူ၏နှာတံ၊ မျက်ခုံး၊ ပါးစပ်တို့နှင့် တူနေသည်ကို နဒီနွယ် သတိထားမိလိုက်လေသည်။

မိန်းကလေးကိုကြည့်လိုက်ပြန်သောအခါ ခေတ်ချင်း ကွာနေသည့် အဝတ်အစားများမှလွဲ၍ မျက်နှာပုံမှာ မြတ်သဇင် နှင့် လုံးဝတူညီနေလေသည်။

သူသည် သူနှင့်တူသော ယောကျ်ားပုံကိုတစ်လှည့်၊ မြတ်သဇင်နှင့်တူသော မိန်းကလေးပုံကိုတစ်လှည့် တစ်လှည့်စီ ကြည့်ကာ အံ့ဩနေသည်။

"ဘယ်လိုလဲ ဒကာကြီး . . လူတူမရှား နာမည်တူမ ရှား ဆိုတဲ့ စကားပုံတော့ ရှိပါရဲ့၊ ဒါပေမယ့် ခေတ်တစ်ခေတ်



www.burmeseclassic.com

www.burmeseclassic.com



က လှုနှစ်ယောက် အခုလို လာတူနေတာ အံ့ဩစရာ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား၊ တပည့်တော်လည်း ကိုယ့်ကိုကိုယ် အံ့ဩမိတာပါပဲ"

"အံ့ဩသင့်တာပေါ့ . . ဘုန်းကြီးလဲ တစ်ယောက်ချင်းဆို မမှတ်မိနိုင်ဘူး၊ ဟိုတစ်နေ့က ဒကာကြီးနဲ့ မြတ်သဇင်ကို တစ်ပြိုင်နက်တည်းတွေ့မှ ဒီရုပ်တုတွေကို သတိထားမိတာပေါ့"

× × ×



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တုလေးကို ဆရာတော်နှင့် သူ၏ကြားတွင် ချထားလိုက်သည်။ ဆရာတော်က ရုပ်တုနှစ်ခု၏ ထုလုပ်ထားပုံကို ကြည့်ကာ

"ဒါ တောထဲမှာရပ်နေတဲ့ပုံပဲ . . ပြီးတော့ နှစ်ဦးပုံက စိုးရိမ်သောကတွေနဲ့ တစ်ဦးနဲ့တစ်ဦး မလွှတ်တမ်း ပခုံးတွေကို ကိုင်ပြီး ရပ်နေတယ်၊ ဒီတော့ စဉ်းစားစရာ မဟုတ်လား"

"တင်ပါ့ ဘုရား၊ စိုးရိမ်စရာတစ်ခုခု ရှိနေကြသလိုပါပဲ"

"ဘုန်းကြီးထင်တာကတော့ ဟောဒီကြေးပုရပိုဒ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီရုပ်တုနဲ့ပတ်သက်တဲ့ အကြောင်းတွေ ရေးထားတယ် ထင်တာပဲ"

အဝတ်ပတ်ထားသော ကြေးပုရပိုဒ်ကြီးကို နဒီနွယ်အား ပေးလိုက်လေသည်။

နဒီနွယ်က အပေါ်မှ ကျောင်းထိုင်ဆရာတော် အဆက်ဆက်လဲထားခဲ့သော ထူထဲလှသည့် အဝတ်ကြီးကို ခွာ၍ ဖြေလိုက်လေတော့သည်။ ထိန်းသိမ်းသည့် ဆရာတော်များမှာ ကြေးသားပြင်ကို မကြာခဏ တိုက်ထားသောကြောင့် ပြောင်လက်နေသည်။

ဦးပညာဇောတ လည်း ငါးနှစ်တစ်ခါ ကြေးညှိများ မတက်စေရန် ကြေးစွဲသောအမှုန့်ဖြင့် ပွတ်တိုက်ထားခဲ့သည်။ ပုရပိုဒ်ပထမစာမျက်နှာကို ဖတ်ရှုကြည့်လိုက်လေသည်။

" ကြို။ နမော ဗုဒ္ဓသာ သိဒ္ဓံ၊ သာသနာ သက္ကရာဇ် ×××× လွန်လေပြီးရကား ဤအရိမဒ္ဒနပြည်တွင် 'အနုရုဒ္ဓ' မည်သော မင်းအုပ်စိုးလေ . . . . "

ဟု စ၍ရေးထားသည်ကို ဖတ်ရှုရလေ၏။ ထို့နောက် အမတ်ကြီး 'သီရိသိဃ်သူ'သည် သူ့အကြောင်းကို အောက်ပါအတိုင်း ရေးသားထားသည်ကို ဖတ်ရှုရလေတော့သည်။

"တပည့်တော် အသံထွက်ပြီး ဖတ်ပြရမလား ဘုရား"

"ကောင်းတာပေါ့ ဒကာကြီး၊ ဘုန်းကြီးက ကျောက်စာလေးထောင့်စာလုံးနဲ့ မပီသတဲ့ 'ရ'တွေ 'န'တွေနဲ့မို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း မဖတ်နိုင်ဘူး၊ ဒကာကြီး ဖတ်ပြရင် ပိုပြီးအဆင်ပြေ တာပေါ့"

ကြေးပုရပိုဒ်ကြီးပေါ်မှ စာလုံးများကို မီးအိမ်လေးနား တွင် ထောင်ကြည့်လိုက်၏။ ထိုအခါ ကျောက်စာနှင့်တူသော စာလုံးများမှာ ထင်ရှားလာလေတော့သည်။

"ကျန်စ် အမတ်ကြီး သီရိသိဃ်သူသည် ဘုရင် အနုရုဒ္ဓာ၏ အမတ်ကြီးဖြစ်သည့်အလျောက် ဗုဒ္ဓဘာ သာဝင်ကောင်းပီသစွာ တိုင်းရေးပြည်ရေးများကို ကျန်စ် သည် မှုတမှန်ကန်သော အကြံဉာဏ်များဖြင့် ကူညီ ဆောင်ရွက်ခဲ့သူ ဖြစ်ပေသည်။

ကျန်စ်သည် စုက္ကတေးမင်းနှင့် အနုရုဒ္ဓာမင်းမြတ် စီးချင်းထိုးတိုက်ခိုက်သည့် အချိန်မှစကာ အနုရုဒ္ဓာမင်း ထံ ခစားဆောင်ရွက်ခဲ့ရာ မင်းမြတ်သည် ကျန်စ်အား ရာထူးကြီးမားစွာ အဆောင်အယောင်များနှင့်တကွ မြှောက်စားခဲ့ပေသည်။

ကျန်စ်သည် မင်းမြတ်၏ကိစ္စများကို ဆောင်ရွက် ရင်း ထူးခြားသည့် ကလေးငယ်တစ်ဦးကို တွေ့ရှိခဲ့ရ ပေ၏။ ထိုကလေးငယ်လေးမှာ အမိအဘများက စစ် သည်များ ဖြစ်ကြပြီးရန်နိုင်ပြည်နယ်သို့ စစ်ချီသွားကြသည့် အချိန်တွင် တစ်ဦးတည်း အိမ်တွင်ကျန်ခဲ့ကာ မိမိ၏ အစားအသောက် အနေအထိုင်ကို မိမိကိုယ်တိုင် ဆောင် ရွက်ခဲ့သူပင် ဖြစ်သည်။

www.burmeseclassic.com



အရွယ်အားဖြင့် ရှစ်နှစ်ကျော်မျှသာရှိရာ အရပ်ထဲမှ ခိုင်းစေသမျှကို လုပ်လျက် အဖိုးအခကို ပေးသမျှယူပြီးနောက် ကိုယ့်ထမင်းကို ကိုယ်တည်နိုင်သူ ဖြစ်သည်ဟု တွေ့ရသည်။

ကျွန်ုပ်သည် အထောက်တော် စေလွှတ်၍ သူနေပုံထိုင်ပုံကို ကြည့်ရှုစေရာ ပစ္စည်းများသိမ်းဆည်းခြင်း၊ အိပ်စက်ရာ၌ နားပါးခြင်း၊ ချစ်ဖွယ်သောစကားပြောတတ်ခြင်းတို့ကို သိရသောကြောင့် ထိုကလေးငယ်အား ကျွန်ုပ်သည် မိမိအိမ်သို့ ခေါ်ယူစောင့်ရှောက်ရန် ဆုံးဖြတ်ရလေတော့၏။

သို့သော် မိဘများ ပြန်မရောက်သေးသောကြောင့် အခြေအနေ စောင့်ကြည့်နေခဲ့ရာ ရခိုင်ပြည်သို့ စစ်ချီသွားသော စာရင်းတွင် ကျဆုံးသူများစာရင်း၌ သူငယ်၏မိဘများနာမည်ကို တွေ့ရသောကြောင့် ကျွန်ုပ် 'သိရိသိဃ်သူ'မှာ ပို၍စိတ်မကောင်း ဖြစ်ရလေတော့သည်။

နောက်ဆုံးတွင် ကျွန်ုပ်သည် ထိုကလေးငယ်အား သွက်လက်ခြင်း၊ ဉာဏ်ကောင်းခြင်း၊ အလိုက်သိခြင်း၊ အအိပ်အနေနည်းခြင်းကို အကြောင်းပြုလျက် ကျွန်ုပ်အမတ်ကြီးသည် ထိုကလေးအား 'မောင်ဉာဏ'ဟု အမည်ပေးကာ ဆရာတော်၏ သံဃဗုဒ္ဓိကျောင်းတွင် စာပေသင်ကြားရန် အပ်နှံခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကလေးနှင့် ပတ်သက်သော ဝမ်းမြောက်စရာများ၊ အလွန်ကြေကွဲစရာကောင်းသည့် ဖြစ်ရပ်များကို ကျွန်ုပ်မှာ တတ်ကျွမ်းသော ပန်းပုပညာနှင့် ရုပ်တုများ ထုကာ ပုရပိုဒ်တွင် မှတ်တမ်းတင်ထားခဲ့မိပါတော့သည်။

သီရိသိဟ်သူ

ထိုနေရာသို့အရောက်တွင် နဒီနွယ်သည် ရပ်ထားလိုက်၏။

"အရှင်ဘုရား ညဥ့်နက်ပါပြီ ဘုရား၊ မနက်မှ ဆက်ဖတ်ကြတာပေါ့ ဘုရား"

"ကောင်းပြီ . . ဒကာကြီး နားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲသို့ရောက်သည်အထိ နဒီနွယ်သည် လုံးဝ အိပ်ချင်စိတ် မရှိသေးပေ။ ကြေးပုရပိုဒ်တွင် ရေးထားသော ကျောက်စာစာလုံးများကို သူကောင်းကောင်း ဖတ်နိုင်ပါသည်။ ထိုစာလုံးများမှာ သူနှင့် ရင်းနှီးနေသလို ဖြစ်နေသည်။

မျက်နှာပြည့်ပြည့်ဝဝ၊ သဘောကောင်းကောင်း အမြဲ ပြုံးရွှင်နေတတ်သော အမတ်ကြီးတစ်ယောက်

"ဘဘ"

သူက ဘဘဟု ခေါ်တတ်သည်ကို ပြန်၍အမှတ်ရလာ မိတော့သည်။

သိရိသိဃ်သူ

ရွှေမင်းဝံပူသို့ ဤအကြောင်းကိစ္စများရှိ၍ သူ ရောက် ရှိလာခြင်း မဟုတ်ပါချေ။ ဆရာတော် ဦးပညာဇောတရှိ၍ လာရောက်တည်းခိုမိခြင်း ဖြစ်၏။

ယခုတော့ သံယောဇဉ်ဖြစ်စရာ မိန်းကလေးတစ် ယောက်အပြင် ဘဝဟောင်းက သူ၏ဖြစ်ရပ်များကို ပြန်၍ အမှတ်ရသလို ဖြစ်လာသည်။

ကြေးပုရပိုဒ်ကြီးထဲတွင်ကား ထိုဘဝက သူတို့ မည်ကဲ့ သို့ ခွဲခွာရသည်ကို ရေးသားထားပုံ ပေါ်လေသည်။ သူသည် ၎င်းအချက်များကို သိရှိလိုပါသည်။

သူသာမဟုတ်၊ ဤကြေးပုရပိုဒ်ပါ အဖြစ်အပျက်များ သည် သူ၏ဘဝကို ရေးခြယ်ထားသည် မှန်ပါက မြတ်သော်သည် သည်လည်း ထိုဇာတ်လမ်းတွင် ပါဝင်လာမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်သဇင်ကလည်း သူ၏ဘဝကို ရိပ်မိသိရှိလိုသည်မှာ အမှန်ပင်။ သူသည် ကြေးပုရပိုဒ်ကြီးကို ဆရာတော်က သိမ်းသွားသောကြောင့် မနက်ကျမှသာ ဖတ်ရတော့မည် ဖြစ်သည်။

**မြတ်သဇင်သာ ဤအဖြစ်အပျက်များကိုသိလျှင် အ**လွန်အံ့ဩတော့မည်မှာ ဧကန်အမှန်ပင် ဖြစ်သည်။

မြတ်သဇင်နှင့် တွေ့ရဖို့က လိုပါသေးသည်။ နောက်ထပ် ၁၅ ရက်ပြည့်မှ မြတ်သဇင်နှင့် ထပ်တွေ့ရမည်။ သို့သော် ဤကြားထဲတွင်လည်း လာလည်နိုင်ပါသည်ဟု မြတ်သဇင်က ဆိုသွား၏။

မြတ်သဇင်၏ဆိုင်ကို သွားလည်သင့် မသင့် သူစဉ်းစားကြည့်သည်။

ယွန်းထည်အရောင်းဆိုင်
လူဝင်လူထွက် များမည်။

ဝယ်သူများနှင့် စကားပြောနေသည့်အချိန်တွင် မြတ်သဇင်သည် သူ့ကို ဂရုစိုက်နိုင်မည် မဟုတ်ပေ။ သူက ကူ၍ရောင်းပေးဖို့ကျတော့ရော ဈေးဆိုင်အလုပ်သမားများ၊ သူ့မိဘများကြားတွင် သင့်လျော်မည် မဟုတ်ပါ။

စာရေးဆရာ နဒီနွယ်သည် အိပ်မပျော်သည့်အဆုံးတွင် သူရေးနေသော 'ပုဂံမှတ်စု'ဟူသော စာအုပ်တွင် သူ ဒီနေ့ဘုရားဖူးရင်း ကြုံတွေ့ခဲ့သမျှတို့ကို ရေးခြစ်လျက်ရှိနေလေတော့သည်။

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင်ကား ဆရာတော် ဦးပညာဇောတသည် ညောင်ဦးသို့ ရေစက်ချတရားနာကြွ၍ သွားတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

သိန်းလွင်က သူပြောသော စကားများကို နားထောင်ကာ အံ့သြသွားသည်။ သိန်းလွင်သည် သူ့ကို ကျောင်းမှာခေါ်သကဲ့သို့ပင် အစ်ကိုကြီးဟု ခေါ်လေ့ရှိသည်။

"ငါလဲ ဒီလို မထင်မိပါဘူး သိန်းလွင်ရာ၊ မင်းသိရင်တော့ အံ့သြမှာပဲ"

ကျွန်တော်က သိပ်ပြီး မအံ့သြပါဘူး၊ ဒီလိုဇာတ်လမ်းတွေနဲ့ ပတ်သက်လို့ မကြာခဏ ကြားဖူးတာပဲ၊ ကိုယ်တွေ့နဲ့ ကိုယ့်မိတ်ဆွေသူငယ်ချင်းတွေကြားမှာသာ မကြုံဖူးတာ"

သိန်းလွင်က သူ့စားပွဲရှေ့ တယ်လီဖုန်းဘေးတွင် ချထားသော ဗိုက်ပူပူနှင့်အရုပ်ကလေးကို ကြည့်နေသည်။

"အဲဒါ ဘာအရုပ်လဲ သိန်းလွင်"

"အဲဒါ ပုဂံခေတ်က အရုပ်ဆိုးအောင် ကိုယ့်ကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတဲ့ ရဟန္တာရုပ်တဲ့၊ တူးဖော်တဲ့နေရာတွေမှာ မကြာခဏ တွေ့ရတယ်၊ ပုဂံခေတ်ကတော့ ကြေးပုရုပ်ဒ်ရှိတယ်လို့ မကြားဖူးဘူး၊ လက်ရေးကရော ကျောက်စာလက်ရေးပဲလား"

သိန်းလွင်က ကျောက်စာနှင့် ပတ်သက်၍ ကျွမ်းကျင်သူ ဖြစ်သည်။

"အေးလေ . . လေးထောင့်စာပေါ့ကွာ၊ အနီးစပ်ဆုံး ပြောရရင် ရာဇကုမာရ်ကျောက်စာနဲ့ တူတယ်"

"အင်း နှစ်တစ်ရာပတ်ဝန်းကျင်ဆိုတော့ တူနိုင်တာပေါ့၊ ရှေးဟောင်းသုတေသနဌာနကို ဘုန်းကြီးက လှူဖို့အစီအစဉ် မရှိဘူးလား"

ရှေးဟောင်းသုတေသနဌာနဝန်ထမ်းပီပီ သိန်းလွင်က တောင်းဆိုလိုက်သည်။

"တို့ကိစ္စပိစ္စတွေ ပြီးရင်တော့ လှူချင်လှူမှာပေါ့ကွာ၊ ရုပ်တုပါ လှူမှာပါ၊ ရုပ်တုကလဲ ကျောက်သားအောက်မေ့လို့ မဟုတ်ဘူးကွ"

"ဘာနဲ့ ထုတာလဲ အစ်ကိုကြီး"

"ရုပ်တုကလဲ ပဉ္စလောဟာလို အသားမျိုးပဲ၊ လက်ရာကလဲ သိပ်ကောင်းတယ် . . မင်း ပုဂံခေတ် ဆိုကနေတဲ့ ပန်းချီတွေ သိတယ် မဟုတ်လား"

"ဂူပြောက်ကြီးထဲမှာ အများကြီးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . ငါကလဲ ရှေးဟောင်းကလူကို ဆရာလုပ်မိနေပြီ၊ ဆောရီး . . အဲဒီမှာ ကတဲ့သူတွေက ပေါင်တစ်ဖက်ကွေးပြီး အိန္ဒိယအကနဲ့ တူတယ် မဟုတ်လား"

"ဟုတ်တယ်လေ . . အစ်ကိုကြီးကိုတောင် ပုဂံခေတ်ဟာ အိန္ဒိယပန်းချီဆရာနဲ့ မွန်ပညာရှိတွေ ပေါင်းမိသွားတာလို့ ဆွေးနွေးဖူးသေးတယ်"

သိန်းလွင်က ယခင်တစ်ခေါက် နဒီနွယ်လာစဉ်က ကိစ္စကို မှတ်မိသွား၏။

"ဟုတ်တယ် ဒီရုပ်တုတွေရဲ့ မျက်နှာပေးက ဒီလိုပဲ လက်တွေခြေတွေဟန်ကလဲ အဲသလိုပဲကွ"

"အင်း . . ဒါဆိုရင်တော့ ပုဂံခေတ်လက်ရာ သေချာပါတယ်"

"ဒါပေမယ့် အံ့ဩဖို့ကောင်းတာက ဒီရုပ်တုက ယောကျ်ားမျက်နှာက ငါနဲ့တူနေပြီး မိန်းကလေးမျက်နှာက ရွှေရုပ်လွှာယွန်းဆိုင်က မြတ်သဇင်ဆိုတဲ့ မိန်းကလေးနဲ့ တူနေတယ်"

"ဟာ . . လုပ်ချလိုက်ပြန်ပြီ၊ မြတ်သဇင်က သိပ်ချောတဲ့ အမျိုးသမီးပဲ၊ အစ်ကိုကြီးနဲ့ ဘယ်လိုလုပ်တွေ့သွားလဲ"

"တွေ့ပုံကတော့ကွာ . . ရိုးရှင်းပါတယ်၊ ငါက ရွှေမင်းဝံကျောင်းမှာ တည်းတယ်၊ အဲဒီမှာ မြတ်သဇင်တို့ယွန်းဆိုင်က 'ဦးပညာဇောတ'ရဲ့ ရဟန်းဒကာဆိုတော့ လာပြီး ဆွမ်းကပ်ကြတယ်၊ ဒီမှာတင် မြတ်သဇင်နဲ့ ငါနဲ့တွေ့တာပေါ့၊ သူကလဲ ငါ့

www.burmeseclassic.com



လိုပဲ အံ့အားသင့်တယ်"

"ဘာကို အံ့အားသင့်တာလဲ"

"ငါ့ကို အိပ်မက်ထဲမှာ သူတွေ့ဖူးလို့တဲ့လေ"

သိန်းလွင်က အာနန္ဒာဘုရားကြီးကို ငေးကြည့်နေလေသည်။

× × ×

ညပိုင်းတွင် ဦးပညာဇောတ ပြန်ရောက်လာသည်။ ထိုညက လျှပ်စစ်မီးများ ထိန်ထိန်လင်းနေသောကြောင့် မပြီးပြတ်သေးသော ပုရပိုဒ်ကို ဆက်ဖတ်ရန် ကျွန်ုပ်အား လာခေါ်လေသည်။

ထို့နောက် ကျောင်းအပေါ်ထပ်ရှိ သီးသန့်စာဖတ်ခန်းထဲတွင် ဦးပညာဇောတသည် ပက်လက်ကုလားထိုင်တွင်ထိုင်ကာ ကျောင်းသားလေးများ ချပေးထားသော ခါတ်ဘူးဖြင့်

"ဒကာကြီး ရေနွေးကြမ်းသောက် . . ဒီညတော့ ဒီပုရပိုဒ်ကို ပြီးသလောက် ဖတ်တာပေါ့၊ ဘုန်းကြီးကလဲ ဆွမ်းစားသွားတာတောင် စိတ်က ဘာလို့ အဲဒီထဲရောက်နေမှန်းမသိဘူး"

ဟု ပြောသည်။

"တပည့်တော်လဲ စိတ်ဝင်စားတာပါပဲ ဘုရား၊ အရှင်ဘုရား မရှိလို့လဲ တပည့်တော်က မဖတ်လိုက်ရဘူး၊ ခုမှပဲ ဆက်ဖတ်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း ရေနွေးတစ်ခွက်ကို ငုံ့သောက်မိသည်။ ထို့နောက် အမတ်ကြီး 'သိရိသိဃ်သူ'၏စာကို ဆက်ဖတ်ရလေသည်။

သံဃဗုဒ္ဓိကျောင်း၌ စာပေသင်ကြားရန် အပ်နှံထားသော မောင်ညဏကို ကျွန်ုပ်သည် လပြည့်လကွယ်နေ့များ၌ ဥပုသ်သီတင်းစောင့်သုံးရင်း အကဲခတ်ကြည့်သည်။

သူသည် စာကိုကြိုးစားသင်ယူသည့်အပြင် ရှင်အရဟံ၏တပည့်ဖြစ်သူ ရှင်သံဃဗုဒ္ဓိ၏ ဝတ်အမှုများကိုလည်း ကျေပွန်အောင် ဆောင်ရွက်သည်ကို တွေ့ရသည်။

သူ့ဘဝကို သူသိနေသော မောင်ညဏမှာ ထိုခေတ်က နည်းပါးလှသေးသော ကျောင်းသား ငရဲ၊ ငရန်၊ ငကျင်း၊ ငဖြူမင်း ဟူသည့် ကျောင်းသားများကြားတွင် 'ညဏ'ဟူ၍ ထင်ပေါ်ကာ စာအတော်ဆုံး ဖြစ်နေသည်ကို တွေ့ရလေသည်။

ဆရာတော်ကြီး သံဃဗုဒ္ဓိက အမတ်ကြီး သိရိသိဃ်သူကို ခေါ်ကာ

"အမတ်ကြီး"

"အမိန့်ရှိပါ ဘုရား"

"ဒီကလေးဟာ ညဏ်ကောင်းတယ်၊ လာဘ်လဲမြင်တယ်၊ သူ့ကို ရဟန်းဝတ်နိုင်းပြီး စာပေ ပရိယတ္တိအားထုတ်စေချင်လို့လား"

"မဟုတ်ပါဘူး ဘုရား၊ မင်းမြတ် အနုရုဒ္ဓါက ပိဋကတ်ကို မြတ်နိုးလို့ ပိဋကတ်နားလည်တဲ့ လူဖြစ်အောင် အရှင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆီ ပို့ထားတာပါ"

"ကောင်းပြီ . . သူ့ကို ဒီမှာ နှစ်နှစ် သုံးနှစ်ထားပြီး နန်းတော်ထဲကို ခေါ်သွားရင် ကောင်းမယ်၊ ဒါမှ ဘုရင်ကတွေ့တော်မူပြီးတော့ မြှောက်စားနိုင်တယ်၊ သူ့ရဲ့အကင်းပါးပုံ ဖျတ်လတ်ပုံကတော့ အံ့ဩလောက်ပါပေတယ်"

"တင်ပါ့ ဘုရား"

"ဒါပါပဲ မနက်ဖြန်တော့ ဥပုသ်ရက် သကြိန်ဆိုတော့ ကျောင်းပိတ်တယ်၊ ကလေးကို အိမ်ပြန်ခေါ်ချင်လဲ ခေါ်လေ"

"တင်ပါ့ဘုရား . . တပည့်တော်လဲ ဒါကို လျှောက်မလို့ပါ ဘုရား"

BURMESE CLASSIC

ကျွန်ုပ်က လှမ်းကြည့်လိုက်သည်နှင့် ကျောက်သင်ပုန်းကို ဖက်ထားသော 'ဉာဏ' ပြေးလာသည်။ ပြီးနောက် ဆရာတော်ကို ဦးချလိုက်သည်။

"လူကလေး . . မင်းကို ဘဘ အိမ်ခေါ်မလို့ ပြန်လိုက်မလား"

"လိုက်မှာပေါ့ ဘဘရဲ့၊ သကြိန်ရက်ဆိုရင် ကျောင်းမှာ အလှူအတန်းများတော့ ဆရာတော့် ဝတ္တရားလုပ်မယ့်သူတွေ ရှိတယ်လေ"

"အေး . . လာသွားစို့"

ကျွန်ုပ် အမတ်ကြီး သီရိသိဃ်သူသည် 'ဉာဏ'သို့မဟုတ် မောင်ဉာဏကို မွေးစားသားတစ်ဦးကဲ့သို့ပင် ချစ်မြတ်နိုးမိပါလေတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် 'ရှင်သံဃဗုဒ္ဓ'၏ အမိန့်စကားအတိုင်း ကျွန်ုပ်မွေးစားထားသော မောင်ဉာဏကို ကိုရင်သုံးလေးဝါရ၍ ရာဇသတ်၊ ဓမ္မသတ်များကို နားလည်သည်နှင့် နန်းတော်တွင်းသို့ ခေါ်ဆောင်ထားခဲ့၏။

ကျွန်ုပ်၏စံအိမ်ကြီးမှာပင် မောင်ဉာဏကို နေထိုင်စေကာ နန်းတွင်း၌ တိုက်ရိုက်မှူ သိုင်းပညာများ သင်ကြားပေးသော ဆရာများလက်သို့ အပ်ထားရသည်။

မင်းသား၊ အမတ်သားများကို သင်ကြားပေးသော ဆရာများဖြစ်၍ သိုင်းပညာကို ကျကျနန ပီပီပြင်ပြင် သင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ပေးလေရာ မောင်ညာဏမှာ နှလုံးရည်ရော လက်ရုံး ရည်ပါ ပြည့်စုံသူ ဖြစ်လာလေသည်။

သို့သော် သူသည် အရိမဒ္ဒနပူရပြည်ကြီး၏အနေအထားကို နားလည်သည်။ ကိုယ်တော်ရှင် အနုရုဒ္ဓာသည် ပုဂံပြည်ကြီးကို ဘယ်တိုင်းဘယ်ပြည်နှင့် မတူအောင် အင်အားစုရုံးထူထောင်လိုသူ ဖြစ်သည်။

ထို့ကြောင့် အစိတ်စိတ်အမွှာမွှာ ကွဲနေသော မြန်မာနိုင်ငံအနှံ့အပြားကို ဘုန်းလက်ရုံး ဖြင့် သိမ်းပိုက်နေရာ စစ်သည်စစ်သားလည်း အများအပြား လိုအပ်လေတော့သည်။

အနော်ရထာမင်း၏ သားချင်းညီနောင်များ ဖြစ်ကြသော ငစစ်ရန်၊ ငရန်နယ်၊ ငပြည့်တို့ကဲ့သို့ သူများသည် မောင်ညာဏကို မျက်စိကျလာသည်။

BURMESE CLASSIC

"အင်း . . ဒီကောင်လေးဟာ မဆိုးဘူး၊ သူဟာလဲ တပ်ကိုဦးဆောင်သူ ဖြစ်လာနိုင်တယ်"

ငစစ်ရန်က ပြောသည်။ ဘုရင်မင်းမြတ် အနုရုဒ္ဓာသည် အချင်းချင်းသွေးကွဲခြင်း၊ တစ်ဦးနှင့်တစ်ဦး ချောက်တွန်းခြင်းတို့ကို ညှာတာလေ့ မရှိ။

ထိုအကြောင်းကို သိထားကြသော နန်းတွင်းသူနန်းတွင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး စည်းလုံးသောစကား၊ ကောင်းမွန်သောစကားကိုသာ ပြောလေ့ရှိကြသည်။

အရိမဒ္ဒနပူရပြည်တွင် လူမျိုးရေးခွဲခြားခြင်းလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်၍ စစ်မှန်သော သာသနာ ပြန့်ပွားအောင် အရည်းကြီးများကို နှိမ်နင်းသည်မှလွဲ၍ အခြားသော ဘက်လိုက်မှုများ မရှိ၊ လာဘ်စားမှုများလည်း မရှိပေ။

အနော်ရထာခေါ် 'အနုရုဒ္ဓ'မင်းကြီးသည် သူတစ်ပါးကို ဆုံးမခြင်းသာ မဟုတ်၊ မိမိကိုယ်ကိုလည်း ရှင်အရဟံကဲ့သို့ သံဃာတော်တို့၏ အဆုံးအမဖြင့် လိမ္မာယဉ်ကျေးအောင် တရားနှင့်အညီ နေလေသည်။

တစ်နေ့တွင် အမတ်ကြီး သိရိသိဃ်သူသည် ညီလာခံတွင် ဘုရင်မင်းမြတ်က မထင်မှတ်ဘဲ မေးသော မေးခွန်းကို ကြားလိုက်ရလေသည်။

"အမတ်ကြီး သိဃ်သူ"

"ဘုရား"

"အမတ်ကြီးရဲ့အိမ်တော်မှာ မောင်ဉာဏဆိုတဲ့ သားတစ်ဦး ရှိဆို"

"မှန်လှပါ ဘုရား"

ဘုရင်က သိမြင်စုံစမ်းပြီးမှ မေးသောကြောင့် ကျွန်ုပ်မှာ မည်သို့မျှငြင်းဆန်၍ မရပေ။

"အမတ်ကြီးရဲ့သားလေးဟာ စာပေပညာလဲတတ်ပြီး နန်းတွင်းသိုင်းပညာရှင်ကြီးတွေရဲ့ ချီးမွမ်းခြင်းလဲ ခံရတယ်လို့ သတင်းကြားတယ်"

"မှန်လှပါ"



www.burmeseclassic.com

www.burmeseclassic.com



အရိမဒ္ဒနပူရပြည်၏ စစ်မှုထမ်းရန် အနုရုဒ္ဓာဘုရင်က ခြေဖြာက်စားဖို့ မေးမြန်းခြင်းဖြစ်၍ ကျွန်ုပ်မှာ အလွန်ပင်ဝမ်းသာသွားမိတော့သည်။

"မှန်လှပါ အရှင်မင်းမြတ် လိုတော်မူက ကျွန်တော်မျိုး၏သား မောင်ဉာဏကို အလိုရှိရာ သုံးနိုင်ကြောင်းပါဘုရား"

"အေး . . ကောင်းပေပြီ"

"ငါ လူကိုယ်တိုင် တွေ့ချင်သေးတယ်၊ မနက်ဖြန် ညီလာခံကို ခေါ်ခဲ့ပေတော့ အမတ်ကြီး သီရိသိဃ်သူ"

"အမိန့်တော်အတိုင်းပါ ဘုရား"

အမတ်ကြီးသီရိသိဃ်သူသည် ဝမ်းသာအားရဖြင့် ပြန်လာခဲ့လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် စံအိမ်သို့ရောက်သောအခါ လူပျိုတော်သားများအား မောင်ဉာဏအား ရှာဖွေပေးရန် အရေးတကြီးပြောလိုက်သည်။ မောင်ဉာဏသည် ဥယျာဉ်တော်ထဲတွင် ကိုယ်ခံပညာကို အပြင်းအထန် လေ့ကျင့်နေသည်ကို တွေ့ကြရသည်။

"မောင်ဉာဏရေ အမတ်ကြီးက မင်းကိုတွေ့ချင်လို့ခေါ်နေတယ်"

မောင်ဉာဏသည် မည်သို့မျှမပြောတော့ဘဲ လေ့ကျင့်နေသည့် ဓားလှံများကို ပစ်ချကာ ကျွန်ုပ်ထံသို့ ပြေးလာရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ပုဂံသားပီပီ လက်ရုံး များမှာ ဖွံ့ထွားနေပြီး ကြီးမားသော ကိုယ်ထည်ရှိ၍ ကြံ့ခိုင်သူပင် ဖြစ်သည်။

နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်း၊ မေးရိုးခိုင်ခိုင်နှင့်မို့ ဘုရင်မင်းမြတ် တွေ့ရှိပါက မောင်ဉာဏကို သဘောကျဖို့ သေချာနေလေသည်။

"ကဲ . . ထိုင်စမ်းပါဦး လူကလေး"

မောင်ဉာဏသည် ချွေးသံရွှဲရွှဲနှင့်ပင် အမတ်ကြီးရှေ့၌ ထိုင်လိုက်လေသည်။

"လူကလေးကို ဘုရင်မင်းမြတ်က မေးနေတယ်"

"ခင်ဗျာ"

မောင်ဉာဏက အံ့အားသင့်သွားသည်။

"အနုရုဒ္ဓာမင်းမြတ်က ကျွန်တော်မျိုးကို မေးတယ် ဟုတ်သလား ဘုရား"

"ဟုတ်တယ် လူကလေး၊ စေစ်ရန်တို့ ငပြည့်ဝတို့က ဘုရင့်ရဲ့ ညီတော်တွေ တူတော်တွေ မဟုတ်လား၊ သူတို့နဲ့ရော မင်းက ရင်းနှီးသလား"

"ရင်းနှီးတယ်တော့ မဟုတ်ပါဘူး ဘဘ၊ သူတို့အလိုရှိလို့ခိုင်းရင် ကူညီလုပ်ကိုင်ပေးတာပါပဲ၊ သူတို့က တစ်ခါတစ်ရံ သိုင်းကစားဖို့ခေါ်ရင်လဲ သွားပြီး ကစားရပါတယ်"

မောင်ဉာဏ၏ ယဉ်ကျေးလိမ္မာမှုရှိခြင်းကို ကျွန်ုပ် သိထားပေသည်။ သို့သော် ရာဇသေတ်အရ မင်းမှုထမ်းဆိုသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘုရင်က အမြဲအလိုတော်ရှိနေမှ ကောင်းသည်။ ရှင်ဘုရင် မျက်နှာ သုန်မှုန်လျှင် မကောင်းပေ။

ထို့ကြောင့် ကျွန်ုပ်မှာ မောင်ညဏအား ဆုံးမစရာရှိသည်များကို ဆုံးမတော့၏။

"အနူရုဒ္ဓါမင်းကြီးနားကို မင်းရဲ့အမည်ပေါက်ကြားတယ်ဆိုတာ ကောင်းတဲ့ပေါက်ကြားခြင်းပါပဲ၊ ဒီတော့ မင်းဟာ ရှင်ဘုရင်က မြှောက်စားလို့ မကြာခင် ကောင်းစားတော့မယ်"

မောင်ညဏ ဝမ်းသာသွားလေသည်။ သို့သော် ထိုဝမ်းသာမှုကို အမတ်ကြီး၏ရှေ့တွင် ပေါ်လွင်ထင်ရှားအောင် မပြရဲပေ။

"ဘဘအိမ်မှာနေလို့ ဒီလိုဖြစ်ရတာပါ၊ ဘဘရဲ့ကျေးဇူးကို ကျွန်တော်မျိုး တစ်သက်လုံး မမေ့ပါ ဘုရား"

ကျွန်ုပ်မှာ မောင်ညဏ၏အပြောနှင့် မောင်ညဏ၏ စိတ်ထားကို နားလည်လေသည်။ သို့သော် မင်းခစား ကမ်းနား သစ်ပင် ဆိုသကဲ့သို့ အမှားအယွင်းတစ်ခုခုဖြင့် မင်းပြစ်မင်းဒဏ်ခံရမည်ကို စိုးရိမ်မိ၏။

"လူကလေး မင်းနားမှာ နေတယ်ဆိုတာ အရာရာကို သိတတ်ရတယ်၊ ဆရာတော်ကြီး သံဃဗုဒ္ဓိဆီမှာ မင်းဟာ 'ရာဇသေဝက'ကျမ်းကို သင်ယူဖူးတာပဲ၊ ဒီတော့ ဘုရင်မင်းမြတ်ရဲ့အလိုကို စိတ်က သိနေရမယ်၊ မင်းဆီမှာ ခစားတဲ့သူဟာ သတိရှိသော ဝိဒူပညာရှိသောသူ ဖြစ်ရမတဲ့"

"မှန်လှပါ ဆုံးမစကားကို ရင်ထဲမှာ အမြဲထားပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား"

"ဒီတော့ မနက်ဖြန်စောစောမှာ ရေမိုးချိုးပြီး ဝတ်ကောင်းစားလှ ဝတ်ထားပေတော့၊ ဘုရင်မင်းမြတ်က ညီလာခံမှာ မင်းကိုတွေ့လိမ့်မယ်၊ တွေ့တဲ့အခါ မေးမြန်းတာကို သွက်သွက်လက်လက်သာ ဖြေပေတော့"

ကျွန်ုပ်သည် ပြောစရာရှိသည်များကို ပြောလိုက်သည်။ မောင်ဉာဏ၏ရင်ထဲတွင် မည်မျှဝမ်းသာနေမည်ဆိုသည်ကို ကျွန်ုပ် ရိပ်မိပါသည်။ သူသည် ပေါ့ပါးစွာ စံအိမ်ပေါ်မှ ခုန်ချသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နေရောင်ခြည်ကား အရိမဒ္ဒနပူရပြည်၏ နန်းတော်မှ ရွှေရောင်များကို ထိုးဟပ်သွားသည်။ သွားသူလာသူများသည် လမ်းများပေါ်တွင် စည်ကားနေသည်။

အမတ်ကြီးအဆောင်အယောင် လှည်းနှင့်တကွ သိရိသိဃ်သူသည် သူ့အိမ်တော်ပါကျွန်များဖြင့် နန်းတော်အတွင်းသို့ ကြွချီရာ ယခုတစ်ခေါက်တွင် မောင်ဉာဏပါ ပါသွားလေသည်။

ညီလာခံတွင် စစ်ရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စ၊ လယ်တွင်း (၁၁)ခရိုင်ကိစ္စများကို အနူရုဒ္ဓာဘုရင်ကြီးသည် မိန့်ကြားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် သတိပညာအလွန်ကောင်းလှသော မင်းကြီးသည် အမတ်ကြီး သီရိသိဃ်သူကိုကြည့်ကာ

"အမတ်ကြီး သီရိသိဃ်သူ . . သင်နှင့်အတူ ရှေ့နောက် ထိုင်နေသူဟာ သင့်သားလော" ဟုမေးလေတော့သည်။

အောင်မြင်ထည်ဝါလှသော 'အနုရုဒ္ဓာ'မင်းမြတ်အသံ ကြောင့် မောင်ဉာဏမှာ ကျောထဲမှ စိမ့်သွားသည်ဟုပင် ထင် မိလေသည်။

"မှန်လှပါ ဘုရား"

"နာမည် ဘယ်လိုခေါ်သတုန်း"

"ဉာဏပါ ဘုရား"

"အော် . . ပညာထက်မြက်မဲ့ လက္ခဏာပဲ၊ လူလုံးလူ ဖန်လဲ လှသားပဲ၊ မောင်ဉာဏ"

"ဘုရား"

"မောင်မင်းကို စစ်မှုထမ်းခိုင်းလျှင် မောင်မင်းက ထမ်း ရွက်လိုစိတ် ရှိသလား"

"မှန်လှပါ . . အသက်စွန့်ပြီး ထမ်းပါ့မယ် ဘုရား"

မောင်ဉာဏသည် သင်ကြားစရာ မလိုဘဲ သူ၏စိတ် ထဲတွင် ရှိသည့်အတိုင်း ပြောဆိုလိုက်သည်။ ကျွန်ုပ်မှာ ဘုရင် မင်းမြတ်ထံမှ ထွက်ပေါ်လာမည့် စကားသံတိုင်းကို ရင်တဖိုဖို



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ဖြင့် စောင့်ကာ နားထောင်နေလျက် ရှိနေလေသည်။

"ကဲ . . မောင်ဉာဏ ယခု အသစ်ဖွဲ့စည်းတဲ့ တပ်မှူးကြီး ဧရှုပီရဲ့တပ်မှာ မောင်ဉာဏက တပ်မှူးလေးအနေနဲ့ ဆောင်ရွက်ပေတော့"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

ကျွန်ုပ်မှာ ဝမ်းမြောက်၍ မဆုံးတော့ပေ။ တော်ရုံလူကို အိုးစား၊ သွေးသောက်ကြီး ခန့်လေ့မရှိသော အနူရုဒ္ဓါဘုရင်မင်းမြတ်သည် ကျွန်ုပ် ကျေးမွေးစောင့်ရှောက်သော မောင်ဉာဏကို တပ်မှူးလေး ခန့်လိုက်၍ သူသည် ငယ်ရွယ်နုနယ်စဉ်မှာပင် ရာထူးအဆောင်အယောင်များ ရရှိပေတော့သည်။

သို့သော် ကျွန်ုပ်၏စံအိမ်တော်မှာကား သူ၏မျက်နှာကို မြင်ရတော့မည် မဟုတ်။ ကျွန်ုပ်သည် ထိုတစ်ချက်နှင့်ပင် ရင်ထဲတွင် ဝမ်းနည်းကြေကွဲသွားမိသည်။

ငယ်ရွယ်သော မောင်ဉာဏမှာကား တပ်မှူးလေးဟူသော ရာထူးကြောင့် ရင်ထဲတွင် ဘုရားပွဲလှည့်နေမည်မှာ သေချာပေတော့သည်။

× × ×

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးကြီးများ နေထိုင်ရန် ဆောက်လုပ်ထားသော အဆောင်များ ရှိလေသည်။

ထို့ကြောင့် အရိမဒ္ဒနပူရပြည်မှ တပ်သားများသည် တစ်သုတ် စစ်ချီထွက်သွားလျှင် တစ်သုတ်မှာ နန်းတော်ကို ကာကွယ်ရန်နှင့် လိုအပ်က စစ်ကူလိုက်ရန် အသင့်ဖွဲ့စည်းပြီး ဖြစ်နေလေသည်။

အနော်ရထာဘုရင်ကား အမြော်အမြင်ကြီး၏။

စစ်ရေးပရိယာယ် ကြွယ်ဝ၏။

တိုင်းသူပြည်သားတို့ကိုလည်း ရင်၌ ဝယ်သားကဲ့သို့ ချစ်ခင်သူ ဖြစ်သည်။

ရာထူးအလိုက် မြှောက်စား၍ စားစရိတ် ရိက္ခာကို မပြတ်မလပ်အောင် ထောက်ပံ့သောကြောင့် အနော်ရထာဘုရင်၏အမှုတော်ကို ထမ်းရွက်သူတို့မှာ မည်သူမျှ တာဝန်မကျေမလုပ်ရဲပေ။

တစ်သွေးတစ်သံတစ်မိန့် ဆိုသကဲ့သို့ မင်းမြတ် အနော်ရထာ၏အမိန့်ကို အဆင့်ဆင့် အားလုံးလိုက်နာကြသည်။ ကျွန်ုပ် ကျွေးမွေးထားသော မောင်ညဏမှာ အရှင်မွေးတော့ ချက်ချင်းကြီး ဆိုသကဲ့သို့ အနော်ရထာမင်းကြီးက တပ်မှူးလေး ခန့်လိုက်သောကြောင့် တပ်မှူးလေး အဆောင်အယောင် စလွယ်နှင့်တကွ တပ်မှူးလေး၏ အိမ်ရာသို့ ပြောင်းရွှေ့ရလေသည်။

"တို့ကို မမေ့မသွားနဲ့နော်"

လူပျိုတော်သားများက သူ့ကို ခင်မင်စွာ နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရာထူးရတယ်ဆိုပေမယ့် ငါလဲ မင်းတို့နဲ့ ခွဲရတာ စိတ်မချမ်းမြေ့ပါဘူး၊ ငါ့ဆီကိုလဲ လာလည်ကြပါ၊ ငါလဲ လာလည်ပါ့မယ်"

တပ်မှူးလေးမောင်ဉာဏက ထိုသို့ပြောသည်။ ထို့နောက် နန်းတွင်းရှိ တပ်တည်ရာဌာနသို့ သူ၏တပ်မှူးလေးအတွက် ပေးပို့ထားသော လူပျိုတော်သားများက ပစ္စည်းများကို သယ်ယူသွားကြလေသည်။

မကြာမီ တပ်မှူးလေးမောင်ဉာဏသည် စစ်ထွက်တော့မည်ဖြစ်ကြောင်း ကျွန်ုပ် သတင်းကြားသိရတော့၏။ စစ်ထွက်ရမည့်အကြောင်းမှာ သုဝဏ္ဏဘူမိပြည်တွင် စစ်ရေးအရ တိုက်ခိုက်ရန် လိုအပ်၍ တပ်ကူအဖြစ် လိုက်ပါရမည်ဖြစ်ကြောင်း၊ ရှေ့တပ်နှင့် နောက်တပ်ကို ဆက်သွယ်သည့် တပ်မှူးလေးတစ်ဦးအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်မှာ ကျွန်ုပ်အား လာရောက်ကန်တော့နေသော တပ်မှူးလေးဝတ်စုံနှင့် မောင်ဉာဏကို ကြည့်လိုက်သည်။ အတွင်းခံပိုးသားအနီရောင်နှင့် ဘောင်းဘီများမှာ ချုပ်ထားခြင်းဖြစ်၍ ပြောင်လက်နေသည်။ ထိုအပေါ်မှ စလွယ်များ၊ ခေါင်းမှ မကိုဋ်များသည် မောင်ဉာဏကို ချောမောခံ့ညားအောင် ဖန်တီးထားသကဲ့သို့ ဖြစ်လေသည်။

သူတို့သည် စစ်ချီစတွင်သာ ထိုကဲ့သို့ ဝတ်ဆင်ထွက်ရမည်ဖြစ်ပြီး ခရီးအလယ်သို့ ရောက်ရှိသောအခါတွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုအင်္ကျီအဝတ်အစားများ ဆက်ဝတ်ထား၍ မဖြစ်ပေ။ ခေါက်၍သိမ်းဆည်းကာ ဖျင်ကြမ်းအဝတ်ဖြင့် ခရီးပြင်းနှင်ရမည်သာ ဖြစ်၏။

ဤဝတ်စုံမှာ ပွဲတက်ဝတ်စုံဖြစ်၍ စစ်မထွက်မီ အမိအဘများ၊ ဆရာသမားများအား ကန်တော့သောအခါ ဝတ်ဆင်ထားရခြင်းပင် ဖြစ်လေသည်။ မောင်ဉာဏသည် ရဲရင့်၍ မည်သည့်အမှုမျိုးကိုမဆို တာဝန်ကျေပွန်အောင် ဆောင်ရွက်မည်ဆိုခြင်းကို ကျွန်ုပ် သိရှိနေပေသည်။

"မောင်ဉာဏ"

"အမိန့်ရှိပါ ဘဘ"

"ဒါဟာ မင်းရဲ့ ပထမအကြိမ်တိုက်ပွဲပဲ၊ ဒီတော့ မင်းရဲ့သတ္တိအစွမ်း ပေါ်လွင်အောင်ပြပါ၊ ဒါမှ ရှေ့ရာထူးတက်ဖို့အတွက် အခြေအနေကောင်းမယ်၊ လူဆိုတာ လက်ရှိအခြေအနေကို ဘယ်တော့မှ ကျေနပ်မနေရဘူး၊ လက်ရှိအခြေအနေကို ကျေနပ်နေတဲ့သူဟာ ဘယ်တော့မှ မတိုးတက်ဘူး၊ ဘဘ ပြောတာ မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် ဘဘ"

"တောထဲတောင်ထဲ ရောက်တဲ့အခါ လူမမြင်ကွယ်ရာဆိုပြီး မတရားမှုကို မပြုမိပါစေနဲ့၊ တရားနဲ့အညီ ဘုရင်မင်းမြတ်က ချမှတ်ထားတဲ့အမိန့်အတိုင်း ဆောင်ရွက်နိုင်ဖို့ ကြိုးစားပါ၊ မင်းလုပ်တာ မှန်သမျှ လူတွေနတ်တွေ အမြဲသိတယ်လို့ သဘောထားပြီး အကျင့်ကောင်းအောင် ဆင်ခြင်နေထိုင်ပါ"

www.burmeseclassic.com

ကျွန်ုပ်သည် ဆင်ခြင်စရာရှိသည်များကို ဆင်ခြင်နိုင်စေရန်အတွက် ဆုံးမစရာရှိသည်များကို ဆုံးမပြောကြားလိုက်လေသည်။

ထို့နောက် သူ့တံခါးဝမှ အစောင့်တပ်သားများနှင့်အတူ တပ်မှူးလေး ဉာဏဗလ ထွက်ခွာသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

"အင်း . . သူလဲ တပ်မှူးလေး ဖြစ်သွားပြီပဲ၊ သူ့အလုပ် သူလုပ်မှာပေါ့လေ"

သံယောဇဉ်ကိုဖြတ်ကာ ရှင်ဘုရင် အနုရုဒ္ဓက ခိုင်းထားသော အလုပ်ကို လုပ်ဆောင်ရန် စီစဉ်ရလေသည်။ အမတ်ကြီး သီရိသိဃ်သူ၏အလုပ်မှာ ရွှေစည်းခုံဘုရားကြီး တည်နေသည်ကို ပန်းရံများ၊ ပန်းတဉ်း ပညာရှင်များအား ကြီးကြပ်ရသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အလုပ်ရှိရာသို့ သွားရန် လူပျိုတော်သား များအား မြင်းရထား ပြင်ဆင်ခိုင်းလိုက်လေတော့၏။ မိမိအ လုပ်နှင့်မိမိ ကျွန်ုပ်သည် အာရုံဝင်စားလျက် ရှိပေရာ သုဝဏ္ဏ ဘုမ္မိသို့ စစ်ချီသွားသော မောင်ဉာဏကို မေ့မေ့လျော့လျော့ ဖြစ်နေလေသည်။

တစ်နေ့ အရိမဒ္ဒနပူရပြည်သို့ ပြန်ဝင်လာစဉ် မြို့ထဲတွင် ဆူဆူညံညံ ဖြစ်နေသည်ကို တွေ့ရလေသည်။

"ဟင် . . ဘာဖြစ်နေပါလိမ့်"

"သုဝဏ္ဏဘုမ္မိပြည်ကို မင်းမြတ်အနုရုဒ္ဓာတပ်တွေ အောင်မြင်သွားပြီ"

"အောင်ပြီ"

"အောင်ပြီ"

နန်းတော်ထဲမှ အော်ဟစ်ထွက်လာသော စစ်သည်များ ကို လမ်းပေါ်မှလူများသည် ရပ်ကြည့်နေကြသည်။

"သုဝဏ္ဏဘုမ္မိပြည်ကို ပုဂံပြည်က စစ်နိုင်သွားပြီတဲ့"

ဈေးထဲမှ သစ်သီးသည်ကြီးက ပျော်ရွှင်၍ သူ၏သစ် သီးများကို ယူချင်သူယူဟုဆိုကာ လမ်းပေါ်သို့ ဖြန့်ကြဲချလိုက် သည်။

"ဟော့ မလုနဲ့ကွ"

"ဒါ ငါရထားတာကွ"

"ဒီအလုံးကို ငါအရင်တွေ့တာ"

လမ်းပေါ်ရှိ သစ်တော်သီးများကို လူများသည် လုနေ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား တို့နိုင်ငံက စစ်နိုင်သွားပြီပဲ၊ တော်ကြာ ရတနာရွှေငွေတွေ ရောက်လာတော့မယ်"

အနော်ရထာမင်းက စစ်နိုင်ပြီဆိုလျှင် ထိုနေရာမှ အနုပညာသည်များ၊ ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းယွန်းပညာရှင်များကို ခေါ်ဆောင်လာမြဲဖြစ်ရာ အရိမဒ္ဒနပူရပြည်သားများ ပျော်မည်ဆိုက ပျော်စရာပင်။

အချို့ကလည်း ငွေစကိုများများစုထား ကြလေသည်။ သာမကေအားဖြင့် ကသည်းနှင့် ရခိုင်တို့ကိုနိုင်သောအခါ ရွှေဒင်္ဂါးများ၊ ကျောက်မျက်ရတနာများကို ဈေးပေါပေါဖြင့် ရတတ်သည်။ ထို့ကြောင့် ငွေရှိတဲ့သူများက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

အမတ်ကြီး သီရိသိဃ်သူသည် သူ့မြင်းလှည်း၏ပြတင်းပေါက်မှ ကြည့်လိုက်ရာ မြို့သူမြို့သားများ ကခုန်ခြင်း၊ အော်ဟစ်နေခြင်းကို တွေ့လိုက်ရလေသည်။ သုဝဏ္ဏဘုမ္မိပြည်မှ လူများ ရောက်လာလျှင် ရွှေများပါလာမည်ဖြစ်ကြောင်း ပြောသူကလည်း ပြောနေသည်။

"စိတ်ချ . . သုဝဏ္ဏဘုမ္မိပြည်ဆိုတာ ရွှေငွေသိပ်ပေါတယ်"

"ဟုတ်လား . . ဒါဆိုရင် ဒီကိုပါလာတဲ့သူတွေက ငွေလိုရင် တို့ဈေးကို လာရောင်းမှာ၊ ငွေတွေကို စုထားမှ" ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီး သီရိသိဃ်သူက ပြုံးလိုက်သည်။

"အင်း . . လူတွေက သူတို့ရဖို့ပဲ တွက်နေကြတာကိုး၊ ဒါဆို ငါ့သားတပ်မှူးလေး ဉာဏလဲ စစ်ပြီးရင် ပြန်လာတော့မှာပေါ့၊ သူက ကြက်သားအရည်သောက်ကို သိပ်ကြိုက်တယ် သူလာတော့မှ ဖိတ်ကျွေးရမယ်"

မိဘပီသစွာ အမတ်ကြီးသီရိသိဃ်သူက တွေးနေလေသည်။ ထိုမှ လခွဲမျှကြာသောအခါတွင် သုဝဏ္ဏဘုမ္မိမှ တပ်မှူးများ၊ တပ်သားများ၊ စစ်သည်များ ပြန်ရောက်ရှိကြပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

ကျွန်ုပ်မှာ တပ်မှူးလေး ဉာဏဗလကို ထိုနေ့က မျှော်နေလေသည်။ သို့သော် ဘုရင်မင်းမြတ် အနုရုဒ္ဓာအား ခစားကာ ညီလာခံသဘင်တွင် ကြာနေပုံရသည်။

စစ်ရေးညီလာခံရှိလျှင် ရှင်ဘုရင်အနုရုဒ္ဓာသည် အခြားညီလာခံများရပ်ကာ စစ်အောင်သောတပ်များကို ဆုတော်လာဘ်တော်နှင့် ရာထူးအဆင့် တိုးပေးခြင်းတို့ကို ဂရုစိုက်နေလေသည်။

ဤရက်မျိုးတွင် အမတ်ကြီးသီရိသိဃ်သူတို့ ညီလာခံမတက်ရ။ မိမိအလုပ်ကိုသာ မိမိ ဂရုစိုက်နေရလေသည်။ တစ်ရက်နှစ်ရက်ကြာသောအခါမှ တပ်မှူးလေးဉာဏဗလ ရောက်ရှိလာသည်။

စစ်ရေးကြုံသည့် လေးငါးခြောက်လအတွင်း တပ်မှူး



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ အလွန်ပင် ပိန်သွားလေ၏။ သူ၏အသားများမှာလည်း ညိုသွားပြီး ရာထူးအဆင့်ကား လက်ထောက်တပ်မှူးကြီးအဖြစ် တိုးမြှင့်ခြင်း ခံရသည်ဟု သိရှိရလေသည်။

"ဟာ . . မြို့ထဲမှာလဲ အလုပ်တွေရှုပ်နေတာပါလား ဘဘ"

"ဟုတ်တယ် သား၊ မင်းတို့ကလဲ မြင်းကပါမှာ ယွန်းရှာကြီး တည်မလို့ဆို၊ အဲဒီမှာလဲ အိုးတွေအိမ်တွေ ဆောက်ကြလုပ်ကြနဲ့"

"ဟုတ်ပါတယ် ဘဘ၊ ကျွန်တော်မျိုးက အဲဒါကို ကြီးကြပ်ရတာပါ၊ ပြီးတော့မှ ဒီမြင်းကပါမြို့ကိုစားဖို့ ညီတော်လားတူတော်လား လွှဲမယ်ပြောတယ်"

"ညီတော် ဖြစ်မှာပါ၊ အနုရုဒ္ဓာက သူ့ညီနောင်သားချင်း ငစစ်ရန်ကို နန်းတော်ထဲမှာ သိပ်နေရာပေးတာ၊ သူက တရားစီရင်တဲ့နေရာမှာ သိပ်တော်တယ်၊ မှုတတယ်လို့ နာမည်ကြီးတယ်"

"ဟုတ်လား . . ဒီသတင်းတွေတော့ ကျွန်တော်မျိုး မကြားရသေးပါဘူး ဘဘရယ်"

သူယူလာသည့် အိတ်ကြီးကို ဖွင့်လိုက်လေသည်။

"ဘာတွေလဲကွ မောင်ဉာဏ"

"စားစရာတွေတော့ မဟုတ်ပါဘူး ဘဘ၊ ဆေးဆရာသားအဖနဲ့ ရင်းနှီးလို့ သူတို့ခူးထွဲ ဆေးမြစ်တွေ လိုက်ခူးလာ

www.burmeseclassic.com



တာပါ၊ ဒါက လင်းနေလေ၊ ဒါက နလင်ကျော်မြစ်၊ ဒါက နွယ်ချိုတွေ၊ ဒါတွေက အသက်ရှည်ဆေးလို့ခေါ်တဲ့ ဆေးနွယ်တွေပါ"

ဆေးနွယ်နှင့် ဆေးမြစ်များကို တစ်မျိုးစီပြောကာ အမတ်ကြီး သီရိသိဃ်သူ၏ရှေ့သို့ ချပေးလိုက်သည်။

သီရိသိဃ်သူမှာ သူ၏မွေးစားသား မျက်နှာကို စိုက်ကြည့်ရင်း စိတ်ထဲတွင် ထင့်သွားမိလေသည်။

"လူကလေး"

"ဘဘ"

"မင်းမှာ တ ခြားပြောစရာတွေ ရှိသေးသလား"

မောင်ညဏမှာ ခေတ္တငြိမ်သက်သွားသည်ကို ကျွန်ုပ်သိလိုက်ရသည်။ သူ၏မျက်လုံးအိမ်ထဲတွင် တစ်စုံတစ်ရာကို လျှို့ဝှက်ထားသည်ကို ကျွန်ုပ်တွေ့မြင်လိုက်ရသကဲ့သို့ ရှိ၏။

"ပြောစရာတော့ ရှိပါတယ် ဘဘ ဒါပေမယ့်"

"အို . . ပြောစရာရှိတာ ပြောပါကွယ်၊ ဘဘနဲ့ မင်းနဲ့ကြားမှာ ဘာမှလျှို့ဝှက်စရာ မရှိဘူး"

"သုဝဏ္ဏဘုမ္မိကို စစ်ချီသွားတော့ ကျွန်တော်ဟာ ချောက်ကြီးတစ်ခုထဲကို ပြုတ်ကျခဲ့ပါတယ်၊ အဲဒီမှာ ဟောဒီညာခြေတစ်ဘက်ဟာ ခြတိုင်နဲ့ ရိုက်မိပြီး ကျိုးသွားခဲ့တယ်၊ အဲဒါကို မိဦးယာဆိုတဲ့ မိန်းကလေးနဲ့ သူ့အဖေ ဆေးဆရာကြီးက ပျောက်အောင် ကုပေးခဲ့တယ် ဘဘ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . သူတို့က မင်းရဲ့ကျေးဇူးရှင်တွေပေါ့"

"ဟုတ်ပါတယ် ဘဘ၊ သူတို့ကြောင့် ဒေါက်တာ ပျောက်ခဲ့တာပါ"

ထိုနေရာသို့အရောက်တွင် မောင်ဉာဏမှာ ကျွန်ုပ်အား စကားမဆက်ဘဲ ခေါင်းငုံ့သွားလေတော့သည်။ သူသည် လူငယ်သဘာဝ ထိုမိန်းကလေးနှင့် ရင်းနှီးချစ်ခင်ခဲ့ပုံရသည်။

အဘယ်ကြောင့်ဆိုသော် ပေါင်ကျိုးသောလူနာမှာ ဆေးဆရာသားအဖအိမ်တွင် ၁၅ ရက် သို့မဟုတ် တစ်လလောက် အချိန်ကုန်ရမည်ကို ကျွန်ုပ် သိထားသောကြောင့်ပင် ဖြစ်လေသည်။

"ဒီတော့ မင်းပြောချင်တာက ဒီသားအဖနဲ့ပတ်သက်လို့ မဟုတ်လား မောင်ဉာဏ"

"ဟုတ်ပါတယ် ဘဘ၊ မိဦးယာဟာ အလိုက်သိတတ်ပြီးတော့ သူတစ်ပါးကို အနွံအတာ ခံတတ်တဲ့ မိန်းကလေးပါ"

"အေး . . ဘဘ ကြည့်ပါဦးမယ်ကွယ်"

အမှန်တော့ ကျွန်ုပ်ထင်သည့်အတိုင်း မိဦးယာဆိုသော မိန်းကလေးကို မောင်ဉာဏ သဘောကျနေသည်မှာ အမှန်ပင် ဖြစ်လေတော့သည်။

သူ့အား ကျွန်ုပ်က ထိုသို့ မယုတ်မလွန်ပြောထားသည်။ အဘယ်ကြောင့်ဆိုသော် စစ်ဘက်ဆိုင်ရာမှ တပ်ချုပ်၊ ဒုတပ်ချုပ်ကြီး၊ စစ်သူကြီး၊ တပ်မှူးကြီး၊ တပ်မှူးလေးရာထူးရှိသူမှာ အရပ်သူအရပ်သားများကဲ့သို့ လွတ်လပ်စွာ အိမ်ထောင်ပြု၍ မရပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုရာထူးအဆင့်များ အိမ်ထောင်ပြုလျှင် ရှင်ဘုရင်က သိရသည်။ ထိုအခါမျိုးမှာလည်း တိုင်းရေးပြည်ရေး အေးချမ်း၍ မင်္ဂလာအမှုကိစ္စများ ဆောင်ရွက်နိုင်သည့်အခါမျိုး ဖြစ်ရပေမည်။

တပ်မှူးလေးမောင်ဉာဏဇလသည် ထိုအချက်များကို သိသောကြောင့် ကျွန်ုပ်အား ပထမအကြိမ် ခွင့်ပန်ခြင်း ဖြစ်နိုင်ပါသည်။

"လူကလေး"

"ဗျာ"

"ခေါင်းမော့ပါဦး"

"ဟုတ်ကဲ့"

"အခု လူကလေးနဲ့ ဆေးဆရာကြီးရဲ့သမီးက ရည်ငံနေကြပြီလား"

ရှက်တတ်ကြောက်တတ်သော တပ်မှူးလေးမောင်ဉာဏသည် နှုတ်မှ မဖြေဘဲ ခေါင်းညိတ်ပြသည်။

"အင်း . . ဘဘ စောစောသိထားရတာ ကောင်းတာပေါ့၊ အခွင့်သာတဲ့အခါမှာ ဘဘ မင်းမြတ်အနုရုဒ္ဓာကို လျှောက်ထားပေးပါ့မယ်"

"ကျေးဇူးကြီးလှပါတယ် ဘဘ"

"အေး . . အေး အခု မြင်းကပါရွာမှာ ယွန်းထည်ပညာရှင်များကို နေရာချထားတဲ့ အလုပ်ကို ဘုရင်က စေခိုင်းထားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဘဘ၊ အဲဒီအတွက် အဘဆီကို အရောက်နောက်ကျတာကို ခွင့်လွှတ်စေချင်ပါတယ်"

"အို . . ရပါတယ်၊ ဘဘထက် မင်းမြတ်အနုရုဒ္ဓာက အရေးကြီးပါတယ်၊ ဘုရင်မင်းမြတ်က လက်ထပ်ခွင့်မပြုခင် မိန်းကလေးနဲ့ သိပ်ကျူးကျူးလွန်လွန် မဖြစ်စေနဲ့ ကြားလား၊ မနာလိုတဲ့လူတွေက ကိုယ့်ကို ဘုရင့်ဆီမှာ တိုင်ကြားရင် ကိုယ့် အမှုထမ်းတဲ့ကိစ္စပါ ဒုက္ခရောက်တတ်တယ်"

"စိတ်ချပါ ဘုရား၊ ကျွန်တော်မျိုးဟာ ဘဘရဲ့ကျေးဇူး ကို ခံယူပြီး ကြီးပြင်းလာတဲ့ သားပါ၊ ဘယ်တော့မှ အကျင့်သီလ ပျက်ယွင်းမှာ မဟုတ်ပါဘူး"

"ကဲ . . ငါသားကြိုက်တတ်တဲ့ ကြက်သားအရည် သောက်၊ သရက်သီးသုပ် နဲ့ ငါးရံ့ခြောက်ကြော်တွေ ချက်ထား တယ်၊ လူကလေး မင်း ဘဘအိမ်မှာ ထမင်းစားပြီးမှ ပြန်ပေ တော့"

"ဟုတ်ကဲ့ ဘဘ"

ထိုအခါတွင်မှ အမတ်ကြီး ထွက်သွားသောကြောင့် လူ ပျိုတော်သားများ ပြေးဝင်လာကြသည်။

"ကိုညဏကြီး ပိန်သွားတယ်"

"ဟုတ်တယ် . . ခရီးကြမ်းတွေ သွားရလို့ ထင်တယ်"

"ဒီနေ့တော့ ဒီအိမ်မှာ တစ်နေကုန်နေနော်"

ဟူသည့်အသံများ ကျွန်ုပ် ကြားရလေတော့သည်။ ကျွန်ုပ်သည် မောင်ဉာဏအတွက် ရင်လေးနေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မောင်ဉာဏ၏ အနေအထိုင်ကို ယုံကြည်မှု မရှိ၍ မဟုတ်သော်လည်း သူ ပြဿနာဖြစ်ပါက ကျွန်ုပ် ကြိုတင်ကာကွယ်နိုင်စေရန် မောင်ဉာဏ မတွေ့ဖူးသော ကျွန်ုပ်၏ အိမ်တော်ပါ တပည့်ဖြစ်သူ အရိမဒ္ဒနပူရမြို့ပြင်တွင် နေထိုင်သူ 'ငရွှံ'ကို ခေါ်ယူလိုက်သည်။

ငရွှံမှာ ကျွန်ုပ်က အရေးတကြီး လျှို့ဝှက်အမှုကိစ္စများ ရှိပါမှ ခေါ်ယူသည်ဖြစ်ရာ ကျွန်ုပ် ဘာခိုင်းသည်ကို ကြိုတင်သိနေပုံရပေတော့၏။

"ငရွှံ"

"ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း နှုတ်လုံပါစေ၊ ခု မြင်းကပါရွာမှာ သုဝဏ္ဏဘုမ္မိကပါလာတဲ့ ယွန်းပညာရှင်တွေကို ရွာတည်ရာမှာ ကြီးကြပ်နေရတဲ့ တပ်မှူးလေး ညဏဗလဆိုတဲ့ လူအကြောင်းကို သုံးရက်အတွင်း စုံစမ်းပြီး လျှောက်တင်ရမယ်"

"အမိန့်တော်အတိုင်းပါ ဘုရား"

"မင်းလိုရာသုံးဖို့ ဒီမှာ ငွေတွေ ယူသွား၊ သူက သိပ်လျှင်တယ်၊ မင်းကို ငါခိုင်းတယ်ဆိုတာကို သူ လုံးဝ မသိပါစေနဲ့"

"ကောင်းပါပြီ အမတ်ကြီး စိတ်ချတော်မူပါ"

ငရွှေသည် ကျွန်ုပ်ထံမှ ငွေသားများယူကာ ထွက်ခွာသွားလေသည်။

ထို့ကြောင့် ငရွှေသည် ကျွန်ုပ်အား အောက်ပါအကြောင်းအရာအား ပြန်၍ပြောပြလေတော့၏။

သူသည် တပ်မှူးလေးညဏဗလဆိုသည်ကို မြင်းကပါရွာ ရောက်သည်နှင့် အလွယ်တကူပင် စုံစမ်း၍ သိရှိရလေသည်။

ယွန်းအတတ်ပညာနှင့် ပတ်သက်၍ အုပ်ချုပ်သူ ဆေးဆရာကြီးအိမ်တွင် တွေ့ရသည်ဆို၏။

သူက ထိုအိမ်ကို ထင်းပို့သော ထင်းသမားအဖြစ် ရောက်ရှိသွားလေရာ ထင်းများကို စီရင်း နားထောင်သောကြောင့် ဆေးဆရာကြီးသမီး မိဦးယာနှင့် တပ်မှူးလေး မောင်ညဏ၏ ဆက်ဆံရေးကို အတိအကျ သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး"

"ဟင်"

"ညနေစာ နမလေးဆီ လာစားမှာ မဟုတ်လား"

"မဟုတ်ဘူး . . ညနေစာကို တပ်စခန်းချတဲ့ မြင်းကပါရွာထိပ်မှာပဲ စားမယ်"

မိဦးယာ အနားသို့တိုးကပ်လာကာ ခပ်တိုးတိုးပြောလိုက်သည်။

"မောင်ကြီးကြိုက်တတ်တဲ့ သီးစုံဟင်းတွေချက်ဖို့ ပြင်ထားလို့တော့"

ထိုကဲ့သို့ မိဦးယာ ပြောလိုက်သည်နှင့် မောင်ဉာဏ မျက်နှာအမူအရာ ပြောင်းသွားသည်။

"နောက်တစ်နေ့မှာ မြင်းကပါရွာနောက်ပိုင်းမှာ အိမ်တွေဆောက်နေတာကို သေချာကြီးကြပ်ရမယ် နမလေးရဲ့၊ တော်ကြာ သစ်ခိုးတဲ့လူတွေ၊ မောင်ကြီးတပ်က လာဘ်စားတဲ့လူတွေ ပေါ်လာရင် မောင်ကြီးပဲ အရေးယူခံရမှာ"

မိဦးယာ နှုတ်ခမ်းစူလိုက်လေသည်။

"ဒါဆိုလဲ သဘောပေါ့၊ မိဦးယာကတော့ ဟင်းအိုးကြီးသွန်ပစ်လိုက်မှာပဲ"

"အို . . ဒီလိုတော့ မလုပ်ပါနဲ့၊ ခဏဖြစ်ဖြစ်တော့ ထွက်လာခဲ့ပါမယ်"

"ထမင်းစားမလာခဲ့နဲ့နော် . . မိဦးယာတို့ စိတ်ရောက်မှစား"



www.burmeseclassic.com

www.burmeseclassic.com



ယွန်းလုပ်ငန်းတွင် အကြီးအကဲအဖြစ် ခန့်ထားသော ယွန်းအုပ်ကြီး ဖြစ်နေသော ဆေးဆရာကြီးမှာ ရှင်ဘုရင်က ပေးထားသော ယွန်းဆေးများ၊ ဝါးကွက်ခုတ်ရန် နေရာများနှင့် ဆေးခုံများကို ရရှိရန်အတွက် နန်းတော်သို့သွားကာ အစည်းအဝေးသဘောမျိုးတက်ကာ နားထောင်နေရလေသည်။

ရွှေသည် ထိုအဖြစ်အပျက်ကို တွေ့သည်နှင့် ကျွန်ုပ်အား တပ်မှူးလေး မောင်ညဏမှာ မိဦးယာဆိုသော မိန်းကလေးအား အလွန်ကြိုက်ကြောင်း ပြောလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏တစ်သက်တွင် အနူရဒ္ဓာဘုရင်ထံ၌ အမှုထမ်း ရွက်လျက်ရှိရာ ဤညီလာခံလောက် စိတ်မချမ်းမသာ ဖြစ်စရာ ကောင်းသော ညီလာခံမျိုး မကြုံဘူးချေ။ အဘယ်ကြောင့်ဆို သော် ညီလာခံ၌ အမတ်တစ်ဦးက မြင်းကပါရွာနှင့် ပတ်သက် သော ကိစ္စကို တင်ပြသောကြောင့် ဖြစ်လေသည်။

"ကျွန်တော်မျိုးပြောသော စကားကို ယုံတော်မမူပါ လျှင် အထောက်တော်များလွှတ်၍ စုံစမ်းကြည့်ရှုနိုင်ပါတယ် ဘုရား"

လျှောက်ထားသော အမတ်ကြီးမှာ ဘဏ္ဍာတော်များကို ထိန်းရသော ရွှေတိုက်စိုးအမတ်ကြီး ဖြစ်ပေသည်။ ကျွန်ုပ်သည် တပ်မှူးလေး မောင်ဉာဏမှာ မိန်းမတစ်ဦးနှင့် ပတ်သက်လာ၍



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဝတ္တရား မပေါ့လျော့စေရန် အကြိမ်ကြိမ်ဆုံးမဖူးပါသည်။

"ဒီယွန်းအစုကို ဘယ်သူကြီးကြပ်အုပ်ချုပ်ပြီး နေရာချထားသလဲ အမတ်ကြီး"

"မှန်လှပါ တပ်မှူးလေး ဉာဏက အုပ်ချုပ်နေရာချထားပါတယ်"

"အဲဒီလို သစ်ခိုးတဲ့လူတွေ၊ တာဝန်ယူတဲ့လူတွေက လာဘ်စားပြီးတော့ သစ်ကောင်းရွေးပေးနေတာတွေ သူမသိဘူးလား"

သိရိုသိဃံသူအမတ်ကြီးမှာ ညီလာခံတွင် ခေါင်းငုံ့၍ နေရလေသည်။

"အင်း . . .သိရင်တော့ သူက အရေးယူပြီးတော့ ဖြတိုက်ကတစ်ဆင့် အကျဉ်းဌာနကို ဖမ်းပြီးပို့ပါတယ်"

ရွှေတိုက်စိုးအမတ်ကြီးက ဘက်လိုက်ခြင်းမရှိ မှန်ရာကန်ရာ လျှောက်ထားသည်ကို သိရှိလေးစားရပေ၏။ ဤနေရာကား ကျွန်ုပ်မှာ စကားပြောခွင့် မရှိပေ။

"ဒါဆိုရင်လဲ အထောက်တော်တွေလွှတ်ပြီး စောင့်ကြည့်ပါ၊ သူက သူရသတ္တိလဲရှိပြီး ထက်မြက်လို့ ကျုပ်က လက်ထောက်တပ်မှူးကြီးရာထူးပါ ပေးထားတာပဲ၊ နောက် (၁၀)ရက်အတွင်း ဒီလိုဆက်ဖြစ်နေရင်တော့ သူ့ကို တပ်ပြောင်းပြီးတော့ စိတ်ချရတဲ့သူ လဲမှာပေါ့ အမတ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်တော်အတိုင်းပါ ဘုရား"

ကျွန်ုပ်မှာ ဤကိစ္စအတွက် ရတက်မအေးနိုင်ပေ။ ဝတ်ကောင်းစားလှဝတ်၍လည်း အခမ်းအနားဖြင့် မသွားနိုင်တော့။

ထို့ကြောင့် ညီလာခံမှပြန်လာသည်နှင့် အဝတ်အစားကို ဈေးရောင်းသည့် ဈေးသည်ကဲ့သို့ ဝတ်ဆင်ကာ ကျွန်ုပ်၏ ရုပ်ရည်ကိုလည်း အိုမင်းအောင် ပြုလုပ်ပြီး ခဝ်စုတ်စုတ်မြင်းလှည်းကို ငှါးအား မောင်းစေ၍ မြင်းကပါရွာသို့ ထွက်ခဲ့ရလေတော့သည်။

မြင်းကပါရှိ တပ်စခန်းချရာသို့ ရောက်၍ လက်ထောက်တပ်မှူးကြီး မောင်ဉာဏ၏ယာယီစံအိမ်ကို ရောက်သော်လည်း ကျေးကျွန်သုံးလေးဦးသာ တွေ့ရ၍ ရွာလယ်ပိုင်းရှိ ယွန်းခေါင်းကြီးအိမ်သို့ ရောက်နေကြောင်း သိလိုက်ရသည်။

"ကျွန်တော်မျိုး ပြောပါတယ် အမတ်ကြီး၊ သူက ဒီအချိန်ဆိုရင်တော့ ယွန်းခေါင်းဆောင်ကြီး ဆေးကုသွားလို့ မိဦးယာနဲ့ ထမင်းအတူစားနေပါပြီလို့"

"အင်း . . မိုက်တဲ့အကောင်ပဲ၊ သူ့အန္တရာယ်ကို သူမသိဘူး ငှါး"

"ဘုရား"

"ခုမှတော့ အဲဒီကို မောင်းတော့ပေါ့ . . ဒီကိစ္စဟာ မပေါက်ကြားဖို့ အရေးကြီးတယ်နော်၊ ပေါက်ကြားရင် ငါ့အော်နဲ့ ဓားနဲ့ နီးလှတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုး သိပါတယ် အမတ်ကြီး"

ရွာလယ်ပိုင်းရှိ ခြေတံရှည်အိမ်မြင့်ကြီးရှေ့တွင် မြင်းလှည်းကို ရပ်လိုက်သည်။ အောက်ထပ်တွင် မောင်ဉာဏသည် မိဦးယာနှင့်အတူ ထမင်းစားနေကြသည်ကို တွေ့မြင်ရလေသည်။

× × ×

အမတ်ကြီး သီရိသိဃ်သူသည် ခါးကိုကုန်းကာ တောင်ဝှေးထောက်လျက် အိမ်ဝင်းထဲသို့ တရွေ့ရွေ့ဝင်ရောက်လာလေသည်။

"မိဦးယာ"

"ရှင်"

"ဒီရွာမှာလဲ တောင်းစားတဲ့သူ မရှိဘူး အောက်မေ့တာ၊ ဟိုမှာ အဘိုးကြီးတစ်ယောက် ဘာလိုချင်လို့လဲ မသိဘူး"

"ရတယ် မောင်ကြီး . . ထမင်းကျန်ဟင်းကျန် လိုချင်ရင်လဲ ကျွန်မ ထည့်ပေးလိုက်ပါ့မယ်"

မိဦးယာက အိမ်ဆင့်ပေါ်မှ ဆင်းလာလေသည်။ မိဦးယာသည် အနီးသို့ရောက်သည်နှင့်

"အဘ ဘာလိုချင်လို့လဲ၊ ဆေးကုသချင်လို့လား" ဟု မေးလိုက်သည်။

"အေး . . ဆေးကုလဲ ကုချင်တယ်၊ နည်းနည်းလဲ မေးချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ အိမ်ပေါ်ကို ကြွပါ အဘ"

မိဦးယာက လက်တစ်ဖက်ကိုတွဲကာ အိမ်ဆင့်ပေါ်သို့ တင်လိုက်စဉ် မျက်စိလျှင်သော လက်ထောက်တဖ်မှူးကြီး မောင်ဉာဏသည် အမတ်ကြီး သီရိသိဃ်သူ၏ လက်သူကြွယ်မှ မှည့်တစ်လုံးကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

ထမင်းစားရာမှ အမြန်ထ၍ လက်ဆေးကာ အမတ်ကြီးသီရိသိဃ်သူကိုတွဲရင်း

"ဘဘ ဘယ်လိုအရေးကြီးတဲ့ကိစ္စရှိလို့ ခုလို ရုပ်ဖျက်လာရတာလဲ"

"ဟင်"

မိဦးယာမှာ အခမ်းအနားဖြင့် နန်းတော်သို့ကြွသွားသော အမတ်ကြီးသီရိသိဃ်သူကို တွေ့ဖူးလိုက်သူ ဖြစ်သောကြောင့် အံ့အားသင့်သွားသည်။

အိမ်ပေါ်သို့ရောက်သောအခါတွင် သူတို့နှစ်ယောက်တွဲသည်ကို ခံသည့်သဘောဖြင့် လှေကားမှ အိမ်ပေါ်ဆင့်သို့ ဆက်၍တက်လိုက်လေသည်။

ထို့နောက် အဝတ်အစားစုတ်ပြတ်စွာ ဝတ်ဆင်လာသော အမတ်ကြီး သီရိသိဃ်သူက

"အခုလာတာ မင်းကိစ္စပဲ မောင်ဉာဏ၊ မင်းဘာဖြစ်လို့ အလုပ်တာဝန်ကို ဂရုမစိုက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆူပူကြိမ်းမောင်းလိုက်သည်။

"ဗျာ"

အိမ်ခေါင်းရင်းတွင် ထိုင်နေသော အမတ်ကြီး သိရိ သိယံသူရှေ့တွင် လက်ထောက်တစ်မှူးကြီး မောင်ညာဏမှာ ကလေးတစ်ယောက်လို ငြိမ်နေသည်။

မိဦးယာက ရေတခေါင်းနှင့် ကွမ်းအစ်ကို အမတ်ကြီး အား တည်ခင်းလိုက်သည်။ အမတ်ကြီးသည် ရေတခေါင်းမှ ရေကို တစ်ခွက်သောက်ကာ

"ဒီနေ့မနက် ညီလာခံမှာ ရွှေတိုက်ဝန်က မင်းရဲ့တာဝန် တွေ လစ်ဟင်းပေါ့ဆတာကို လျှောက်ထားတယ်၊ မင်းရဲ့ကြီး ကြပ်ခိုင်းတဲ့သူတွေ သယ်ယူလာတဲ့ သစ်တွေ အခိုးခံရတဲ့အ ကြောင်း၊ ပြီးတော့ ကြီးကြပ်သူတွေက ငွေစပေးနိုင်တဲ့သူတွေ ကို သစ်ကောင်းသစ်ဖြောင့်တွေ ရွေးယူစေတဲ့အကြောင်းတွေ ပြောတယ် အဲဒါ မင်းမသိဘူးလား"

ဖြေသံ မကြားရ။

မောင်ညာဏမှာ ကြောက်ရွံ့စွာ ငြိမ်နေလေသည်။

"မောင်ညာဏ မင်းကို ငါငယ်ငယ်ကတည်းက မွေးလာ တာ၊ ငါအသက်ကြီးပါပြီ . . ငါ ရာထူးမရှိလို့ သေသွားလို့လဲ သေပျော်ပြီ၊ ငါမွေးကျွေးလာတဲ့သား ငါ့ရှေ့မှာ မင်းဖြစ်မင်း ဒဏ်သင့်တာတော့ ငါမမြင်ချင်ဘူး . . ပြီးတော့ မိန်းကလေး

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ နောက်ကို ဒီလိုမလာပါစေနဲ့ . . ကြားလား၊ သူ့ကို ရွှေတိုက်စိုးအမတ်ကြီးက ဘယ်လိုအရေးယူမယ်ဆိုတာ ဘဘာ မပြောနိုင်ဘူး၊ စစ်ရေးကိစ္စပြီးလို့ အခွင့်သာရင် ဘဘက မင်းတို့ကိစ္စကို ရှင်ဘုရင်ကို ပြောပေးမလို့ပဲ . . ဒါပေမယ့် ခုတော့ အဲဒီလမ်းက ပိတ်သွားပြီ၊ ကဲ သူများတွေ ရိပ်မိရင် ငါပါ၊ အန္တရာယ်ရှိတယ်၊ သွားမယ် . . မောင်ဉာဏ မင်းလဲ ကြီးကြပ်တဲ့ စခန်းနေရာကို ချပြန်ပေတော့"

"ဟုတ်ကဲ့ပါ ဘဘ၊ ဘဘ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

အမတ်ကြီး သီရိသိဃ်သူက လှည့်မကြည့်တော့။ အဘိုးအိုကြီးအသွင်ဖြင့်ပင် ခြံဝင်္ဘရပ်နေသော ငွေ့၏မြင်းလှည်းပေါ်သို့ တက်သွားလေသည်။ မိဦးယာသည် မျက်ရည်စများနှင့် မောင်ဉာဏကို ဖက်လိုက်သည်။

"ဘယ်လိုလုပ်ကြမလဲ မောင်ကြီး"

"လောလောဆယ်တော့ အဲဒီမသမာခတွေကို အရင်ရှင်းပစ်ရမှာပဲ မိဦးယာ၊ ကဲ . . မောင်ကြီး သွားတော့မယ်နော်"

မိဦးယာက တရှုံ့ရှုံ့ငိုရင်း ခေါင်းညိတ်ပြလိုက်လေတော့၏။

ပန်းလှက်ခဆောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရွှေတိုက်ဝန်၏ ဘုရင်မင်းမြတ်ပေါ်တွင်ထားသော သဘောထားကို သိရှိနေသောကြောင့် မောင်ညဏကို အန္တရာယ်ဖြစ်မည်ကို စိုးရိမ်နေပေရာ သိပ်မကြာလှချေ ဘုရင်မင်းမြတ်ထံမှ တစ်နေ့ ညီလာခံတွင် အမိန့်တော်မှတ်သံကြားရတော့၏။

"ညီနောင် စေစ်ရှန်သည် အလုပ်လုပ်သည်မှာ သေချာ၏၊ တိကျ၏၊ ပုဂံမြို့ဝန်းကျင်အနီးရှိ ကျေးရွာများသည် နန်းတော်အတွက် အန္တရာယ်များလှသည်။ ထို့ကြောင့် မြင်းသပါရွာရှိ ယွန်းလက်မှုပညာသည်များ အုပ်ချုပ်ရေးကို စေစ်ရှန်အား



www.burmeseclassic.com

www.burmeseclassic.com



လွှဲပေးရန်နှင့် လက်ထောက်တပ်မှူးကြီး မောင်ဉာဏသည် ပုံတောင်ပုံညာနှင့် ရေစကြိုဘက်ရှိ သံရည်ကြိုလုပ်ငန်းများ အားကြီးကြပ်ရန် အမိန့်တော်မှတ်လိုက်သည်"

"အမိန့်တော်အတိုင်းပါ ဘုရား"

ညီလာခံက မှူးမတ်များသည် ထိုအမိန့်တော်ကို မှတ်သားကြသည်။ ကျွန်ုပ်အတွက်လည်း စိတ်မကောင်း ဖြစ်ကြပေသည်။

ကျွန်ုပ်ကား အခြေအနေအရပ်ရပ်ကို ရိပ်မိပါ၏။ အဘယ်ကြောင့်ဆိုသော် ညီနောင်ဝမ်းကွဲဖြစ်သူ ငစစ်ရန်ကို ဘုရင်မင်းမြတ် မြှောက်စားလိုသည့်အချိန်တွင် သတိတရားနည်းပါးသော 'ဉာဏ'မှာ မင်းပြစ်မင်းဒဏ်ခံရမည်သာ ဖြစ်သည်။

ရေစကြိုနှင့် ပုံတောင်ပုံညာဆိုသည်မှာ ပခုက္ကူတစ်ဖက်ကမ်းမှ မြင်းဖြင့် မိုင်ပေါင်းအတော်ဝေးဝေးသွားမှ ရောက်သည့်နေရာ ဖြစ်သည်။

ထိုနေရာသည် တောစပ်ကျသောကြောင့် သံရည်ကြိုသည့် သံဒယ်ကြီးများ တည်ဆောက်ကာ ဘုရင်မင်းမြတ်သည် သံရည်ကြိုရန် လုပ်ဆောင်လျက်ရှိနေလေသည်။

အောင်မြင်မည် မအောင်မြင်မည်ကိုတော့ ပြော၍မရ။ လောလောဆယ်တွင် ထိုနေရာတွင် ဓားလှံလုပ်ကိုင်သည့် ပန်းပဲလုပ်ငန်းများ ရှိနေလေသည်။ ဘုရင်မင်းမြတ် ထုတ်ပြန်သည့် အမိန့်တော်သည် ဖြတ်တိုက်မှတစ်ဆင့် လက်ထောက်တပ်မှူးကြီး ဉာဏထံသို့ ရောက်ရှိသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏသည် အခြေအနေအရပ်ရပ်ကို ရိပ်စားမိပါသည်။ နန်းတွင်းညီလာခံ၌ မိမိ၏မွေးစားအဖေ အမတ်ကြီး သီရိသိဃ်သူ ရှိနေခြင်းကိုပင် ကျေးဇူးတင်ရမည်။ ခရီးထွက်ရမည့် ရက်မတိုင်မီ ဉာဏသည် အမတ်ကြီး သီရိသိဃ်သူ၏ အိမ်သို့ လာရောက်ကန်တော့လေသည်။

"ဉာဏ"

"ဘုရား"

"ငါက ကြိုတင်ပြီး သတိပေးပေမယ့် ခုတော့ မင်း မင်းရဲ့အပြစ်ပေးမှုကို ခံရပြီ မဟုတ်လား"

ဉာဏ ခေါင်းငုံ့နေလေသည်။

"မင်းရဲ့ရည်ရွယ်ချက်တွေလဲ အတော်ဝေးဝေးကို ဆုတ်ခွာသွားပြီ၊ ဘယ်အချိန်ကျမှ ဘုရင်ဟာ မင်းကိုသတိရပြီး မင်းတို့ကိစ္စကို လျှောက်တင်လို့ရမယ်ဆိုတာ မပြောနိုင်ဘူး"

"မှန်လှပါ"

"ဒီတော့က ရေစကြိုနဲ့ ပုံတောင်ပုံညာကိုရောက်ရင် ဘာပဲဖြစ်ဖြစ် သတိတရားနဲ့သာ နေထိုင်ပါ၊ သတိကင်းလွတ်ချွတ်ချော်မှု မဖြစ်စေနဲ့၊ ဘုရင်မင်းမြတ်ရဲ့ အထောက်တော်တွေက မင်းရဲ့ပတ်ဝန်းကျင်မှာ ရှိတယ်လို့ သဘောထား"

"ဆုံးမတဲ့အတိုင်း နေပါ့မယ် ဘုရား"

"အေးအေး . . သွား . . သွား ယူစရာရှိတာတွေ အကုန်ယူသွား၊ ဘုရင့်အမိန့်ဆိုတာ ရက်မဆိုင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သားတော် ဒီနေ့ပဲ လောကနန္ဒာဆိပ်ကမ်းက ကူးပြီးတော့ ပခုက္ကူဘက်ကို တပ်ရွှေ့နေကြပါပြီ ဘုရား၊ နောက်ဆိုရင်တော့ ဘဘဘုရားဆီကို ခုလို အလွယ်တကူ လာနိုင်တော့မယ် မဟုတ်ပါဘုရား"

"အေး . . ကျန်းမာချမ်းသာ တိုးတက်ကြီးပွားနိုင်ပါစေကွာ၊ သတိတရားရှိရှိ မင်းရဲ့အမှုကို ထမ်းရွက်နိုင်တဲ့သူ ဖြစ်ပါစေ"

လက်ထောက်တပ်မှူးကြီး ဉာဏသည် သူ၏တပ်သားများနှင့်အတူ အမတ်ကြီး၏စံအိမ်ဝင်းအတွင်းမှ ထွက်ခွာသွားသည်။ မြင်းပေါ်သို့တက်ကာ ဒုန်းစိုင်းသွားသော ဉာဏကို အမတ်ကြီး သီရိသိဃ်သူသည် မျက်စိတစ်ဆုံး ကြည့်နေမိတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ဤမှနောက်တွင်ကား ကျွန်ုပ် ရေးသားသော မှတ်တမ်းသည် ဝမ်းနည်းကြေကွဲစရာများနှင့်အတိ ပြီးကောင်းပြီးနေမည်ဟု ထင်ပါသည်။ ဘုရင်မင်းမြတ်က လူကစ်ဦးအား ဂရုမစိုက်လျှင် ထိုသူကို သဘာဝအလျောက် ဖိနှိပ်သူများ ပေါ်လာတတ်သည် ထင်ပါသည်။

ထို့ကြောင့်လည်း မင်းမှုထမ်းတို့သည် မင်းအလိုကိုလိုက်၍ မင်းကြိုက်ဆောင်ရန် အားထုတ်ကြသည် ထင်ပါသည်။ ကျွန်ုပ်၏အထောက်တော် ငရွှံက ကျွန်ုပ်အိမ်မှ ထွက်သွားပြီးနောက် ဘဉာဏသည် မိဦးယာနှင့် ဆေးဆရာကြီးတို့အိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်နှုတ်ဆက်ကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

မိဦးယာသည် အိမ်ပေါက်ဝမှရပ်ကာ ညောဏဝင်လာသည်ကို ကြည့်နေသည်။ ဆေးဆရာကြီးက ဆေးအိတ်ဖြင့် အပေါ်ထပ်မှ ဆေးကုသွားရန် ဆင်းလာသည်။ ခြံထဲတွင်လည်း ယွန်းထည်ပစ္စည်းများနှင့် ယွန်းကိုဆေးသုတ်သူများ ရှိနေ၏။

ယွန်းခေါင်းကြီးအဖြစ်လည်းလုပ်လျက် ရွာထဲတွင် ရောဂါဝေဒနာရှိက ဆေးကုသသော ဆေးဆရာကြီးတစ်ဦး ရှိသည်မှာ ဟန်ကျလေသည်။

"ဟာ . . တပ်မှူးကြီး အိမ်ဘက်ကိုမရောက်တာ ကြာပြီကော" ဆေးဆရာကြီး နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့ အလုပ်တွေများနေလို့ပါ၊ ပြီးတော့ ခရီးထွက်စရာလဲ ပေါ်လာတာနဲ့"

"အော် . . ဘယ်ကိုသွားရမှာလဲ"

"ပုံတော်ပုံညာဘက်ကိုပါ"

ဆေးဆရာကြီးက ထုံးစံအတိုင်း ကျန်းမာချမ်းသာပါစေဟု ဆုပေးကာ

"အေး . . အိမ်ပေါ်မှာတော့ မင်းနှမလေးရှိတယ်၊ သူနဲ့စကားပြောလိုက်ဦး ဘဘကတော့ လူနာလာပင့်လို့ သွားလိုက်ဦးမယ်"

ဟုဆိုကာ နှုတ်ဆက်၍ လှည်းပေါ်သို့ တက်သွားလေသည်။

www.burmeseclassic.com



ဥာဏသည် အိမ်ထဲသို့ ဝင်လိုက်သည်နှင့်

"ဘယ်လိုဖြစ်တာလဲ မောင်ကြီးရယ် . . ဟိုတစ်နေ့က တည်းက ပျောက်ချက်သား ကောင်းလိုက်တာ၊ ဟင် . . မျက်နှာလည်း မကောင်းပါလား"

"ဟုတ်တယ် မိဦးယာ . . မောင်ကြီး မြင်းကပါရွာမှာ မနေရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"အို . . ဘုရင်က အမိန့်တော်မှတ်လို့ပေါ့"

"ဟုတ်တယ် ဟိုဇာစ်ခါပြောတဲ့ ကိစ္စပဲ ထင်ပါရဲ့၊ မောင်ကြီးတို့ မင်းမှုထမ်းတွေကလဲ မလွယ်ပါလားနော်"

အိမ်ပေါ်သို့ တက်လာခဲ့ကြသည်။ တပ်မှူးလေး ဥာဏ၏စကားကြောင့် မိဦးယာသည်လည်း မျက်နှာမသာမယာ ဖြစ်သွား၏။ သူမသည် ထုံးစံအတိုင်း လုံခြုံသောအခန်းထဲသို့ ရောက်ရှိသည်နှင့် တပ်မှူးလေးကို ဖက်လိုက်သည်။

"ဘုရင်က မောင်ကြီးကို ဘယ်လိုအမိန့်တော်မှတ်လို့လဲဟင်"

"ခု ပုံတောင်ပုံညာကို ရွှေ့ရတော့မယ်"

"ဟင်"

မြင်းကပါနှင့် ဝေးကွာလှသော ပုံတောင်ပုံညာနှင့် ရေစကြိုသို့ လက်ထောက်တပ်မှူးကြီး ဥာဏတို့ ရွှေ့ရပြောင်းရမည်ဟု ကြားသောအခါတွင် မိဦးယာမှာ ဥာဏ၏ရင်ခွင်တွင် ခေါင်းအပ်ကာ တရှုံ့ရှုံ့ငိုကြွေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် . . ဟင့် . . ဟင့်"

"မငိုပါနဲ့ မိဦးယာ . . ဘဝဆိုတာ ဒီလိုပေါ့ . . ဝေးကြတဲ့အခါရှိသလို နီးကြတဲ့အခါလဲ ရှိရမှာပေါ့၊ အရင်လိုတော့ မိဦးယာဆီကို ခဏခဏ လာနိုင်မှာ မဟုတ်တော့ဘူး"

"အို . . အဲဒါကြောင့်ပေါ့ . . အခုလဲ မိဦးယာက ဘယ်လောက်လွမ်းဆွတ်ရလဲ ဝမ်းနည်းရလဲ"

ဉာဏက ကျောကိုပွတ်ကာ ချော့နေသည့်ကြားမှပင် မိဦးယာက တရှုံ့ရှုံ့ငိုကြွေးလျက် ရှိနေလေတော့၏။

× × ×

'မြင်းကပါ'ရွာသို့ စေစ်ရန်ကို လွှဲပေးလိုက်သည်နှင့် စေစ်ရန်မှာ မင်းမှူထမ်းသက်ဝနေသူတစ်ဦးပီပီ ယွန်းခေါင်းကြီးများ၊ ယွန်းလုပ်ငန်းလုပ်သူများအားလုံးကို ခေါ်ယူတွေ့ဆုံလေတော့သည်။ ယွန်းခေါင်းကြီးများသည် စေစ်ရန်၏စကားကို နားထောင်ကာ ခေါင်းငုံ့လျက် ရှိနေကြလေသည်။

"ကျုပ်ကတော့ မရိုးမသားလုပ်တာကို မကြိုက်ဘူး၊ လာဘ်စားတာ၊ မင်းမှူထမ်းဖြစ်ပြီး ဘုရင်မင်းမြတ်ပေါ်မှာ သစ္စာမဲ့တာမျိုးတွေ့ရင်တော့ မညှာတာနိုင်ဘူး၊ ဒီတော့ အဖိုးအခနဲ့ အညီ လုပ်ငန်းကို ကောင်းကောင်းမွန်မွန် လုပ်ကြပါ"

ယွန်းလုပ်ငန်းပညာသည်များသည် သူတစ်ပါးနိုင်ငံတွင် အမှုထမ်းရခြင်း ဖြစ်သောကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်တော့ ယွန်းထည်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန်နှင့် သုဝဏ္ဏဘုမ္မိမှလက်ရာများကို မီစေရန်အတွက် တိုက်တွန်းပြောကြားသည်။ သူသည် ယွန်းလုပ်ငန်းလုပ်သူများကိုလည်း လိုက်လံစစ်ဆေးမည်ဖြစ်ကြောင်း မှာကြားလိုက်၏။

မင်းသား ငစစ်ရန်သည်ကား နန်းတော်ထဲတွင် ပေါက်ရောက်၍ ဥာဏထက် ပိုထက်မြက်သူဖြစ်ကြောင်း အားလုံးသိရှိကြပေသည်။ ကျွန်ုပ်သည် မည်သည့်အချိန်တွင် မိဦးယာကို ငစစ်ရန်သည် တွေ့ရှိသွားသည်ဟု အတိအကျ မသိရ။

မိဦးယာတို့အိမ်ကို ငှက်ပျောပင်စိုက်ကာ သဲဖြူခင်းရာဇမတ်ကာနေသည်ကို တွေ့သောကြောင့် ငရွှေသည် မြင်းဖြင့်ပြေးလာကာ ကျွန်ုပ်ထံသို့ အကြောင်းကြား၍ သိရသည်။

"နေ့ခင်းအထိ မရှိဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား . . ကျွန်တော်မျိုး အပြင်သွားနေတုန်းကို ငစစ်ရန်နဲ့ သူ့ရဲရွေတော်တွေ ရောက်လာပြီး မိဦးယာကို တွေ့သွားတာ ဖြစ်ပါလိမ့်မယ်"

"အေးကွာ . . ဥာဏမှာတော့ တစ်ပူပေါ်ကို နှစ်ပူဆင့်ပြီပေါ့၊ သူ ဘယ်စိတ်ချမ်းသာပါတော့မလဲ ဒီအကြောင်းများသိရင် ခက်မယ်"

သိရိသိဃ်သူအမတ်ကြီးသည် သူ၏သားအတွက် စိတ်ပူသွားသည်။ ထိုနေ့မှာပင် စာချွန်တော်တစ်ခုရေးကာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



တော်ရှိ လူပျိုတော်သား ခြေမြန်တစ်ဦးကို မြင်းကပါရွာရှိ မိဦးယာ၏အခြေအနေကို သိရှိရန်နှင့် ဆင်ခြင်ဉာဏ်ဖြင့် မိဦးယာကို စွန့်လွှတ်ရန် ကျွန်ုပ်က ဆုံးမစာတစ်စောင်ကို ရေးသားလိုက်လေတော့သည်။

အိမ်တော်မှလူပျိုတော်သား ခြေမြန်တော်သည် ပခုက္ကူတစ်ဖက်ကမ်းသို့ ရောက်ရှိသည်နှင့် မြင်းဖြင့်အပြင်းဒုန်းစိုင်းရာ ပုံတောင်ပုံညာရှိ တပ်မှူးကြီးအိမ်သို့ ညနေမိုးမချုပ်မီ ရောက်ရှိသွားလေတော့သည်။

သူနှင့် ရင်းနှီးသော လူပျိုတော်သား ချစ်ခိုင်ကို တွေ့သောအခါတွင် ဉာဏသည် အံ့အားသင့်သွား၏။

"ဟာ . . ချစ်ခိုင် ဘဘ လွှတ်လိုက်တာလား"

"ဟုတ်တယ် . . အရေးကြီးလို့ ထင်ပါရဲ့ စာချွန်တော်ပေးခိုင်းလိုက်တယ်"

ပေစာဖြင့် ရေးကာ ဘူးထဲတွင် ထည့်၍ ပိတ်ထားသော စာချွန်တော်ကို ယူလိုက်သည်။

"ဒီညတော့ မင်း ဒီမှာ အိပ်သွားပေါ့ကွာ ချစ်ခိုင်ရာ၊ မင်းတို့ နေပြည်တော်လို နေရာထိုင်ခင်း မကောင်းဘူး၊ တောတွေတောင်တွေများတော့ ခြင်ကလဲကိုက် ဖြုတ်ကလဲကိုက် ရှိတာပေါ့"

ဉာဏက ညည်းညူပြောဆိုလိုက်လေသည်။

"ဖြစ်သမျှအကြောင်း အကောင်းပေါ့ဗျာ . . ဘဝဆိုတာကိုယ် ဖြစ်ချင်တာချည်း ဖြစ်တာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . မင်းပြောတဲ့စကား သိပ်မှန်တယ်၊ လာ မင်းနဲ့ငါ ထန်းရည်သောက်ရင်း စာချွန်ဖတ်တာပေါ့"

ချစ်ခိုင်နှင့် ဥာဏတို့ ထန်းတဲသို့ဝင်လာသည်နှင့် ထန်းတဲထဲတွင် ပျော်နေသော တပ်သားများ အလျှိုလျှိုထွက်ခွာသွားကြလေသည်။ သူတို့သည် ထန်းပင်သုံးပင်အောက်ရှိ ဝါးစားပွဲတွင် ထိုင်လိုက်၏။

အမတ်ကြီးသီရိသိဃ်သူသည် သူ့ထံသို့ အကြောင်းမဲ့ သက်သက်တော့ စာရေးမည် မဟုတ်ပါချေ။

စာချွန်တော်ကို နေရောင်ဖြင့်ထောင်ကာ ဖတ်ရှုလိုက်သည်။

ဉာဏ

မိဦးယာရဲ့အိမ်ကို ငစစ်ရန်က သဲဖြူခင်း ရာဇမတ်ကာလိုက်ပြီ၊ သူ မိဖုရားကောက်မယ် ထင်တယ်၊ ဒီတော့ ကိုယ့်ဘဝကို မထိခိုက်အောင် တရားနဲ့ဖြေပါ၊ ဘာမှ စိတ်လိုက်မာန်ပါ မလုပ်မိပါစေနဲ့ . . ဒီအချိန်မှာ မင်း ကံနိမ့်နေတယ်။

သီရိသိဃ်သူ

"ဟင်"

စာကိုဖတ်ကာ ဉာဏသည် ခေါင်းငိုက်စိုက်ကျသွားလေသည်။ ချစ်ခိုင်မှာ စာလာပို့သူသာ ဖြစ်ပြီး စာထဲတွင် မည်သည့်အရာ ရေးသားထားသည်ကို ဖတ်ခွင့်မရှိပေ



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေရေးထားလို့လဲ ကိုညဏ"

"မင်းပဲ ဖတ်ကြည့်ကွာ"

ပေစာလိပ်ကို ပစ်ပေးလိုက်သည်။ ချစ်ခိုင်သည် ထို အကြောင်းများကို ရိပ်ဖမ်းသံဖမ်း သိရှိလိုက်ပြီးဖြစ်၍ စာချွန် ကို ဖတ်ကြည့်လိုက်၏။

သူသည် ပတ်ဝန်းကျင်ဝဲယာကိုကြည့်လျက်

"ဟာ . . ဒီလိုဖြစ်နေပြီလား၊ ခက်တာပဲကွာ . . ဒီမင်း သား စေစ်ရန်က မိဖုရားတွေ မှိုလိုပေါက်နေတဲ့ဟာ"

"အဲဒါ မင်းပဲ စဉ်းစားကြည့်ပေါ့ လုပ်သင့်လား မလုပ် သင့်လား ဆိုတာ"

ရှော့ . . မင်းရင်ထဲက ဝေဒနာသက် သာသွားအောင် ထန်းရည်သောက်လိုက်ပါကွာ"

ချစ်ခိုင်က ညဏ၏ဝါးကျည်တောက်ထဲသို့ ထန်း ရည်များ ထည့်ပေးလိုက်၏။

ညဏမှာ ထန်းရည်ကို ခွက်မချတော့ဘဲ မော့သောက် ပစ်လိုက်ရာ ထန်းရည်များမှာ ငှက်ခါးတောင်ခေါ် ပြာလဲ့လဲ့နှင့် ပုဇွန်ဆိတ်ခုန်နေသည့် မင်းသားကြိုက်ဖြစ်ရာ တစ်ခွက်သောက် လိုက်သည်နှင့် ခေါင်းထဲ၌ ရီဝေမူးယစ်လာလေတော့သည်။

ဤနေ့ကား ညဏ၏ကမ္ဘာပျက်သည့်နေ့ ဖြစ်သည်။ သူ့အလွန်ချစ်လှစွာသော မိဦးယာသည် မင်းပိုင်သည့်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီ။ နန်းတော်ထဲ၌ သူ့ထက် အရေးပါအရာရောက်သူ တစ်ဦးက မိဦးယာကို နှစ်သက်သဘောကျသွားပြီ ဖြစ်သေ သည်။ ဘာမျှစကားမပြောဘဲ နောက်ထပ်ထန်းရည်တစ်ခွက် ကိုငှဲ့ကာ ဉာဏ သောက်ချလိုက်ပြန်၏။

"ငချစ်ခိုင်"

"ဟော"

"မိဦးယာက ငါ့ရဲ့ချစ်သူပါ၊ သူ့ကို ငါက သုဝဏ္ဏဘုမ္မိ ပြည်ကနေ ပြီးတော့ မြင်းကပါအရောက် ခေါ်လာခဲ့တာ မင်း သိတယ် မဟုတ်လား"

"မင်းပြောဖူးတယ်လေ"

"အေး . . ခုတော့ မင်းသားငစစ်ရန်က မိဖုရား ကောက် မလို့တဲ့ မင်းစဉ်းစားကြည့်စမ်း . . ငါ့ရင်ထဲမှာ ဘယ်လိုဖြစ်နေ မလဲ"

"ငါကိုယ်ချင်းစာတတ်ပါတယ် ဉာဏရယ်"

ထိုညက ဉာဏသည် ထန်းရည်မူးအောင်သောက်၍ အိပ်ပစ်လိုက်လေသည်။

သူသည် လုပ်လက်စအလုပ်များကို ထားခဲ့ကာ ငချစ် ခိုင်ပြန်သွားပြီးနောက် မကြာမီ သူ၏ဖောင်းဝတ်ရောင် မြင်းကြီး ကိုစီးကာ ပခုက္ကူဆိပ်ကမ်းသို့ ဒုန်းစိုင်းလာခဲ့လေသည်။

မိဦးယာသည် ငှက်ပျောပင်စိုက်ကာ ရာဇမတ်ကာရံ ထားခြင်းကြောင့် မင်းသားငစစ်ရန်က သူမအား မိဖုရားကောက် တော့မည်ဟု သိရှိလိုက်ရသော အချိန်မှစ၍ ငိုယိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါဦး ဘဘရဲ့၊ မိဖုရားတွေများတဲ့ ငစိန်ရန်ရဲ့ မိဖုရား မလုပ်ချင်ဘူး"

"အို . . ဘဘလဲ ဘယ်တတ်နိုင်မလဲ သမီးရယ်၊ ကံ အကြောင်းတရားလို့ သတ်မှတ်ပြီး ဖြေရမှာပါပဲ"

"အို . . သမီးကတော့ မောင်ကြီးဉာဏကို လက်မထပ်ရရင် သေမှာပါပဲ"

"စိတ်ကိုဖြေပါ သမီးရယ်"

ထိုစဉ်မှာပင် နွေဦးရာသီ၏ ချွဲချွဲနွဲ့နွဲ့ကူလိုက်သော ချိုးငှက်၏အသံကို ကြားရလေသည်။

"တကူ . . ကူး . . ကူး"

"တကူး . . ကူး . . ကူး"

"အို ချိုးကလေးကလဲ ချွဲလိုက်တာ"

ဆေးဆရာကြီးက ညည်းညူလိုက်လေသည်။

နေဝင်ရီတရောအချိန်တွင် ချိုးငှက်က ကူသောကြောင့် ထိုချိုးငှက်အသံကို မိဦးယာသည် အငိုရပ်ကာ နားထောင်ကြည့်၏။

"တကူး . . ကူး . . ကူး"

သူသည် တောထဲတွင် အတူလာခဲ့သော အချက်ပေးသံမျိုး ဖြစ်သောကြောင့် ထိုအသံမှာ ဉာဏ၏အသံဖြစ်ကြောင်း ကောင်းစွာ မှတ်မိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . ဒါ မောင်ကြီးအသံပဲ"

တိုးတိတ်စွာ ရေရွတ်ကာ သူမသည် အိမ်နောက်ဘက်မှ ချုံးကူသံရှိရာသို့ တိတ်တဆိတ် ထွက်ရန်အတွက် အဝတ်အစားလဲလိုက်သည်။ သူမသည် အကြမ်းခံသော ဖျင်ညိုအင်္ကျီကို ဝတ်ဆင်ကာ ထမီကိုလည်း ချည်ထည်ဖျင်ကြမ်းကို ဝတ်ဆင်လိုက်၏။

ထို့နောက် ကင်ပွန်းချုံအနီးမှ ငုံ့ကာ ခြံနောက်ပေါက်မှ ထွက်လာလေသည်။ ကင်ပွန်းချုံနှင့် ကင်းမုံပင်များနွယ်နေသော ချုံများကို လွန်သောအခါ သစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

"မိဦးယာ"

"ဟင် . . မောင်ကြီး"

မိဦးယာနှင့် ညောထာတို့သည် တစ်ဦးနှင့်တစ်ဦး ဖက်ထားလိုက်လေသည်။

"ဘယ်လိုလုပ်ကြမလဲ မောင်ကြီး"

"ကိုယ်လဲ မိဦးယာနဲ့ ခွဲရမှာစိုးလို့ အလုပ်တွေကို ဒီအတိုင်းပစ်ပြီးတော့ လာခဲ့တာပဲ၊ မိဦးယာကိုများ မိဖုရားကောက်သွားပြီလားလို့"

"မကြာခင် ကောက်မှာပေါ့ . . ခုက သဲဖြူခင်း၊ ရာစမတ်ကာပြီးပြီပဲ၊ သူပိုင်တဲ့ပစ္စည်းလို့ မိဦးယာကို ကြေညာ[illegible]ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . ကိုယ်ကတော့ ဒီလိုစွန့်လွှတ်ပြီး ဝေစစ်ရန်လက်ကို ဘယ်အပ်နိုင်ပါ့မလဲ"

"ဒါဆို မောင်ကြီးနဲ့ မိဦးယာ ဘေးလွတ်ရာကို ပြေးမှပေါ့"

မိဦးယာက စဉ်းစားလိုက်သည်။

"သိပ်အချိန်ကြာလို့ မဖြစ်ဘူး မိဦးယာ၊ မိဦးယာ ထွက်လာတာသိရင် သူတို့လိုက်လာလိမ့်မယ်၊ **ကိုယ်တို့ဘယ်သွားရ**မလဲဆိုတာ ခရီးသွားရင်း တိုင်ပင်ကြတာပေါ့"

"အို . . မိဦးယာတို့ သုဝဏ္ဏဘူမိကို ပြန်ရင်ဖြစ်ပါတယ်၊ ဟိုမှာ မိဦးယာတို့ရဲ့ အမျိုးတွေ အဆွေတွေ ရှိတာပဲ၊ မောင်ကြီးနောက်က ဘယ်သူတွေ ပါသေးလဲ"

"မောင်ကြီးနောက်က မောင်ကြီးရဲ့လူယုံ တောတို့ဝေတိုးတို့နဲ့ လူခြောက်ယောက်ပဲ ပါတယ်"

"ကောင်းပါတယ် မောင်ကြီးရယ်၊ ဒါဆိုလဲ သူတို့သုဝဏ္ဏဘူမိလမ်းကို သိနေတာပဲ၊ အဲဒီကိုပြန်တဲ့လမ်းအဝိုင်းသွားကြတာပေါ့"

"ကောင်းသားပဲ"

မကြာမီ ဉာဏာ မြင်းဖောင်းဝတ်ရောင်ကြီးကို ချည်နှောင်ထားခဲ့သည့် တမာပင်ကြီးရှိရာသို့ ရောက်ရှိလာခဲ့လေသည်။

"မြင်းပေါ်တက် မိဦးယာ"



www.burmeseclassic.com

www.burmeseclassic.com



မိဦးယာ၏ခါးမှကိုင်ကာ မြင်းပေါ်တင်ပေးလိုက်သည်။ သည့်နောက်တွင်ကား ဉာဏသည် မြင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်ကာ ဒုန်းစိုင်းထွက်ခွာသွားပါလေတော့သည်။

လမ်းခရီး၌ စောင့်နေသော လက်ထောက်တပ်မှူး ဉာဏ၏ သစ္စာရှိသော လူယုံများဖြစ်သည့် ငတိုး၊ တော၊ ငရန်ပိုင်၊ ငယဲ့၊ သောက်မင်း၊ ငရန်ဝေး တို့သည် သူတို့ဆရာ ဉာဏ မိန်းမခိုးလာသည်ကို တွေ့၍ နောက်မှ မြင်းများဖြင့် ဒုန်းစိုင်းကာ လိုက်လာကြလေတော့သည်။

ငတိုး၊ ငတာ အစရှိသည့် သူ၏လူယုံခြောက်ဦးတို့သည် သူ့ကြောင့် ငစစ်ရန်နှင့် ရန်ဘက်ဖြစ်လျက် ရာဇဝတ်သား ဖြစ်ရမည်ကို တွေးမိသောအခါတွင် အရိပ်ကောင်းသော မန်ကျည်းပင်ကြီး၏အောက်၌ ဉာဏသည် မြင်းကိုရပ်လိုက်တော့၏။

"ကဲ ခဏဆင်းဦး မိဦးယာ၊ သူတို့ကိုတော့ ရှင်းရှင်းလင်းလင်း ပြောပြမှရမယ်"

မိဦးယာကို မြင်းပေါ်မှချကာ သူသည်လည်း လွှားခနဲ ခုန်ဆင်းလိုက်သည်။ လက်ထောက်တပ်မှူးကြီး ဉာဏ၏ရပ်နားမှုကိုတွေ့သည်နှင့် နောက်မှလိုက်လာသော မြင်းများသည်လည်း ရပ်ဆိုင်းသွားလေတော့၏။

"ကဲ . . ငတာတို့ ငတိုးတို့ မင်းတို့ကို ငါရှင်းရှင်းလင်းလင်းပြောစရာ ရှိတယ်၊ ခု ငါ့ကိစ္စက မင်းသား ငစစ်ရန်က မိဖုရားကောက်ဖို့ သတ်မှတ်ထားတဲ့ ဟောဒီ မိဦးယာကို ငါခိုးခဲ့နိုင်



www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်လာတာပဲ၊ ဒီတော့ သုဝဏ္ဏဘုမ္မိပြည်အထိ ငါဟာ ပြေးမယ်၊ မင်းတို့က ငါ့ကြောင့် ရာဇဝတ်သား မဖြစ်ချင်ရင် ဒီကနေ တပ်ကို ပြန်သွားနိုင်ပြီ"

ငတိုးက ခေါင်းခါလိုက်သည်။

"တပ်မှူးကြီး . . ကျုပ်တို့က တပ်မှူးကြီးနဲ့ သေအတူ ရှင်မကွာပါပဲ၊ ကျုပ်တို့လဲ သုဝဏ္ဏဘုမ္မိကိုလိုက်ပြီး ကြုံရာအလုပ်ကို လုပ်ကိုင်စားသောက်ပါ့မယ်၊ ဒါမှလဲ တပ်မှူးကြီးကို ကာကွယ်နိုင်မှာ"

"ငါ တပ်မှူးကြီး မဟုတ်တော့ဘူး၊ ငတိုး ငါ့ကို ဉာဏ လို့ပဲ ခေါ်ပါ၊ ဒီတော့ ပြန်ချင်တဲ့သူရှိရင် ဒီကလှည့်ပြန်နိုင် အောင် ပုဂံနယ်နမိတ်ကို မလွန်သေးဘူး"

အားလုံးသည် ခေါင်းခါကြလေသည်။

"ဆရာဉာဏ ကျုပ်တို့ဟာ ဆရာရဲ့တပ်ကို ရောက်ကတည်းက ဆရာနဲ့ သေအတူရှင်မကွာ သဘောထားပါတယ်၊ ဆရာဉာဏနဲ့ပဲ သုဝဏ္ဏဘုမ္မိကို လိုက်ပါရစေ"

မိဦးယာသည် သူတို့၏ဆရာ တပ်မှူးကြီး မောင်ဉာဏကို ချစ်ခင်လေးစားကြသော တပ်သားများကို ဝမ်းနည်းမျက်ရည်များဖြင့် ကြည့်နေ၏။

"မောင်ကြီး"

"ဟင်"

"မောင်ကြီးကြောင့် သူတို့ဟာ ဒုက္ခရောက်ကြရတော့မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်တိုးတိုးပြောသည်။

"မောင်ကြီးလဲ ပြန်လွှတ်တာပဲ မိဦးယာ၊ သူတို့ဟာ မောင်တော်နဲ့မှ မခွဲနိုင်တာပဲ . . ဘယ်တတ်နိုင်မလဲ"

စကားဆုံးသည်နှင့် မိဦးယာကို မြင်းပေါ်တွင်တင်ကာ ဆက်လက်၍ ဒုန်းစိုင်းလာခဲ့ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ထိုသတင်းကို ကြားကြားချင်း ခေါင်းနားပန်း ကြီးသွားမိတော့သည်။ ကျွန်ုပ် ကျွေးမွေးလာသော ဥဩဏာသည် မိန်းမသားတစ်ယောက်အတွက် ဤမျှမိုက်လုံးကြီးလိမ့်မည်ဟု မထင်မိပေ။

စစ်ရန်သည် လက်ထောက်တပ်မှူးကြီး ဥဩဏာမှာ မိမိအားပေးအပ်ထားသော တာဝန်မှ ရုတ်တရက် အကြောင်းမကြားဘဲ ပုန်ကန်နှုတ်ထွက်သွားကြောင်း ရှင်ဘုရင်နှင့် ဗြိတိုက်ဝန်တို့အား လျှောက်တင်လိုက်သည်။

ထိုအခါ ဗြိတိုက်ဝန်သည် ပုန်ကန်သူ ဥဩဏာအား တွေ့ရာအရပ်တွင် မမိမိအောင် အသေဖြစ်စေ အရှင်ဖြစ်စေ ဖမ်းဆီးရမိရန် အမိန့်ထုတ်ပြန်လိုက်ခြင်း ဖြစ်ပေသည်။

ထိုအမိန့်ကြောင့်ပင် 'သီရိသိဃ်သူ'အမတ်ကြီး၏ စံအိမ် တစ်အိမ်လုံးမှာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ ဘုရင့်နန်းတော်ထဲတွင် နေရသည်မှာ လွယ်ကူသည်မဟုတ်။ မိမိအိမ်တော်ပါကျွန်များက လိမ်မှာမှ နေ၍ထိုင်၍ အဆင်ပြေပါသည်။

အိမ်တော်ပါကျွန်များသည် ရာဇဝတ်ပြစ်ဒဏ်သင့်ပါက ထိုသူကို ကျွေးမွေးထိန်းသိမ်းထားသော အမတ်ဝန်မင်းတို့မှာ မျက်နှာငယ်ကြရသည်။ တော်ရုံမိတ်ဆွေတို့သည် ထိုသတင်းမျိုးကို မေးမြန်းလေ့ မရှိတော့ပေ။

အမတ်ကြီးသီရိသိဃ်သူနှင့် အလွန်ရင်းနှီးလှသော ကျိုဝန်သည် ထိုသတင်းကိုကြား၍



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ အမတ်ကြီး . . အမတ်ကြီးရဲ့လူ ဒီလောက် မိုက်လိမ့်မယ် မထင်ဘူး"

ဟု ဝေဖန်ပြောဆိုလေသည်။

ကျွန်ုပ်သည်လည်း လူကဲ့ရဲ့ခံရမည်ကို ကြောက်သော ကြောင့် နန်းတော်ညီလာခံမှလွဲ၍ အိမ်ထဲမှအိမ်ပြင် မထွက်ဘဲ နေခဲ့မိသည်။ သူတို့မျက်လုံးများက ကျွန်ုပ်ကို ရာဇဝတ်သား အား မွေးမြူခဲ့သည့်သူအဖြစ် ကြည့်ရှုနေကြမည်မှာ သေချာသည်။

ကျွန်ုပ်မှာ ဉာဏအတွက် ဝမ်းနည်းယူကျုံးမရသည် က တစ်ကြောင်း၊ သူ့ကို မည်သို့သောအခါမှ ပြန်လည်၍တွေ့ ရမည် မဟုတ်သည်ကို သိ၍တစ်ကြောင်း သူ၏ရုပ်သွင်ကို စွဲ နေသော ကျွန်ုပ်မှာ ပန်းပုရုပ်ထုလုပ်ရန် စိတ်ဝင်စားခဲ့မိလေ တော့သည်။

ကျွန်ုပ်တွင် လူမသိအောင် လျှို့ဝှက်ထားသော ပညာ ဖြင့် ကြေး၊ ရွှေ၊ ငွေ အစရှိသော ပဉ္စလောဟာ သတ္တုပစ္စည်းများ ကို ကျွန်ုပ် ကျွမ်းကျင်သည့်နည်းပညာဖြင့် အရည်ကြိုလိုက် သည်။

သည့်နောက်တွင်ကား ကျွန်ုပ်ကိုးကွယ်သော ရွှေမင်း ဝံကျောင်းရှိ ဂူကြီးထဲသို့သွားကာ ဖူး၊ ဆောက် ပစ္စည်းများဖြင့် ပန်းပုရုပ်ထုခြင်းကိစ္စကို ပြုလုပ်မိပါလေတော့သည်။

အမှန်တော့ ကျွန်ုပ်၏လိ မ္မာသော ဉာဏ်ကောင်းသော မွေးစားသား ဉာဏသည် မိန်းကလေးတစ်ဦးအတွက် ရှော်စီး သွားရသည်ဟု ကျွန်ုပ် တွေးမြင်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

'ပိုးဖလံမျိုး မီးကိုတိုး

ကိုယ်ကျိုးနည်းတော့မည်' ဟူသော ပါဠိတော်လာ စကားအတိုင်း ဉာဏနှင့် မိဦးယာတို့ထံသို့ နှိမ်နင်းရန် အမိန့် ရသည်နှင့် တပ်သားများကို စေလွှတ်လိုက်လေသည်။

မြားသမား၊ လှံသမား၊ ဓားသမားများပါသော တပ်စု ကြီးတစ်စုကို ဦးဆောင်ကာ စေစ်ရန်သည် သူကိုယ်တိုင် လိုက် ပါလာလေသည်။ တောအထပ်ထပ် တောင်အလွှာလွှာကို ကျော်ဖြတ်ကာ လိုက်ပါလာသည်။

သုဝဏ္ဏဘုမ္မိသို့ မရောက်မီ ဉာဏကိုသုတ်သင်နိုင်မှ သာ ကောင်းမည်။ သုဝဏ္ဏဘုမ္မိ၌ တောများတောင်များ ပိုမို များပြားသောကြောင့် ပုန်းကွယ်စရာ နေရာများ ရှိနေရာ ထို နေရာသို့ ရောက်ရှိသွားလျှင် နှိမ်နင်းကွပ်မျက်ဖို့ မလွယ်တော့ ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးမတောကြီးထဲရှိ တောင်ထိပ်တွင် မီးခိုးလေးများ တလူလူ ထွက်လျက်ရှိသည်။ အမိုးချွန်ချွန်ဖြင့် ယာယီဆောက်လုပ်ထားသော တဲထဲတွင် လမ်းခရီးရွာများမှ ဝယ်ယူလာသော ကတ္တီပါဖျင်ခင်းဖြင့် ဉာဏနှင့် မိဦးယာတို့ ထိုင်လျက်ရှိသည်။

ငတာနှင့် ငတိုးတို့အုပ်စုက တဲနှင့်မနီးမဝေးတွင် ထမင်းအိုးကို တည်လျက်ရှိသည်။ မီးဖိုဘေးတွင် သူတို့ပစ်ခတ်ဖမ်းဆီးလာသော တောဝက်ကြီးကို အသားခြမ်းပြီး ငုတ်တိုင်နှစ်ခုဖြင့် ချိတ်ကာ ကင်လျက်ရှိသည်။

ဝက်သားကင်နံ့က မွှေးပျံ့လျက်ရှိနေလေသည်။ သူတို့သည် မြင့်မားလှသည့် တောင်ထိပ်တစ်ခုပေါ်သို့ ရောက်ရှိနေသောကြောင့် ပတ်ဝန်းကျင်တောတောင်များမှာ စိမ်းလန်းစိုပြေလျက် ရှိနေလေသည်။

မိဦးယာသည် တဲပေါက်ဝမှ မီးခိုးနှင့်မြူများတက်နေသော တောင်ခြေရွာလေးတစ်ရွာကို ငေးမောကာ ကြည့်နေလေသည်။

"မောင်ကြီး"

"ဘာလဲ မိဦးယာ"

"မိဦးယာတို့ဘဝကလေ အဲဒီရွာကလူတွေလိုတောင် အေးအေးဆေးဆေး နေလို့ မရဘူးနော်"

"ဒါပေါ့ ဘယ်ရပါ့မလဲ . . အဲသလိုနေရင် နေပြည်တော်က လိုက်လံရှာဖွေဖမ်းဆီးတဲ့လူတွေမိပြီးတော့ သတ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရပြီး မိဦးယာ ကြောက်လို့လား"

"ဟင့်အင်း . . မောင်ကြီးနဲ့ဆိုရင်လေ မိဦးယာက ဘယ်ဘ၀ရောက်ရောက် မကြောက်ပါဘူး၊ ခုလို တောထဲ တောင်ထဲမှာ နေရတာလဲ သိပ်ပျော်တာပဲ"

မိဦးယာက ဉာဏ၏ရင်ဘတ်ကို ခေါင်းမှီထားကာ ပြောဆိုလိုက်သည်။ ဉာဏက မိဦးယာ၏ကိုယ်လုံးလေးကို ဖက်ထားလေသည်။

"မိဦးယာ"

"ရှင်"

"မောင်ကြီးကတော့ မိဦးယာနဲ့အတူတူ နေရမယ်ဆိုရင် ဘယ်မှာနေရနေရ ဘယ်မှာသေရသေရ မကြောက်ပါဘူး"

သူတို့သည် ခရီးလမ်းကျွမ်းကျင်သူများ ဖြစ်သည့်အတိုင်း နောက်မှလိုက်ပါလာလျှင် အလွယ်တကူရှာဖွေ မတွေ့နိုင်သော ခရီးမျိုးကို ရွေး၍ လာခဲ့ကြသူများ ဖြစ်လေသည်။

မကြာမီ နေရောင်ခြည်သည် အနောက်ဘက်တော အုပ်ရှိရာသို့ တဖြည်းဖြည်း နိမ့်ဆင်းသွားခဲ့လေသည်။

ထိုအခါ တောသည် ငှက်ပျောပင်များမှ ခုတ်ထားသော ငှက်ပျောဖက်များကို မြက်ခင်းပေါ်တွင်ခင်းကာ ဉာဏနှင့် မိဦးယာတို့ကို အလျှင်ထည့်ပေးပြီး ဝက်သားကင်၊ ဝက်သားဟင်းချိုတို့ကို ဝါးကျည်တောက်များ ဝါးဖွန်းများထည့်လာ အားရပါးရ စားသောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥာဏာတို့လူစုမှာ ရိုးမတောအုပ်ထဲသို့ ရောက်ရှိသည်မှာ နှစ်ညကျော်လာခဲ့လေပြီ။ သူတို့သည် အားလုံးပျော်ရွှင်နေကြလျက် ရှိ၏။

ငစစ်ရန်သည် တောအုပ်ထဲသို့ နှစ်ရက်ခွဲတိတိ ရောက်ရှိနေပြီဖြစ်သည့်တိုင် သူနှင့်တပ်သားခြောက်ဆယ်တို့မှာ ဥာဏာတို့၏အရိပ်အယောင်ကိုမျှ မမြင်ရသေးသောကြောင့် ဒေါသထွက်လာသည်။

သူတို့သည် မြင်းကောင်းများကိုသာ ရွေးချယ်လျက် ခြေမြန်တပ်သားများကို ခေါ်ဆောင်ခဲ့ကြသည်။

မီးဆိုက်ရန် ခုတ်ချထားသော သစ်လုံးကြီးပေါ်တွင် ထိုင်ကာ ငစစ်ရန် သေရည်ခွက်ကို ကိုင်လျက်

"ဟေ့ တစ်နေ့နဲ့ တစ်ညကြာတာတောင် ဒီကောင်တွေ ရှာမရသေးဘူးလား၊ သူတို့ ထွက်ခွာသွားတဲ့ လမ်းကြောင်း အစအန တွေ့သလား"

"မှန်ပါ ဒီလမ်းကြောင်းတွေက သွားတယ်လို့ မထင်ရပါဘူး"

"သူတို့ ဘယ်လမ်းက သွားသလဲ"

"လမ်းမှာ ရေရရှိဖို့နဲ့ နောက်ကြောင်းကိုမြင်နိုင်ဖို့ ရေကြောင်းကိုကြည့်ပြီး တောင်ပေါ်ကသွားတဲ့ လက္ခဏာ ရှိပါတယ်"

သေရည်ခွက်ကို ငစစ်ရန်သည် မော့သောက်လိုက်သည်။ သူနားနေသည့်အချိန်တွင် သူ့တပ်ဖွဲ့များသည် အစိန့်



www.burmeseclassic.com

www.burmeseclassic.com



မရှ၍ မြင်းများပေါ်တွင် ထိုင်လျက်ရှိနေကြလေသည်။ ရှေ့ဆုံးမှ လူနှစ်ဆယ်သည် မြားကျည်တောက်များနှင့် မြားများ ရှိနေသည်။

သူတို့နောက်မှ လှံသမားများ၊ သည့်နောက်တွင်မှ ဓားသမားများ ရှိနေသည်။ သူ၏ဘေးတွင်ရှိသော သူ့တပည့်အား သေရည်ခွက်ကိုပေးကာ

"တောက် . . ဒီညာဏကိုတွေ့ရင်တော့ ငါ့ကိုယ်တိုင်ဓားနဲ့သုတ်သင်မယ် . . ဘယ်သူမှ အသေမသတ်ကြနဲ့ ကြားလား" ဟု မိန့်ကြားလိုက်၏။

"မှန်လှပါ အမိန့်တော်အတိုင်းပါ"

သူသည် တစ်ရက်ပြီးတစ်ရက် တောထဲတွင် ကြာလာလေ သူ၏မိဖုရားအား ခိုးယူသွားခဲ့သော ညာဏကို ပို၍မုန်းတီးလေလေ ဖြစ်နေသည်။

သူတို့သည် မြေပြန့်တောအုပ်တွင် ရှာဖွေ၍မရသောကြောင့် တောင်တန်းများပေါ်သို့ တက်၍ရှာဖွေရန် ဆုံးဖြတ်ကြလေသည်။ ရိုးမတောင်ကြောကြီးပေါ်သို့ စစ်ရန်က ဦးဆောင်ကာ တက်လာသည်။

သူ၏နောက်မှ တပ်သားများသည်လည်း ညနေနေရောင်တွင် မောက်တိုမောက်ရှည်များက တပြောင်ပြောင်နှင့် လိုက်ပါလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းချထားသော တောသည် နေရောင်ဖြင့် ခပ်ဝေး ဝေးမှ တောင်ပေါ်တက်လာသော ဘုရင့်တပ်မတော်သားများ ကိုတွေ့မြင်သောကြောင့် သူ့လူများ စခန်းချထားရာသို့ ပြေး တက်လာသည်။

"တပ်မှူးကြီး"

"တပ်မှူးကြီး"

သူသည် တပ်ထဲတွင် ခေါ်မြဲတိုင်း ခေါ်လိုက်သည်။

"တော . . ငါ့ကို ငညာဏလို့ပဲ ခေါ်ပါဆို၊ ငါ အခု တပ်မှူးကြီး မဟုတ်တော့ဘူးလေ"

"ကိုညာဏ သူတို့လိုက်လာကြပြီ"

"ဟင်"

"ရှင်"

နှစ်ယောက်လုံး ထရပ်လိုက်မိကြသည်။ သူတို့သည် တဲပြင်သို့ထွက်ကာ အနောက်ဘက်ရှိ တောင်တန်းပေါ်သို့ တော ညွှန်ပြရာအတိုင်း ကြည့်လိုက်ရာ

စေစ်ရန်နှင့် သူ့လူများ လိုက်ပါလာသည်ကို တွေ့လိုက် ရလေသည်။

"ဘယ်လိုလုပ်ကြမလဲ မောင်ကြီး . . သူတို့လက်ထဲ မှာတော့ အမိခံလို့ မဖြစ်ဘူး"

မိဦးယာက ထိတ်လန့်စွာ ပြောလိုက်လေသည်။

"တော"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"တို့လူတွေ စုလိုက်စမ်းကွာ၊ တို့လဲ ခုခံနိုင်သလောက် ခုခံကြတာပေါ့"

ငတာသည် ကျွဲချိုကို ကျယ်လောင်စွာ မှုတ်လိုက်လေတော့သည်။ တကယ်တော့ ဉာဏသည် စခန်းချ၍ကောင်းသော နေရာများကို ရွေးချယ်ကာ နေထိုင်သူဖြစ်သောကြောင့် တောင် ပေါ်မှ လှိမ့်ချရန် သစ်တုံးများ ကျောက်တုံးများရှိသည့် တောင်ထိပ်နေရာ ဖြစ်နေရာ သစ်ပင်များကို ခုတ်ပိုင်းကာ တောင်ကြားလမ်းသို့ ဆင်း၍လာမည့် ရန်သူ၏လမ်းကြောင်းကို ကြည့်ကာ စစ်ဆင်ရေးလုပ်ထားလိုက်လေတော့သည်။

ကျောက်ခဲများကိုလည်း ငတိုးက ဦးစီးကာ ချောက်နေရာ လူသွားလမ်းသို့တက်လာသည့် ရန်သူများကို တိုက်ခိုက်ရန် စီစဉ်ထားလေသည်။

"ငတာ"

"ဗျာ"

"သူတို့ လူအင်အား ဘယ်လောက်ရှိသလဲ"

"သူတို့လူအင်အား ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးလောက် ရှိမယ် ကိုဉာဏ"

"ကောင်းပြီ . . သူတို့က တို့ကို မတွေ့သေးဘူး၊ တောင်တွေပေါ်မှာတက်ပြီးရှာနေတာ၊ ဒီတော့ ဒီတောင်ပေါ်မှာ ထောင်ချောက်တွေထားခဲ့ပြီး တို့နေရာရွှေ့မယ်၊ ငုတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်တွေကိုလုပ်၊ ပြီးရင် မောင်းခလုတ်ကို သစ်ပင်ပေါ်ကနေ ကြိုးနဲ့ဆွဲပြီးဖြုတ် . . တို့ ဒီတစ်ညတာအတွက် နေရာပြောင်း ရလိမ့်မယ်"

"ဟုတ်ကဲ့ စိတ်ချပါ ကိုညာ၊ အားလုံးကို အကြောင်း ကြားပေးပါ့မယ်"

သူတို့ရှစ်ဦးသည် ရန်သူများကို တွေ့မြင်ရ၍ စိတ်ဓာတ် တက်ကြွလာကြသည်။

"လာ . . မိဦးယာ တို့ ဒီနေရာကနေ ရွှေ့ရမယ်"

"ကျွန်မ သိပ်ကြောက်တယ် မောင်ကြီး"

"မကြောက်ပါနဲ့ မိဦးယာ . . မောင်ကြီး မသေသမျှ မင်း ဘာမှ မဖြစ်စေရဘူး"

သူတို့သည် တောင်များကို တစ်လုံးပြီးတစ်လုံးကျော် ကာ တောထူထပ်သော နေရာသို့ ရွှေ့လိုက်သည်။ သူတို့တက် လာသည့် လမ်းကြောင်းမှ ကြားဖြတ်ကျော်ကာ အလွယ်တကူ မရောက်နိုင်သည့် ချောက်ကြီးတစ်ဘက်သို့ ဆင်းကာ ကူးလာ ခဲ့ကြလေသည်။

'တော'သည်ကား သူနေသော တောင်ထိပ်သို့တက် လာမည့် စေစ်ရန်နှင့်တပ်သားများအား သစ်လုံးများနှင့် ကျောက်ခဲများ လှိမ့်ချနိုင်ရန် စောင့်ကြည့်နေလေသည်။

မကြာမီ သစ်လုံးများ လှိမ့်ချရမည့် ချောက်လမ်းဆီ သို့ စေစ်ရန်နှင့် တပ်သားများ ချီးတွေ့ကာ ဝင်လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

ရှေ့ပြေးမြားသမား ငါးယောက်သည် မြင်းများစီးကာ လာနေကြ၏။ ထိုစဉ်မှာပင် ငတာသည် သစ်လုံးကြီးတစ်လုံးကို တုတ်နှင့်ကော်ကာ လှိမ့်ချလိုက်လေတော့သည်။

"ဝုန်း"

"ဒုန်း . . ဒုန်း . . ဒုန်း"

"ဟာ . . သစ်လုံးကြီးဟေ့"

"တောင်ပေါ်မှာ ရန်သူရှိတယ် သတိထားကြ"

ငစစ်ရန်သည် သူ့လူများကိုအော်ဟစ် သတိပေးလိုက်သည်။ သို့သော် ရှေ့သို့ခရီးလွန်သွားသည့် မြင်းသမားများမှာ ကြီးမားသော သစ်လုံးကြီးကို မရှောင်နိုင်တော့ဘဲ တက်၍ကြိတ်နင်းခြင်း ခံရလေတော့သည်။

"အား"

"အမယ်လေး"

အော်သံဟစ်သံများ ဆူဆူညံညံသွားသည်။ တောင်ကြားလမ်းသို့ ဝင်သွားမိသော မြားသမားငါးဦးမှာ မည်သို့မျှ ရှောင်၍မရနိုင်။ မြင်းရောလူပါ ချောက်ထဲသို့ပြုတ်ကျသွားလေတော့သည်။

ထိုလမ်းကြောင်းပေါ်သို့ တက်လျှင် ထောင်ချောက်ဆင်ထားသောကြောင့် ငစစ်ရန်သည် အခြားလမ်းကြောင်းတစ်ခုကို ရွေးချယ်၍ တောင်ထိပ်သို့တက်ရန် အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . တ ခြားလမ်းကြောင်းကို ရှာပြီးတက် . . ဒီလမ်းကို မသုံးနဲ့"

"ဟော့ . . ဟော့ . . ဟော့"

လူများနှင့် ညာသံပေးကာ အခြားလမ်းကျဉ်းတစ်ခုကို ရွေးချယ်ကာ တက်လာကြပြန်သည်။ လမ်းတစ်ဝက်လောက် အထိ တောသည် စောင့်ကြည့်နေလေသည်။

လူဆယ်ဦးလောက်ရှိမှပင် သူ တုတ်နှင့်ခံထားသည့် ကျောက်မောင်းကို ဖြုတ်ချလိုက်လေတော့သည်။

"ဒုန်း"

"ဝုန်း"

"ဟ . . ဘာလဲဟ"

အမှန်မှာတော့ လမ်းနှင့်အနေတော် ဖြစ်နေသည့် ကျောက်လုံးနှစ်လုံးသုံးလုံးကို လှိမ့်ချလိုက်သောကြောင့် မ ရှောင်နိုင်တော့ဘဲ လူလေးငါးဦးမှာ ကျောက်လုံးနှင့်အတူ အ ကြိုတ်ခံရကာ ချောက်ထဲ ပြုတ်ကျသွားကြပြန်တော့သည်။

"အား"

"အမယ်လေး"

အော်သံဟစ်သံများက ချောက်ကြားထဲတွင် ဆူဆူညံ သွားလေသည်။

ကျောက်မောင်းများကို တစ်လုံးပြီးတစ်လုံး ဖြုတ်ချပြီး သည့် တေိုးနှင့်တောတို့သည် တောင်ခြေကိုကြည့်လိုက်သည်။ မင်းသား စေစ်ရန်တို့အဖွဲ့သည် တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးများလှိမ့်ချသည့်လမ်းနှင့် ကျောက်တုံးများလှိမ့်ချသည့်လမ်းပေါ်သို့ တက်မလာရဲတော့။

သို့သော် မင်းသားစေစ်ရန်သည် သူ့လူများကို လမ်းပေါ်မှမတက်ဘဲ ခက်ခဲသော ချုံနွယ်များမှ တောင်ပေါ်သို့တက်နိုင်ရန် ကြိုးစားခိုင်းလေသည်။

"ဝေးဟေး . . ဟေး"

"ဖေး"

တောသည် သစ်သားကိုချွန်ထားသည့် လှံများဖြင့် ချုံစပ်မှတက်လာသူများကို တစ်ဦးပြီးတစ်ဦး ပစ်ခတ်လိုက်သည်။

"ရှပ်"

"အား"

ဝါးကိုချွန်ထားသော လှံများက ရင်ဝကိုဖောက်ထွက်ကာ နောက်သို့ ပြန်လန်ကျသွားသည်။ အမှန်တော့ စစ်မြေပြင်ဆိုသည်မှာ ဦးစွာရောက်ရှိ၍ သဘာဝပတ်ဝန်းကျင်ကို ကြိုတင်လေ့လာနိုင်သူတို့က တစ်ပန်းသာမြဲ ဖြစ်၏။

တောသည် ထိုသို့သော သဘာဝပတ်ဝန်းကျင်ကို ကျွမ်းကျင်သကဲ့သို့ တိုးသည်လည်း ရန်သူလမ်းကြောင်းရွေးချယ်မှုကို သဘောပေါက် နားလည်နေသူ ဖြစ်သည်။

လူငါးဆယ်ကျော်နှင့် လိုက်ပါလာသော စေစ်ရန်သည် မူလက ဉာဏကို မိဦးယာနှင့် နှစ်ဦးတည်း လက်ဖွဲ့ထွက်ပြေးသည်ဟုထင်၍ ထိုသို့လိုက်လာခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု ငတိုးနှင့် ငတာတို့လို စစ်ရေးကျွမ်းကျင်သူနှစ်ဦးက ဆီးကြိုတိုက်ခိုက်သည်ကို ခံရသောအခါ ညဥ့်ဇလည်း တဖြည်းဖြည်း မှောင်ရီသမ်းလာတော့မည်မို့ သူ့တပ်သားများအား

"ပြန်ဆုတ်ကြ . . စခန်းချဖို့ နေရာရှာကြ" ဟူ၍ ပြောကြား အမိန့်ပေးလိုက်လေတော့၏။

ထိုအသံမှာ ချုံကြိုအုံကြားရှိ တပ်သားများကိုပါ ကြားအောင် အော်ပြောရသောကြောင့် ငတိုးနှင့် ငတာတို့လည်း ကြားလိုက်ကြရလေသည်။

ငတိုးက . . .

"ဟေ့ . . ငတာရေ မင်းသား စေ့စ်ရန်တို့တော့ နောက်ထပ်တက်လာရဲမှာ မဟုတ်တော့ဘူး၊ ဒီတော့ တို့တပ်မှူးကြီး ဉာဏရှိတဲ့ တောင်ဘက် ကူးကြစို့"

ဟု ပြောလိုက်သည်။

သူတို့သည် ရန်သူကို တိုက်ခိုက်ပြီးပါက ပြေးလမ်းကိုလည်း ရွေးချယ်စီစဉ်ထားသူများ ဖြစ်သည်။ တစ်ဖက်တောင်မှ ရှည်လျားလှသော နွယ်ပင်ကြီးနှစ်ပင်ကို ဆွဲကာ သူတို့ပြေးမည့်လမ်းတွင် ကြိုးနှင့် ချည်နှောင်ထားခဲ့လေသည်။

ယခု ရန်သူက ဆုတ်ခွာသွားပြီ ဖြစ်သောကြောင့် သူတို့၏လက်ထောက်တပ်မှူးကြီး ဉာဏအား အကြောင်းကြားရန်အတွက် နွယ်ကြိုးများဖြင့် တစ်ဦးပြီးတစ်ဦး ကူး၍သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုး"

"ဗိုး"

တောင်ထိပ်ပေါ်သို့ တစ်ဦးပြီးတစ်ဦး ခုန်ဆင်းလာကာ ကင်းသမား ရေနံဝေးနှင့် တွေ့မိကြသည်။

"ဟိုဘက်တောင်မှာ ဘယ့်နှယ်နေသလဲ"

"ရန်သူတွေ ပြန်ဆုတ်သွားပြီ . . ဒါကြောင့် ငါတို့ ဒီဘက်ကူးလာတာပေါ့"

သူတို့သည် လျှင်မြန်စွာဆောက်လုပ်ထားသော ဉာဏ၏တဲရှိရာသို့ သွားကာ ရန်သူများ၏အခြေအနေကို အစီရင်ခံလိုက်သည်။

"ရန်သူကတော့ အင်အားတစ်ဝက်နီးပါး ကျသွားပါပြီ ဒါပေမယ့် သူတို့ကတော့ ထပ်ပြီးကြိုးစားကြဦးမှာပါပဲ"

"တေိုးနဲ့ တော . . မင်းတို့နှစ်ယောက် ပါလာတာဟာ ငါ့အတွက် သိပ်ကျေးဇူးများတယ်၊ မင်းတို့က တိုက်ခိုက်ရေးလဲ ကျွမ်းကျင်တော့ ရန်သူကို အသက်စွန့်ကာကွယ်တယ်၊ ဒါပေမယ့် ငါက ဒီလို မဖြစ်စေချင်ဘူး၊ မင်းတို့ဟာ ငါ့အတွက်နဲ့ ရာဇဝတ်သားတွေ ဖြစ်နေပြီ"

"ဒီအတွက် စိတ်မချမ်းမသာ ဖြစ်မနေပါနဲ့ တပ်မှူးကြီး ကျွန်တော်မျိုးတို့က အမြဲအသက်စွန့်ပြီးတော့ ရန်သူကိုတိုက်ခိုက်လာတာ တစ်ခါတလေ အသက်ဆုံးရှုံးသွားတာလဲ မဆန်းလှပါဘူး"

တေိုးက ဦးခိုက်ကာ လျှောက်တင်လိုက်ပြန်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

မိဦးယာမှာ ဇရန်ဝေးနှင့် ငယ်ဲတို့ ရှာလာသော တောဝက်ကိုဖျက်ကာ နံနက်စာအတွက် ဝက်စွပ်ပြုတ်နှင့် ဝက်ကိုအဆီထုတ်ကာ တောထဲမှာရှိသော အရွက်များနှင့် ရောကာ ချက်ပြုတ်နေသည်။ တောစာများကို မိဦးယာသည် ချက်ပြုတ်ကျွမ်းကျင်၍ သူတို့ထမင်းဝိုင်းမှာ ပျော်စရာဖြစ်သည်။

အားလုံးမှာ အသက်ဘေးကိုတွေးကာ ထိတ်လန့်ရမည့်အစား ပျော်ရွှင်နေကြသည်။

"တပ်မှူးကတော်လက်ရာကတော့ တကယ့်အရသာနဲ့ ပြည့်စုံတာပဲ"

တောသည် ဝက်သားဟင်းကို စားကာ ပြောလိုက်သည်။ သူတို့သည် တောထဲမှရသမျှ ငှက်၊ ကြက်နှင့် စားစရာသောက်စရာများ၊ ဖရစ်များ၊ ကင်းပုံများခူးကာ မိဦးယာတို့ပေးတတ်ကြသည်။ မိဦးယာကလည်း သယ်လာသော အိုးတစ်လုံးနှင့် အလဲအလှယ်အဖြစ် ငှက်ပျောဖက်ပေါ်သွန်ကာ ချ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တော့ တစ်ဖွဲ့လုံးက မိဦးယာကိုချစ်ကာ ကာကွယ်ကြသည်။

"တပ်မှူးကတော်လေး ဒီတောထဲမှာသာ မဟုတ်ဘဲ မြင်းကပါရွာမှာသာဆို ဘယ်လောက်ပျော်စရာ ကောင်းမလဲ"

"အေးကွာ"

လူ့ဘဝဆိုသည်ကား မိမိဖြစ်ချင်သည်များ မဖြစ်ပါ။ ထိုည ထမင်းဝိုင်းသည် သူတို့အတွက် နောက်ဆုံးစားသောက်ရသည့် အပျော်ရွှင်ဆုံး ထမင်းဝိုင်းဟု ဆိုရပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် နံနက်မိုးသောက်သည်နှင့် သစ်ပင်များပေါ်မှ မြားများသည် သူတို့တောင်ထိပ်ရှိရာသို့ ပြေးဝင်လာသောကြောင့် ဖြစ်သည်။

"ရှပ်"

"ဒုတ်"

"ဟင်"

ရေနံဝေးသည် သူ့ဘေးမှသစ်ပင်ကို လာ၍စိုက်သော မြားကိုကြည့်ကာ အံ့အားသင့်သွားသည်။

"ရန်သူ"

သူသည် တစ်ခွန်းသာ အော်လိုက်နိုင်သည်။ ရန်သူ၏ မြားက သူ၏ရင်ဝကို စူးဝင်သွားလေတော့သည်။

"ရှပ်"

"အား"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏနှင့် မိဦးယာတို့သည် သူတို့နေသော တောင်ကုန်းကို မည်သည့်လမ်းကြောင်းကို တွေ့၍ တက်လာမှန်းမသိသော ရန်သူများကို ရင်ဆိုင်ရန် ဓားကိုဆွဲထုတ်လိုက်ကြသည်။

မိဦးယာသည်လည်း တောင်ယာသမားဆိုပေမဲ့ သူတို့ရိုးရာ ဓားသိုင်းကိုတော့ တတ်သည်။ ဓားတစ်ချောင်းကို ကောင်းကောင်းနိုင်သည်။ စေစ်ရန်ဆိုသည့် မင်းသားမှာလည်း သတ္တိကောင်း၍ တိုက်ရည်ခိုက်ရည်ကောင်းသည်ဟု ထင်ရှားသည်။

သူသည် သစ်ပင်ကြီးပေါ်မှ နွယ်ကြိုးဖြင့် ဓားကိုကိုင်ကာ ဉာဏရှေ့သို့ ခုန်ချလိုက်သည်။

"ဟား . . ဟား . . ဟား . . ဉာဏ မင်းငါ့လက်က လွတ်မယ် ထင်သလား"

"ရွှပ်"

"အိုး"

လက်ချင်းဆုပ်ထားသော ဉာဏနှင့် မိဦးယာတို့ နှစ်ယောက်ကြားသို့ ဓားနှင့်ခုတ်ချလိုက်၍ နှစ်ယောက်သား လူချင်းကွဲသွားကြသည်။

ဉာဏသည် စေစ်ရန်၏ဓားချက်ကို လွတ်အောင်ရှောင်နေရသည်။

"ရွှပ်"

"အိုး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မြားသမားတစ်ဦးက ဥက္ကာအား သစ်ပင်ပေါ်မှ ပစ်ခတ်လိုက်၏။

"ဒုတ်"

"အိုး"

ကျောတွင် မြားတန်းလန်းနှင့် ဥက္ကာသည် ရန်သူကို အရှုံးမပေးဘဲ တိုက်ခိုက်နေ၏။ မိဦးယာသည် ရန်သူများက ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ ခဏကြာသောအခါတွင် ဥက္ကာမှာ အဆိပ်ပါသော မြားချက်ဖြင့် မှောက်လျက်လဲကျသွားလေတော့၏။

တောတောင်ထဲတွင်ကား တိုက်သံခိုက်သံများ ဆက်လက်ဖြစ်ပေါ်နေဆဲသာ။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ဤမှတ်တမ်းတို့ကို ဉာဏနှင့်အတူ လိုက်သွားခဲ့သော တော၏ပြန်လည်ပြောပြချက်အရ ရေးသားထားခဲ့ခြင်းပင် ဖြစ်သည်။

မိန်းကလေးတစ်ဦးကို ချစ်သည့်စိတ်ကြောင့် ဘဝကို အဆုံးခံလိုက်သော ကျွန်ုပ်၏မွေးစားသား တပ်မှူးလေး ဉာဏနှင့် မိဦးယာတို့အား ကျွန်ုပ်သည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ချစ်ခင်သောစိတ်ကား စွဲလမ်းလျက်ရှိရာ ဤရွှေမင်းဝံဂူကြီးထဲတွင် ရုပ်တုကိုထု၍ သူတို့အကြောင်း ရေးသားထားသော ပုရပိုဒ်ကို နောင်လာနောက်သားများ သိရှိစေရန် မြှုပ်နှံထားခဲ့ခြင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ဦးသည် ခေတ်တစ်ခေတ်တွင် အသက်တစ်ရာအတွင်း၌ သေဆုံးကြရာ အဖြစ်အပျက်အမျိုးမျိုးတို့ သည်လည်းကောင်း၊ ရင်နာစရာ ဝမ်းနည်းစရာတို့သည်လည်း ကောင်း မည်မျှပင် များပြားသည်ဖြစ်စေ ကံကြမ္မာကပေးသော အခွင့်အရေးအတိုင်းသာ နေသွားကြရသည်။

ကျွန်ုပ်မှာလည်း ဉာဏနှင့်ပတ်သက်သည့် ကိစ္စမှ အစပြု၍ နန်းတော်ထဲတွင် သိပ်အရေးပါအရာမရောက်လှ တော့ပေ။

ကျွန်ုပ်၏စိတ်ဓာတ်မှာလည်း ထိုမွေးစားသား ဉာဏ ၏ခံစားမှုကြောင့် လန်းဆန်းခြင်း မရှိလှတော့။ ကျွန်ုပ်သည် 'ဗုဒ္ဓဉာဏ'ကျောင်းတော်နှင့် ဘာသာရေးဘက်၌သာ အာရုံ စိုက်၍နေခဲ့သည်။

ပုဂံပြည်ကြီးကား အနော်ရထာမင်းခေါ် 'အနုရုဒ္ဒ' မင်းကြီး နတ်ရွာစံပြီးသည့်နောက် ကျန်စစ်သားမင်းကြီးလက် ထက်တွင် ပိုမိုတိုးတက်ခဲ့လေသည်။

အမှုထမ်းတို့ကိုလည်း ကျန်စစ်သားမင်းကြီးသည် မျက်နှာကြီးငယ် မလိုက်။ အဆုံးအမ အကွပ်အထိန်းပြုသော ကြောင့် စေစ်ရန်လို မင်းသားမျိုး မပေါ်ပေါက်ခဲ့ချေ။

ကျွန်ုပ်သည် စောလူးမင်းလက်ထက်မှစ၍ နန်းတော်မှ ထွက်ခဲ့ရာ ယခုအခါ ရွှေမင်းဝံကျောင်းမှာပင် ပြန်ပတ်၍ နေထိုင်ခဲ့ပါတော့သည်။ နောက်ဆုံးတော့ လူ့ဘဝသည် စည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် အခြေအရံအားလုံးကို စွန့်လွှတ်ကာ သေခြင်းတရားနောက်သို့ လိုက်ရမည်သာ ဖြစ်သည်။

ကျွန်ုပ် အသက်ရှစ်ဆယ်ကျော်သောအရွယ်တွင်ကား ကျန်စစ်သားမင်းကြီးသည် 'အာနန္ဒာ'ဘုရားကြီးကို တည်နေသည့်အချိန်ပင် ဖြစ်လေသည်။ ကျန်စစ်သားမင်းကြီး၏ကုသိုလ်တော်အား ကျွန်ုပ်သည် ဦးခိုက်လျက် ဤပုရပိုဒ်ကို အဆုံးသတ်လိုက်ပါသည်။

ကျွန်ုပ်၏ကျန်းမာရေးအခြေအနေမှာလည်း သိပ်မကောင်းတော့ပါ။ အာနာပါနခေါ် သတိပဋ္ဌာန်တရားကို အားထုတ်၍သာ အထိုင်အထ နေးကွေးစွာဖြင့် နေရတော့သည်။ ကျွန်ုပ်အား ပြုစုသော ကလေးနှစ်ဦးကိုကား ကျွန်ုပ်အားနာလှပါသည်။

ကျွန်ုပ်၏ဘဝသည် ဤရွှေမင်းဝံကျောင်းကြီးအတွင်းမှာသာ အဆုံးသတ်ရတော့မည် ထင်သည်။ မတတ်နိုင်၊ လောက၌ မိမိချစ်သောအရာများသည် လည်းကောင်း၊ မိမိ မချစ်ခင် မနှစ်သက်သော အရာများသည်လည်းကောင်း အားလုံးစွန့်လွှတ်ထားခဲ့ရမည်သာ ဖြစ်ပေတော့သည်။

လူ့ဘဝ၌ ကောင်းသောကိုယ်ကျင့်တရားဖြင့် ကျင့်ကာကုန်လွန်နိုင်ကြပါစေသတည်း။

သီရိသိင်္ခသူ

× × ×



www.burmeseclassic.com

www.burmeseclassic.com

၆

ဆရာတော် ဦးပညာဓေတသည် စာရေးဆရာ နဒီနွယ် ဖတ်ပြသည့် ကြေးပုရပိုဒ်ကို နားထောင်ကာ ခေါင်းညိတ်လိုက်လေသည်။ ဦးပညာဓေတသည်

"ဒီပုရပိုဒ်ကြီးကို တွေ့ကတည်းက ကျုပ်စိတ်ထဲ တစ်မျိုးတော့ ထင်သားပဲ၊ ဒီအဖြစ်အပျက်တွေဟာ ကျုပ် တော်တော်သိထားသလိုပဲ ဒကာကြီး"

ဟု ပြောလိုက်သည်။

"ဘုရား မိန့်တော်မူပါ"

"တစ်ခါ တစ်ခါ ဘုန်းကြီးလဲ အဲဒီ ပုဂံခေတ်က အဖြစ်အပျက်တွေ ညီလာခံတွေကို အိပ်မက်မက်တယ်၊ ဘုန်းကြီးထင်တာတော့ ဘုန်းကြီးဟာလဲ ပုဂံခေတ်က အမတ်ကြီး သိရိသိဃ်သူဆိုတာကို ကျုပ်ကိုယ်တိုင်များ ဖြစ်နေသလားလို့တောင်ထင်မိတယ်"

"တင်ပါ .. ဟုတ်ချင်လဲ ဟုတ်မှာ ဘုရား၊ ရေစက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆုံရတာပဲ၊ ခုလဲ မြတ်သဇင်နဲ့ တပည့်တော် အရှင်ဘုရား ကျောင်းမှာ ဆုံရတာပဲ မဟုတ်လား ဘုရား"

"အေး . . မြတ်သဇင်ကရော သူ့ကိုယ်သူ မိဦးယာဆို တာကို သိရဲ့လား ဒကာကြီး"

"သိတာပေါ့ ဘုရား၊ သူကလဲ အိပ်မက်ထဲမှာကတည်း က တပည့်တော်ကို မှတ်မိနေတာ အရှင်ဘုရားကျောင်းမှာ ဆွမ်းကပ်တဲ့နေ့ကတည်းက တစ်ယောက်နဲ့တစ်ယောက် မှတ် မိသွားကြတာပါပဲ ဘုရား"

"အင်း . . ကျုပ်လဲ ဒီအဖြစ်အပျက်ထဲက တ ချို့ကို သိနေတယ် မထူးဆန်းဘူးလား"

"ဘယ်လို အဖြစ်မျိုးလဲ ဘုရား"

"ဒီမှတ်တမ်းထဲမှာ မပါပေမယ့် မိဦးယာဟာ စေစ်ရန် ခေါ်လာတဲ့ လမ်းခရီးမှာပဲ ချောက်ထဲကို ခုန်ချပြီး သေသွားတာ လေ . . အဲဒါ စေစ်ရန်ရဲ့မားလွတ်ရာကို ပြေးပြီး ကျန်စစ်သား မင်းလက်ထက်မှာ အိမ်တော်ကို ပြန်ရောက်လာတဲ့ တောနဲ့ တိုးတို့ ပြောပြတဲ့အချက်ပေါ့"

"ဟင် . . ဒါဆိုရင် အရှင်ဘုရားဟာ လက်စသတ်တော့ အမတ်ကြီး သီရိသီဃ်သူ ဆိုတာပဲ၊ ဒီမှတ်တမ်းကိုရေးတာ အရှင်ဘုရားပဲ"

"အင်း . . ဘဝချင်း ခြားသွားတော့လဲ ဟိုလိုလို ဒီလို လို အတွေးတွေက များတယ်၊ နောက်တော့မှ ဒီမှတ်ရေးချီ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရေးဖူးတယ်ဆိုတာ မှတ်မိတယ်၊ စာများကျက်ပြီးရင် မေ့သလိုပေါ့ ဒကာကြီးရယ်၊ ကျောက်စာတွေကလဲ မလေ့လာရတဲ့ဘဝတွေ ကြားထဲမှာ ရှိခဲ့တော့ မေ့နေတော့တာပေါ့"

"ဖြစ်နိုင်ပါတယ် ဘုရား၊ ကြားထဲက လူနာမည်တွေ အဖြစ်အပျက်တွေကို အရှင်ဘုရား ကောင်းကောင်းမှတ်မိနေတာပဲ၊ တပည့်တော်တို့လဲ အဲဒီဘဝက ဘယ်လိုနိဂုံးချုပ်သွားခဲ့ရတယ်ဆိုတာ အရင်က မသိပါဘူး"

"ဒကာမလေး မြတ်သဇင်ရော မသိဘူးလား"

"မသိပါဘူး ဘုရား"

"အေး . . သူ့ဒီအကြောင်းတွေသိရင် သိပ်အံ့ဩမှာပဲ ဒကာကြီး . . ဒကာကြီးကတော့ စာရေးဆရာ အယ်ဒီတာဆိုတော့ ကိုယ့်ဘဝကိုယ် ရေးစရာတွေ ရတာပေါ့လေ"

"မှန်ပါ ဘုရား"

"ကဲ . . တို့ ညဥ့်တော်အတော်နက်ပြီထင်ပါရဲ့၊ အိပ်ကြစို့ . . တို့ သုံးယောက်က အတိတ်ဘဝက ရေစက်ရှိတဲ့သူတွေ၊ ဘုန်းကြီးလဲ ဒကာကြီးတို့နှစ်ယောက် ဒီဘဝမှာ ပေါင်းဖက်ရဖို့ မေတ္တာပို့ပေးပါ့မယ်၊ ဒကာကြီးလဲ အလှူဒါနပြုပြီး ဝဋ်ကြွေးရှိရင် ကျေပါစေလို့သာ ဆုတောင်းပေတော့"

"တင်ပါဘုရား"

နဒီနွယ်သည် ဘုန်းကြီးအား ဦးချကာ သူနေထိုင်ရာ ကျောင်းအပေါ်ထပ်သို့ တက်လာခဲ့သည်။ လသာဆောင်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပုဂံမြို့၏ ရှုခင်းမှာ လွမ်းဆွတ်ဖွယ်ရာတွေ မြင်ရသည်။ ယခင်ကလည်း သူသည် ဤပုဂံမြို့မှာပင် အချစ်နှင့်ပတ်သက်၍ အသက်စွန့်ခဲ့ရဖူးပြီ။

မြတ်သဇင်သည် ဤပုရပိုဒ်ပါ အချက်များကို မသိသေး။ သူနှင့် စကားပြောဖို့အတွက် သူတို့ ဆိုင်ပိတ်သည့် လကွယ်နေ့ကို စောင့်ရဦးမည်။ မြတ်သဇင်ကတော့ သူ့ကို အလေးအနက် မေတ္တာရှိကြောင်း ပြသသွားခဲ့၏။ သို့သော် ဘဝထက် အချစ်ကိုယုံရဖို့ ခက်ခဲသည်ဟူသောအဆိုကို သူ လက်ခံမိရာ သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးမြတ်သည် ဆိုင်တံခါးကို ဝုန်းခနဲပိတ်လိုက် လေသည်။ အလုပ်သမားများကား သူတို့နှစ်ထပ်တိုက်ဝင်း အကျယ်ကြီးရှိ ဘေးဘက်တွင် ဆောက်လုပ်ထားသော တန်းလျားများသို့ ပြန်၍သွားကြပြီ။ ဒေါ်သဇင်က ဘုရားခန်းထဲတွင် ဘုရားရှိခိုးနေ၏။

မြတ်သဇင်ကတော့ ယွန်းထည်ဒီဇိုင်းပုံများကို စာအုပ်တစ်အုပ် ထုတ်ဝေရန်အတွက် ရေးဆွဲနေလေသည်။ ဦးမိုးမြတ်သည် သမီး မြတ်သဇင်ကို တစ်ချက်ကြည့်လိုက်လေသည်။

"သမီး"

အေးစက်စက်အသံနှင့် လှမ်းခေါ်လိုက်သောကြောင့် မြတ်သဇင်က ထိတ်လန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"လာပါဦး ဒီကို"

မြတ်သဇင်သည် အမြဲချိုချိုသာသာ ပြောလေ့ရှိသော ဖခင်ဖြစ်သူက ဧည့်ခန်းထဲသို့ လှမ်းခေါ်သောကြောင့် ထွက်လာခဲ့သည်။

"ဘာလဲ ဖေဖေ ဘာပြောစရာရှိလို့လဲ၊ ခုခေတ်က ပန်းကန်တွေ၊ ရေဖလားတွေကို သမီး ဒီဇိုင်းထဲမှာ ထည့်ဆွဲတာ မကြိုက်လို့လား"

ဦးမိုးမြတ်က မြတ်သဇင်၏ဒီဇိုင်းစာအုပ်ကို စစ်ဆေးကာ ပြောခဲ့ဖူးသောကြောင့် မေးလိုက်ခြင်း ဖြစ်လေသည်။

"ဖေဖေက စီးပွားရေးနဲ့ ငွေရေးကြေးရေးတွေ သမီးနဲ့ ဘာမှ ပြောစရာ မရှိဘူး၊ သမီးနဲ့ ပြောစရာရှိတာ လူမှုရေးပဲ"

"ရှင်"

"ဟုတ်တယ် . . ဒီနေ့ ဖေဖေ့မိတ်ဆွေတစ်ယောက်က ပခုက္ကူကနေ ဘူးဘုရားဆိပ်ကမ်းကို မော်တော်နဲ့ကူးလာတယ်၊ အဲဒါ သမီးကို ယောက်ျားတစ်ယောက်နဲ့ ဘူးဘုရားဆိပ်ကမ်းက ဘူးသီးကြော်ဆိုင်မှာ ထိုင်နေတာ တွေ့တယ်လို့ ပြောတယ်"

ဦးမိုးမြတ်၏စကားကြောင့် မြတ်သဇင်က ပြုံးလိုက်မိလေသည်။

"ဖေဖေ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဖေဖေက အသက်ဘယ်လောက်ရှိပြီလို့ ထင်နေလို့လဲဟင်"

"သမီး မငယ်တော့ပါဘူး၊ သမီး အသက်(၃၀)ကျော်နေပြီ၊ ဒါပေမယ့် မိန်းကလေးဆိုတာ ဘယ်အရွယ်ဖြစ်ဖြစ် မသင့်တော်တာ မဖြစ်အောင် မိဘတွေမှာ တာဝန်ရှိတယ် မဟုတ်လား သမီး"

"ဖေဖေက သမီးနဲ့စကားပြောနေတဲ့လူကို သိချင်တာ မဟုတ်လား"

"ဆိုပါဦး . . ဘုရားဘုရားမှာ တကူးတက စကားပြောရအောင် ဘယ်ကလူလဲ၊ ဘာကိစ္စလဲ"

မြတ်သဇင်က ခေါင်းကုတ်လိုက်လေသည်။

"ဘယ်ကလူလဲဆိုတာကို အရင်ပြောမယ်နော်၊ သူက ရန်ကုန်ကလူ ဖေဖေရဲ့"

"သမီးနဲ့ ဘယ်မှာသိတာလဲ"

"ပုဂံမှာ သိတာလေ၊ ဟိုတစ်နေ့ ဆွမ်းကပ်တော့မှ တွေ့ဖူးတာ၊ ဆရာတော်က စာရေးဆရာ နဒီနွယ်ဆိုပြီး မိတ်ဆက်ပေးလို့ သိရတာ"

"ခုမှသိရတဲ့လူနဲ့ သမီးရယ်၊ ဒီလိုတရင်းတနှီး ဆက်ဆံတာတော့ ဖေဖေ မသင့်တော်ဘူးလို့ ထင်တာပဲ၊ ပြီးတော့ သမီး ယွန်းလက်မှုပညာနဲ့ ပတ်သက်လို့ ပြုပြင်တာ ထိန်းသိမ်းတာကို (ပရိသာပေးရှင်း အင် ကွန်ဆာဗေးရှင်း)ဆိုပြီး ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



မြည်ကသင်တဲ့ သင်တန်း တက်မလို့ဆို၊ အဲဒါ ဖေဖေ ပြော ထားတယ်၊ ပေစာတို့ ပုရပိုဒ်စာတို့ ယွန်းလက်မှုပညာတို့ကို ပြုပြင်ထိန်းသိမ်းနည်းတတ်ချင်ရင် 'မစ္စတာဆာကူရန်'က သူ ကူညီမယ်တဲ့ ဘယ်လိုလဲ"

"သမီး စဉ်းစားဦးမယ် ဖေဖေ"

ဦးမိုးမြတ် မျက်နှာတည်သွားသည်။ သူသည် သမီးဖြစ်သူ မြတ်သဖင်ကို မကျေမနပ် ဖြစ်သွားလေသည်။

"အစကတော့ သမီးပဲ မစ္စတာ ဆာကူရန်လာရင် ဂျပန်မှာ သင်တန်းတက်ခွင့်ရဖို့ ပြောပေးပါဆို၊ မစ္စတာဆာကူရန်ရဲ့ထောက်ခံချက်နဲ့ သမီး ဂျပန်မှာ ပညာသင်ခွင့်ရမယ်၊ ပညာရေးထောက်ပံ့စရိတ်လဲ ရမယ်"

"ဟုတ်လား ဖေဖေ၊ ဘယ်တော့စတက်ရမှာလဲ"

"လာမယ့် ခြောက်လလောက်ဆိုရင် သင်တန်းတစ်ပတ်ပြီးပြီ၊ ဒီတော့ နောက်ထပ်သင်တန်းကနေစပြီး သမီး ဂျပန်ကိုသွားရမယ်"

ခြောက်လ . . ခြောက်လဆိုသော ကာလမှာ သိပ်မဝေးလှပါ။ သို့သော် သူမသည် နဒီနွယ်ကို သံယောဇဉ်ရှိနေပြီဖြစ်သောကြောင့် စိတ်က နှစ်ခွဖြစ်သွားလေသည်။

"မစ္စတာဆာကူရန်ကို ဘယ်လိုအကြောင်းပြန်မလဲ သမီး"

"ခဏလေးနေပါဦး ဖေဖေ၊ သမီး စဉ်းစားပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါစဉ်းစားစရာ လိုသလား သမီး၊ ယွန်းလုပ်ငန်းလုပ်တဲ့သူမှန်သမျှက ဒီလိုသင်တန်းတက်ချင်လို့ မစ္စတာဆာကူရန်ကိုကပ်နေကြတာ၊ သမီးက ဘာငြင်းစရာ ရှိသလဲ"

စကားဆုံးသည်နှင့် ဦးမိုးမြတ်က ဧည့်ခန်းမှ ထထွက်သွားသည်။ သူသည် မြတ်သဇင်ကို စိတ်ဆိုးကြောင်း အမူအရာအားဖြင့် ပြသွားခဲ့ပြီ ဖြစ်လေသည်။ ထိုအဖြစ်အပျက်ကို ဒေါ်သဇင်က ဘုရားခန်းမှအထွက် ကြည့်နေမိ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ကား ဥပုသ်နေ့ မဟုတ်ပါ။ လပြည့်နေ့လည်း မဟုတ်၊ လကွယ်နေ့လည်း မဟုတ်။ နေကလည်း ခြစ်ခြစ်တောက်ပူပြင်းနေသည်။ အနီနှင့် အနက်ရောင် ကွက်စိပ် ခေါက်ထီးလေးကိုဆောင်းကာ ဝါးပင်များကြားမှ ကျောင်းဝင်းထဲသို့ ဝင်လာသူကို အပေါ်ထပ် ပြတင်းတံခါးဝမှ နုဒီနွယ်က ကြည့်လျက်ရှိနေသည်။

သူသည် ကိုယ်တစ်ပိုင်းကို မြင်လိုက်ရသည်နှင့် [illegible] သဖင်မှန်း နုဒီနွယ်က ရိပ်မိသွား၏။ သူသည် သံဃာတော်[illegible] ဆွမ်းစားပြီး၍ ကျိန်းစက်ချိန်ဖြစ်၍ ကျောင်းပေါ်မှ [illegible] ကြားအောင် ဆင်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နေရိပ်ထဲမှပင် မလာဘဲ နေပူထဲမှ မြတ်သဇင်ရှိရာသို့ လျှောက်လာခဲ့သည်။ ကျောင်းပေါက်ဝ မန်ကျည်းပင်ကြီးအနား မှာ သွား၍ဆုံသည်။

"မြတ်"

"ကိုနဒီ"

"ကိစ္စရှိလို့လားဟင်"

"ကိစ္စကတော့ သိပ်အရေးကြီးတယ် ကိုနဒီရယ်၊ မြတ် တော့ ဘာလုပ်ရမှန်း မသိဘူး"

"ဒီနေ့ဆိုင်ပိတ်တဲ့နေ့လဲ မဟုတ်ဘူး"

"ဟုတ်တယ် ဆိုင်ပိတ်တဲ့နေ့ မဟုတ်ပေမယ့် ညောင် ဦးက ယွန်းဆိုင်ကို ပို့စရာရှိတဲ့ ယွန်းတွေ ကားပေါ်တင်ပြီး ထွက်လာတာ ကိုနဒီအားလား"

"မြတ်အတွက်ဆိုရင် ကိုနဒီ အားပေးရမှာပေါ့"

"ပိုပြီ"

"အဟုတ်ပြောတာ"

"ဒါဆိုလာ ကားပေါ်တက်"

"ကားပေါ်မှာ ဘယ်သူတွေ ပါလာသေးလဲ"

"ဘယ်သူမှတော့ မပါဘူး၊ ဟိုကျရင် ယွန်းဆိုင်က အလုပ်သမားတွေက ပစ္စည်းတွေ သူ့ဟာသူ ချမှာပါ"

"အင်း . . ဒါဆို အဲဒီနားက လက်ဖက်ရည်ဆိုင်မှာ မြတ်နဲ့ကိုယ် စကားပြောလို့ ရတာပေါ့"

"ရတာပေါ့ . . လာ အဖေက မြတ်ကို ယုံသက်ာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်"

ပေါင်မုန့်ကားကြီး၏ ခေါင်းခန်းဖွင့်ပေးသည်။ ကားကို မြတ်သဇင်က သစ်ပင်အကွယ်တွင် ရပ်ထားခဲ့သည်။ အခုခေတ် ပခုက္ကူတို့ ပုဂံတို့က မိန်းကလေးတွေက ဤကဲ့သို့ပင် ကားမောင်း၊ စက်ဘီးစီးကာ စီးပွားရေးလုပ်ကြလေ့ရှိ၏။

"အော် . . မြတ်ရယ်၊ မြတ်က ဆယ်ကျော်သက်မှ မဟုတ်တော့တာ၊ ဒါတောင် စိတ်မချသေးဘူးလား"

ကားပေါ်ရောက်မှ နဒီနွယ်က စကားစလိုက်လေသည်။

"ဖေဖေက ပြောတယ်၊ မိန်းမဆိုတာ ဘယ်အရွယ်ဖြစ်ဖြစ် အထိန်းရှိရတယ်တဲ့၊ ခု သူ့မိတ်ဆွေက ဘူးဘုရားဆိပ်ကမ်းက အကြော်ဆိုင်မှာ မြတ်တို့ကို တွေ့သွားလို့တဲ့"

"အော် . . လွန်ခဲ့တဲ့ လပြည့်နေ့ကပေါ့"

"ဟုတ်တယ်"

"အဲဒီတော့ မြတ်ဖေဖေက စစ်ဆေးမေးမြန်းတာပေါ့"

ပုဂံနှင့် ညောင်ဦးသွားသည့် လမ်းမှာ ဖြောင့်တန်းနေသည်။ မြင်းလှည်းများကိုသာ ဂရုစိုက်ကာ ကားမောင်းနေရသည်။

"နားတဲ့နေရာကျတော့ အေးအေးဆေးဆေး စကားပြောတာပေါ့၊ ခု မြင်းကပါကနေ ကိုနဒီဆီလာတော့ ရင်အေးနေတယ်"

"ဘာဖြစ်လို့လဲ"

"ကိုနဒီနဲ့ အဆင်သင့် တွေ့ပါ့မလားပေါ့ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အဖေက အချိန်တွေသိပ်ကြာရင် ဆူမှာ မဟုတ်လား"

"ဟုတ်တာပေါ့"

ဘုရားများကိုင်းကာ နဒီနွယ်က လိုက်ပါလာခဲ့လေသည်။ များသောအားဖြင့်တော့ မုခ်ဝလေးဘက် ဘုရားများသည် မြတ်သဇင်ပြောသလို ဟော၊ ထွက်၊ ပွင့်၊ စံ မုခ်များသာ ဖြစ်သည်ကို တွေ့ရသည်။

ကားက တရိပ်ရိပ်ပြေးနေလေသည်။ သူတို့သည် ညောင်ဦးရှိ ရွှေစည်းခုံဘုရားအနီးသို့ ရောက်ရှိလာ၏။

"အင်း . . ဒီဆိုင်ကို အလျှင်ဝင်ပြီးတော့ ချနိုင်းလိုက်မယ်"

× × ×

ရွှေစည်းခုံဘုရားအနီးမှ လက်ဖက်ရည်ဆိုင်တွင် သူမက ကားရပ်ပေးသည်။

"ကိုနဒီ အဲဒီဆိုင်က စောင့်နော်"

"ကောင်းပါပြီ"

နဒီနွယ်က ကားပေါ်က ဆင်းလိုက်သည်။ သူက ပုရပိုဒ်ထဲမှ ဇာတ်လမ်းကို ပြောပြဖို့ ရှိ၏။ သို့သော် ထိုဘဝဇာတ်လမ်းမှာ တစ်ဦးနှင့်တစ်ဦး ခွဲခွာရသောကြောင့် ယခုလို အခါမျိုးတွင် မြတ်သဇင် ပို၍စိတ်မကောင်း ဖြစ်ရလိမ့်မည်။

မြတ်သဇင်သည် ယွန်းဆိုင်ရှေ့တွင် ကားထိုးရပ်ပေးလိုက်သည်။ ထိုဆိုင်မှာ မှာထားသော ယွန်းပစ္စည်းစာရင်းကိုလည်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားများက ကားပေါ်မှ ယွန်းပစ္စည်းများကို လာ၍သယ်နေစဉ်မှာပင်

"ကျွန်မ ဒီနားက လက်ဖက်ရည်ဆိုင် ခဏသွားမယ်နော်"

ဟုပြောလိုက်၏။ ဤယွန်းဆိုင်ပိုင်ရှင်မှာ ဦးမိုးမြတ်၏ ညီတစ်ဝမ်းကွဲတော်သူ ဦးမြလေး ဖြစ်၏။ ဦးမြလေးက

"ထမင်းစားပါလား . . တို့အိမ်မှာ သမီးကြိုက်တဲ့ မန်ကျည်းရွက်သုပ် နဲ့ ကြက်သားကာလသားချက် ချက်တယ်၊ သစ်သီးစုံချဉ်ရည်ဟင်းလဲ ရှိတယ်"

ဟု ပြောသည်။

"နောက်တစ်ခေါက်မှ စားမယ် ဦးလေး"

"အေး . . အေး ဒီအပျိုကြီး ဘယ်သူနဲ့များ ချိန်းထားလဲ မသိဘူး"

ဦးလေးဖြစ်သူက သူ့ကို နောက်နေကျအတိုင်း ရိုးရိုးသားသားနောက်သည်။ သို့သော် စိတ်က မလုံသော မြတ်သဇင်က ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေသည်။

သူသည် ဤနေရာတွင် ကြာကြာ နဒီနှင့်နှင့် စကားပြော၍ မသင့်ဟု ထင်သည်။ သူမသည် အေးအေးဆေးဆေး အပြန်ကျမှပင် ဆိုင်တစ်ဆိုင်ကိုဝင်ကာ စကားပြောဖို့ စိတ်ကူးမိသည်။

မြတ်သဇင်က ထိုစိတ်ကူးဖြင့် ဆိုင်ထဲသို့ဝင်လာ၍ အအေးတစ်ပုလင်းကို မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အအေးတစ်လုံး"

"ကြာဦးမှာလား မြတ်"

"နည်းနည်းတော့ ကြာမယ်၊ ဒါပေမယ့် ဒီနေရာမှာက ကြာကြာ စကားပြောလို့ မကောင်းဘူး၊ ကျွန်မ ကားနားမှာ သွားနေမယ်နော်"

"နေပါ . . ကိုယ့်ကိုအားနာစရာမှ မဟုတ်ဘဲ၊ အရေး ကြီးရင် ကြီးသလိုပေါ့"

ထိုအချိန်မှာပင် ဦးမြလေးအသံက နောက်မှပေါ်လာ သည်။

"မြတ်ရေ . . သမီး ဦးက ယွန်းဆွမ်းအုပ်အသေးငါးခု မှာတာ၊ အခု လေးခုပဲ တွေ့တယ်"

ဟုပြောရင်း နဒီနွယ်ကို ဦးမြလေးက အကဲခတ်လိုက် သည်။ မတွေ့လိုပါဟု မြတ်သဇင် ဆုတောင်းမှ တိုက်တိုက် ဆိုင်ဆိုင် ဦးလေးက နောက်မှလိုက်ပါလာ၏။

"ဟုတ်တယ် . . ဖေဖေက ဆေးတွေ မပြီးသေးလို့ မနက်ဖြန်မှ အပို့ခိုင်းမယ်တဲ့"

"အော် . . အေး အဲဒီလိုပြောသွားရင် ပြီးတာပဲ၊ ခု တော့ ဦးက လာနှောင့်ယှက်သလို ဖြစ်နေပြီပေါ့"

ဘွင်းဘွင်းပြောတတ်သော ဦးမြလေးက ပြောလိုက်၍ မြတ်သဇင် မျက်နှာပျက်သွားသည်။

"ဦးလေးကလဲ ဒါက မြတ်ရဲ့မိတ်ဆွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပဲဖြစ်ဖြစ်လေ . . မြတ်တို့စကားကောင်းကောင်း မပြောရဘူးပေါ့၊ ကဲ ပြောကြ ပြောကြ ဦးလေးပြန်မယ်၊ ဟော ငါ့တူ ဦးလေး ပြန်မယ်နော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

ဦးမြလေးမှာ ပင်ကို ကပင် နောက်တတ်ပြောင်တတ်သော ဝါသနာရှိသည်။ ဒါမျိုးတွေ့လျှင် ပို၍နောက်ချင်ပြောင်ချင်သည်။ ဦးမြလေးက စကားဆုံးသည်နှင့်ပင် ပြန်၍ထွက်ခွာသွားလေတော့သည်။

ထိုအခါ မြတ်၏မျက်လုံးအိမ်တွင် မျက်ရည်များဝဲလာသည်။

"ဒုက္ခပါပဲ ကိုနဒီရယ် . . အဲဒီဦးလေးက သိပ်အစသန်တာ ဆွေမျိုးတွေကြားမှာ အရှက်ကွဲတော့မှာပဲ"

၃





www.burmeseclassic.com

www.burmeseclassic.com



ဦးမြလေးက လက်ဖက်ရည်ဆိုင်လိုက်ကာ နောက်သည့် ကိစ္စမှလွဲ၍ ကျန်သည့်ကိစ္စများမှာ အားလုံးချောမော အဆင်ပြေလေသည်။

မြတ်သဇင်က သူ ဂျပန်နိုင်ငံတွင် 'ပရီဆာဗေးရှင်းနှင့် ကွန်ဆာဗေးရှင်း'ခေါ် ယွန်းလက်မှုပညာ ပြုပြင်ထိန်းသိမ်းနည်းကို သွားရောက်သင်ကြားဖို့အကြောင်း နဒီနွယ်ကို ပြောပြသည်။

"ဘယ်လောက်ကြာမလဲ"

"သုံးနှစ်"

"သုံးနှစ်တောင် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . သူက သုံးနှစ်ဒီပလိုမာသင်တန်းလို့ ပြောတယ်၊ ယွန်းပညာနဲ့ ပတ်သက်တာ မြန်မာပြည်မှာလည်း ဖြန့်ဖြူးလို့ ရတာပေါ့"

နဒီနွယ်က သက်ပြင်းချလိုက်သည်။

ခပ်ဝေးဝေးရှိ တမာပင်ကြီးမှ လေဖဝ့်လာသောကြောင့် တမာပွင့်နံ့များ လွင့်ပျံလာသည်။ နဒီနွယ်ကို မြတ်သဇင်က စူးစိုက်ကြည့်နေ၏။

"မြတ်က ကိုယ်ချင်းစာပါတယ်၊ မြတ်တို့က အသက်ကြီးကြပြီပဲ၊ အမှန်တော့ ဒီအချိန်မှာ အတူနေထိုင်ဖို့ ကြိုးစားရမှာပေါ့၊ တကယ်လို့ မြတ် ဒီလို ဂျပန်မှာ ပညာသင်သွားရင် ကိုနဒီ စောင့်နိုင်ပါ့မလား"

နဒီက ရုတ်တရက် ဘာအဖြေပေးရမှန်း မသိ၊မည်ကဲ့သို့သော အဖြေမျိုး ပေးရလိမ့်မည်ဟုလည်း သူက မတွေးမိခဲ့။

"ဘဝပေါင်းများစွာတောင်မှ မြတ်ကို ကိုယ်က စောင့်ခဲ့ရပြီးပြီပဲ၊ ခုဆိုရင် မြတ်နဲ့ ကိုယ် ဒီဘဝမှာ မကွဲနိုင်တော့ဘူးလို့ ယူဆတာ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ ကိုနဒီ"

"ကွဲစရာအကြောင်းတွေ ပေါ်ချင်ပေါ်လာဦးမှာပေါ့လေ ဘာဖြစ်လို့လဲဆိုတော့ သုံးနှစ်များတောင် ခွဲခွာနေရမှာကိုး၊ ပြီးတော့ မြတ်ရဲ့ဖေဖေက ကိုနဒီနဲ့ သဘောတူပုံ မရဘူး"

ကိုနဒီ၏စကားကြောင့် မြတ်သဇင်က ခေါင်းငုံလိုက်သည်။ သူမသည် သူမ၏အဖေနှင့်အမေအကြောင်းကို အသိ



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဖြစ်၏။

"ဒီလိုတော့ မဟုတ်ပါဘူး ကိုနဒီရယ်၊ ဖေဖေက ကျွန်မက သိပ်ပြီး ယွန်းနဲ့ပတ်သက်တဲ့ ပညာရပ်တွေ 'ကွန်ဆာဗေးရှင်း'ကို စပြီး တတ်ချင်တယ်ဆိုလို့ ဂျပန်ကိုလွှတ်တာပါ၊ ပြီးတော့ ဒီလမ်းစကို ဖေဖေက သိတာ မဟုတ်ဘူး၊ ကျွန်မကသာ ဂျပန်ပြည်အတွက် ယွန်းထည်လာမှာတဲ့ 'မစ္စတာဆာကူရန်'နဲ့အဆက်အသွယ်ရပြီးတော့ ပူဆာတာပါ၊ စုံစမ်းပြီးတော့ အခု ဂျပန်က အဆက်အသွယ်တွေနဲ့ ကျောင်းတက်ခွင့်ရအောင် စုံစမ်းတာ"

နဒီနွယ်က သဘောပေါက်သွားသည်။ ဂျပန်မှာ ကျောင်းတက်ခွင့်ရဖို့ ဆိုသည်မှာ မလွယ်။ အင်မတန် အဆက်အသွယ်ကောင်းမှ ဖြစ်သည်။

"အဲဒါကို ကိုနဒီနဲ့ တိုင်ပင်ချင်လို့ စွန့်စားပြီးလာခဲ့တာ"

"ကိုနဒီ ပြောချင်တ ယ်ဆိုတာတွေရော"

"ကိုယ့်စကားတွေက ရင်ထဲကို ပြန်မျိုချလိုက်တာ အကောင်းဆုံးပါ မြတ်ရယ်"

"အို . . အဲဒီလို မလုပ်ပါနဲ့ ကိုနဒီ၊ ဘာပဲဖြစ်ဖြစ် ကိုနဒီနဲ့ ပတ်သက်တဲ့ကိစ္စတွေ မြတ် သိထားသင့်တာပေါ့"

"ဒါဆိုရင် ကိုနဒီပြောတဲ့ စကားကို မြတ်နားထောင်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



မြတ်သဇင်၏မျက်လုံးအိမ်တွင် မျက်ရည်များဝဲလာလေသည်။

"ကိုနဒီ"

"ဘာလဲ မြတ်"

"မြတ်ကို အဲဒီလိုမျက်လုံးနဲ့ကြည့်ပြီး အဲဒီလိုအသံမာမှာနဲ့ မပြောပါနဲ့ ကိုနဒီ"

မြတ်သဇင်က စကားပြောရင်း ရှိုက်သံပါလာလေသည်။ သူမသည် ရင်ထဲမှအလွန်ချစ်မြတ်နိုးသော နဒီနွယ်၏ မာကျောသောစကားကို နားထောင်နိုင်စွမ်း မရှိပါချေ။

"မြတ် . . ကိုယ်က မြတ်ကို စိတ်ထိခိုက်စေချင်လို့ ပြောတာ မဟုတ်ပါဘူး"

"ဒါပေမယ့် မြတ်နားလည်တာတော့ မြတ်ကို ဂျပန်ကို ပညာသင် မသွားစေချင်ဘူး"

မြတ်သဇင်က စကားဆုံးသည်နှင့် ထလိုက်လေသည်။

မစ္စတာဆာကူရန်သည် စာရွက်စာတမ်းများအား မိဘဖြစ်သူ ဦးမိုးမြတ်အား လက်မှတ်ထိုးခိုင်းသည်။ ဦးမိုးမြတ်က အင်္ဂလိပ်လိုနှင့် ဂျပန်လို ရေးသားထားသော စာရွက်များပေါ်တွင် လက်မှတ်များ ထိုးနေလေသည်။

ဂျပန်နိုင်ငံမှခေါ်သည့် ဒီပလိုစာမေးပွဲအတွက် ဝင်ခွင့်ကိုယှဉ်ပြိုင်ဖြေဆိုကြရာ မြတ်သဇင်မှာ အမှတ်အများဆုံးဖြင့် ရွေးချယ်ခံရလေသည်။ မစ္စတာဆာကူရန်သည်



www.burmeseclassic.com

www.burmeseclassic.com



"သူပြန်လာရင် သူ့ကို လက်မှတ်ထိုးခိုင်းလိုက်ပါ၊ ရန်ကုန်က ဖလိုက်နဲ့သွားရမှာဆိုတော့ ရန်ကုန်ကို လာမယ့် မေလမကုန်ခင်မှာ ရောက်နေဖို့ကောင်းတယ်" ဟုပြောသည်။

ဦးမိုးမြတ်က ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ခင်ဗျာ . . ဒီသင်တန်းကို မြတ်သဇင်က သိပ်စိတ်ဝင်စားပါတယ် အားလုံးကြိုတင်ပြီး ပြုလုပ်ထားမှာပါ အော် ပြောရင်းဆိုရင်း သမီးကား ပြန်လာပြီ"

ပါးပေါ်မှ ကျခဲ့သည့် မျက်ရည်စများကို ကားပေါ်မှာဝင် ပွတ်သုတ်ကာ တို့ပတ်ရိုက်လိုက်သည်။ ပြီးနောက် ကားရုံထဲမှာ ကားထိုးကာ မြတ်သဇင်က ဆင်းလာ၏။

"ဟဲလို ဖွတ်အီးဗင်းနင်း"

"အီးဗင်းနင်း မြတ် . . ပညာသင်ဆု ရွေးချယ်ရေးအဖွဲ့က အောင်လို့ လာပြောတာ"

"ဟယ် . . အောင်တယ်"

"ဟုတ်တယ်"

"မြတ် ဝမ်းသာလိုက်တာ"

"ရော့ . . သမီး ဒါသမီး ပထမအသုတ်မှာ ရွေးချယ်တဲ့အထဲ ပါတယ်တဲ့၊ အဲဒါတွေကို လက်မှတ်ထိုးပြီး မစ္စတာဆာကူရန်ကို ပြန်ပေးရမှာ၊ သမီး နားပြီးရင် သေချာဖတ်ကြည့်"

"မစ္စစ် မြတ်သဇင်"

"ရက်စ်"

"သင်တန်းတက်ဖြစ်မယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . တက်ဖြစ်မှာပါ"

သူမသည် အရှိအသေပြုကာ စာရွက်တစ်ထပ်ကြီးကို ယူ၍ အိမ်ထဲသို့ ဝင်လာခဲ့လေသည်။ အခန်းထဲရောက်မှ အကျီများကိုလဲကာ စာရွက်စာတမ်းများကို သေချာဖတ်ကြည့်လေသည်။ ဖတ်ကြည့်ရင်း ဖွန်လ တစ်ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာရမည့် ခရီးစဉ်ကို တွေ့ရသောအချိန်တွင် မျက်လုံးအိမ်၌ မျက်ရည်များ ဝဲလာသည်။

"အင်း . . အရင်ကသာဆိုရင် ဒီအောင်လက်မှတ်ရရင် ငါ သိပ်ဝမ်းသာမိမှာပဲ"

ထိုအချိန်မှာပင် အခန်းထဲသို့ ဝင်လာသော ဒေါ်သဇင်က

"ခုတော့ သမီးက ဝမ်းနည်းစရာတွေ ရှိနေပြီဆိုပါတော့လေ . . ဟုတ်လား"

"ဟင် . . မေမေ"

"မေမေက သမီးအကြောင်းတွေ အသိဆုံးပါ၊ ငါ့သမီး မြတ် ခုတလောမှာ ဘာတွေဖြစ်နေတယ်၊ ဘယ်လိုစိတ်ကူးတွေ ရှိနေတယ်ဆိုတာ မေမေ သိပါတယ်"

"အို . . မေမေကလဲ"

မြတ်သဇင်၏ခုတင်ဘေးတွင် ဝင်ထိုင်ကာ မြတ်သဇင်၏ကိုယ်လုံးကို ဖက်ထားလိုက်၏။

"သမီး ခုအသက် ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"၃၆ နှစ်လေ အမေရဲ့"

"ဟုတ်တယ် ခုခေတ်မှာ အပျိုကြီးစာရင်းဝင်ပေါ့၊ ဒါပေမယ့် သမီးဟာ မမျှော်လင့်ဘဲ အိပ်မက်ထဲက ချစ်သူနဲ့တွေ့ခဲ့တယ်၊ သမီး အလှတွေပြင်၊ သီချင်းတွေညည်းပြီး ပျော်နေခဲ့တယ် ဟုတ်တယ် မဟုတ်လား"

"အို မေမေကလဲ"

"ဒီကိစ္စဟာ ရှက်စရာ မဟုတ်ဘူး၊ သမီးဟာ ပညာတတ်မိန်းမတော်ကြီး ဖြစ်ချင်တာလား၊ ကိုယ့်လင်ကိုယ့်သားနဲ့ ဘဝတစ်ခုတည်ငြိမ်တာ သဘောကျသလား၊ ဒီနှစ်ခုကို သမီး သေချာရွေးရမယ်၊ လောကကြီးကတော့ ဘာပဲဖြစ်ဖြစ် ဂုဏ်တွေ၊ ငွေတွေ၊ ရာထူးတွေ၊ ပညာတွေဆိုတာ ထားခဲ့ရမှာပဲ သမီး၊ သမီးယုံကြည်ရာကိုသာ သမီးလုပ်၊ မေမေက ဘယ်လမ်းရွေးချယ်ရမယ်လို့ ပြောတာ မဟုတ်ဘူးနော်၊ ဒါ သမီးမှာ စုတ်ရော လာဘ်ရော ဝင်တာ သမီးကြိုက်တာ လုပ်ပေါ့"

မြတ်သဇင် သက်ပြင်းချလိုက်မိတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



'ပညာသီလ'ဟူသော ကလောင်အမည်ဖြင့် 'ဇလစ်ဝါ' မဂ္ဂဇင်းတွင် ဘာသာရေးဆောင်းပါးများ ရေးသားနေသော ရွှေမင်းဝံကျောင်းတိုက်ဆရာတော် ဦးပညာဇောတသည် လူ့ဘဝ၏ ထူးဆန်းသော သံသရာကို ဆင်ခြင်လျက်ရှိသည်။

လူတို့သည် အဘယ်ကြောင့် အတိတ်ဘဝများကို သတိမရကြသနည်း။ အပရန္တခေါ် ပဋိစ္စသမုပ္ပါဒ်က ပြောသည့်ရှေ့အစွန်းကို 'မောဟ' ဖုံးလွှမ်းနေသောကြောင့် မေ့နေကြခြင်းပင်ဖြစ်သည်။

ဘဝတစ်ခုမှ စိတ်စေတသိက်ရုပ်များ ချုပ်ငြိမ်းကာ ကုသိုလ်ကံအလျောက် နောက်ဘဝများကို 'ဇာတိပဋိသန္ဓေ' ဖြစ်လာမည်ကိုသာ သိပါက မည်သူမဆို ကောင်းမှုနှင့် မင်္ဂလာ ရကြောင်းများကိုသာ ပြုလုပ်ရပေမည်။

ထိုသို့ပြုလုပ်မှသာ ဘဝသံသရာတွင် သာယာသော၊ အေးကင်းသော၊ ချမ်းသာသော ခန္ဓာကိုရ၍ ဇရာ မရဏ မဖြစ်မီ ကောင်းစွာ နေထိုင်ရပေမည်။

ဇရာနှင့် မရဏကား 'ဇာတိ'ရှိလျှင် တရွေ့ရွေ့လာမည်သာ ဖြစ်၏။ ဇရာနှင့် မရဏကို လွတ်လိုပါက သောတာပတ္တိမဂ် အစရှိသော မဂ်လေးပါးကိုရအောင် အားထုတ်နိုင်မှ ဖြစ်မည်။ ယနေ့အချိန်သည် မနက်ဖြန်ထက် အရေးကြီးသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သော နှလုံးသွင်းမျိုးကိုသွင်းကာ ဆင်ခြင်နေလေသည်။

သူသည်လည်း ဘဝသံသရာတွင် အမတ်ဖြစ်လိုက်၊ ဘုန်းကြီးဖြစ်လိုက်၊ ရွာသားဖြစ်လိုက်ဖြင့် သေကြေခဲ့ရသော ခန္ဓာပေါင်း များပေလိမ့်မည်။

ထိုစဉ်မှာပင် ကျောင်းဝင်းထဲ၌ ကိုရင်လေးများနှင့်အတူ တံမြက်စည်းလှဲနေသော နဒီနွယ်ကို တွေ့နေရသည်။ နဒီနွယ်သည် 'ပုဂံမှတ်တမ်း'ကို ရေးသားပြုစုနေရာ ပြီး,မပြီးကို မသိရပေ။

နဒီနွယ်သည် တံမြက်စည်းလှဲပြီးနောက် ရေကန်မှ ရေခပ်ကာ လက်နှင့်ခြေထောက်များဆေး၍ ကျောင်းပေါ်တက်လာလေသည်။ နဒီနွယ်ကို သူသည် ရွှေမင်းဝံကျောင်းသို့ခေါ်ကာ စိတ်ဆင်းရဲမှုဖြစ်အောင် လုပ်သကဲ့သို့ ဖြစ်နေသည်။

သူ့ကျောင်းဒကာ ဦးမိုးမြတ်သည် သမီး မြတ်သဇင်အတွက် နိုင်ငံခြားသို့မသွားမီ ဆွမ်းကပ်ချင်သည်ဆို၏။ မည်သည့်နေ့ သွားမည်နည်းဟု မေးမြန်းသောအခါတွင် ဇွန်လ(၁) ရက်နေ့ဟု သိရသည်။ ဗီဇာကိစ္စများ၊ မှတ်ပုံတင်နှင့် သက်ဆိုင်သည့် သံရုံးကိစ္စရပ်များကို ဦးမိုးမြတ်က လိုက်လံဆောင်ရွက်လျက်ရှိသည်။

"ဒကာကြီး"

ကျောင်းပေါ်သို့တက်လာသည့် နဒီနွယ်ကို ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား"

"ဒကာကြီးစာအုပ်ရဲ့ အခြေအနေကရော ဘယ်လိုရှိသလဲ ပြီးကာနီးပြီလား"

"ပြီးလုပါပြီ ဘုရား၊ နောက်လေးငါးရက်ဆို ပြီးပါပြီ၊ စာအုပ်ပြီးရင်တော့ ထုတ်ဝေသူဆီကို တစ်ခေါက်သွားရမှာပါဘုရား"

"အင်း အလှူပြီးမှ သွားပေါ့လေ၊ မြတ်သစင်က ဒကာကြီးကို ကြိုမပြောဘူးလား"

"မပြောဘူး ဘုရား . . သူလဲ ဆုံးဖြတ်ရခက်နေတယ် ထင်ပါတယ်"

ဦးပညာဇောတက သက်ပြင်းချလိုက်လေသည်။ ဘုန်းတော်ကြီးသည် အထိုက်အလျောက် သိသင့်သလောက် သိလေသည်။ သို့သော် လူမှုရေးကိစ္စ ဖြစ်နေ၍ အကြံဉာဏ်ပေးရန် ဝိနည်းနှင့်မလွတ်သောကြောင့် ငြိမ်နေရသည်။

"တပည့်တော်ကိုတော့ ဂျပန်ကို ယွန်းပညာသင်ဖို့ သွားမယ်လို့ ပြောတာပါပဲ၊ ဒီကိစ္စက တပည့်တော်နဲ့ မတွေ့ခင်ကတည်းက အစီအစဉ်ရှိနေခဲ့တာကိုး၊ အဲဒီမှာ တပည့်တော်နဲ့ သဘောထား ကွဲလွဲသွားတယ် ဘုရား"

"အင်း . . မိန်းကလေးဆိုတာ စိတ်တိုတတ် စိတ်ကောက်တတ်တာပေါ့ ဒကာကြီးရယ်၊ ငယ်သူတွေမှ မဟုတ်ဘဲ ကိုယ်က ခွင့်လွှတ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်က ဘယ်လိုမှ သဘောမထားပါဘူး ဘုရား၊ တပည့်တော် သူ့တစ်ပါးကို စိတ်ဆင်းရဲအောင် ချုပ်ချယ်မှု မပြုလိုပါဘူး ဘုရား၊ သူ့သဘောနဲ့သူ လုပ်လိုရာ လုပ်ပါစေလို့ သဘောထားပါတယ်"

"သာဓု . . သာဓု . . သာဓု ဒကာကြီးရဲ့စိတ်က မွန်မြတ်ပါတယ်၊ ဒကာကြီးဟာ လူတစ်ဖက်သားကို နားလည်တတ်ခွင့်လွှတ်တတ်တဲ့သူပဲ၊ ဒီဘဝမှာတော့ ဒကာကြီးနဲ့ ဒကာမလေး မြတ်သဇင်တို့ ပေါင်းရပါစေလို့ ဘုန်းကြီး ဆုတောင်းပါတယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား"

ဆရာတော် ဦးပညာဇောတကို ဝတ်ချကာ ထလာခဲ့သည်။ သူ၏စိတ်များမှာ မလန်းဆန်းပါ၊ ထိုနေ့ကား မေလ ၂၈ ရက်နေ့ ရှိနေပေပြီ။

နောက် (၄)ရက်ကြာလျှင် မြတ်သဇင် ဂျပန်သွားတော့မည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

သူ၏စိတ်အစဉ်ကို သူသည် နိုင်အောင် အတော်ထိန်းနေရသည်။ ပုဂံရှေးဟောင်း သုတေသနဌာနမှ သိန်းလွင်ထံသို့ ထွက်လာခဲ့၏။

သိန်းလွင်နှင့်တွေ့လျှင် သူတို့နှစ်ယောက် 'သရပါ' ဆိုင်မှာ ထိုင်ဖြစ်ကြ၏။ သိန်းလွင်ကတော့ ယေဘုယျဆန်ဆန်ပင် ဝေဖန်သည်။

"ဟိုဘဝတွေ သည်ဘဝတွေ လုပ်မနေပါနဲ့၊ အခု အသက်ရှိနေတာ ဒီဘဝပဲ၊ ဒီတော့ ဒီဘဝမှာ ပေါင်းရဖို့အရေးကြီးတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သိန်းလွင် တွေးပုံက ရိုးသည်။ ရှင်းသည်။ ပြဿနာ တစ်ရပ်ကို ကာကွယ်ရာမှာ လက်တွေ့ကျသည်။

သူသည် ဘဝကို သေချာရေရာအောင် တည်ဆောက်တတ်သော လူတစ်ယောက်ဖြစ်ရာ နဒီနွယ်ကိုလည်း သူ့လိုပင် ဖြစ်စေချင်သည်။

"အစ်ကိုကြီး ဘဝကို လက်တွေ့ကျကျပဲ စဉ်းစားပါဗျာ လူ့ဘဝဆိုတာ တိုးတက်တာတွေ ကြီးပွားတာတွေ ဖယ်ထား၊ ဒီနေ့အချိန်လောက် ဘယ်အချိန်မှ အကျိုးမရှိနိုင်ဘူး ဆိုတာပဲ"

နဒီနွယ်က ဘီယာခွက်ကို ယူလိုက်သည်။ သူသည် ဘီယာကို တစိမ့်စိမ့်မော့ရင်း သိန်းလွင်စကားကို နားထောင်နေသည်။

"မင်းဆိုလိုတဲ့ သဘောက မြတ်သဇင်ဟာ ငါ့ကို တကယ်ချစ်ရင် သူ့ဘဝအခွင့်အရေးတွေကို သိပ်မမက်ရဘူးဆိုတဲ့ သဘောလား"

သိန်းလွင်က တဟားဟား ရယ်မောလိုက်သည်။

"အစ်ကိုကြီးက သဘောပေါက်လွယ်သားပဲ၊ လူဆိုတာ ကိုယ့်ကိုယ်ကို ကြည့်ပြီး သိပ်အတ္တကြီးရင် တစ်ဖက်လူကို မချစ်တတ်ဘူးဗျ၊ မြတ်သဇင်ကို ကျွန်တော် သိပါတယ်၊ သူက မာနကြီးတယ် . . လူတစ်ဖက်သားကို မတူမတန်သလို ဆက်ဆံတတ်တယ်ဗျာ"

"ဟေ့ . . တော်တော်"

"ဘာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက မြတ်ကို အပြစ်တင်နေတာပဲ၊ မြတ်က မင်း ထင်သလောက် မဆိုးပါဘူး သိန်းလွင်ရာ"

သိန်းလွင်က ရယ်လိုက်ပြန်သည်။

"ဒီနေရာမှာတင် အစ်ကိုကြီးနဲ့ ကျွန်တော် သဘော ထားကွဲလွဲလာပြီ၊ အမှန်ကတော့ ကျွန်တော် ဝေဖန်တာက အစ်ကိုကြီး အတွက်ပါ၊ ဒီလို မိန်းမတစ်ယောက်ကို အစ်ကို ကြီးက သွားချစ်မိတာကို:"

နဒီနွယ်သည် ဘီယာမှူးစ ပြုလာသည်။

သူသည် သိန်းလွင်၏စကားတို့ကို နားထောင်ရင်း

"ဖြစ်သမျှအကြောင်း အကောင်းပေါ့ကွာ၊ မေလ ၃၀ ရက်နေ့မှာ ရွှေမင်းဝံကျောင်းမှာ အလှူရှိတယ်၊ အဲဒီကျရင် မြတ် လာမှာပဲကွ၊ ဒီတော့မှ သူ့ကို ငါအပြတ်မေးလိုက်မယ်၊ မြတ် ကိုယ်နဲ့ ဂျပန်နိုင်ငံကို ကြိုက်ရာရွေးပေါ့"

"ဒီတော့ မြတ်က ကျွန်မ ဂျပန်နိုင်ငံကို ရွေးပြီးပြီပဲ၊ ရှင် ဘာလို့ထပ်မေးနေရတာလဲဆိုရင် အစ်ကိုကြီး ဘာပြောမ လဲ" နဒီနွယ် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟာကွာ . . ဒီလိုတော့လဲ ပြောမယ် မထင်ပါဘူးကွာ"

"ဟား . . ဟား . . ဟား . . အစ်ကိုကြီးက အလျော့ တွက်တွေ များနေပြီနော်"

နဒီနွယ်သည် မြတ်သဇင်နှင့်ပတ်သက်လျှင် သူ့ဘက် က အလျော့အတွက် ပေးသည်က များနေပြီထင်သည်။ မြတ် သဇင်သည် တွေ့စကတော့ ထိုကိစ္စကို မပြော။



www.burmeseclassic.com

www.burmeseclassic.com



ဘူးဘုရားမှာ သူ့အဖေ၏မိတ်ဆွေက သူနှင့်အတူ တွေ့ပြီးကာမှ ထိုကိစ္စက ပေါ်လာသည်။

မြတ်သဇင်၏အဖေ ဦးမိုးမြတ်သည် သူ့လိုလူတစ်ယောက်နှင့် သဘောမတူသောကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုး သမီးကို ဂျပန်ကို ပညာသင်လွှတ်ခြင်း ဖြစ်နိုင်သည်။

ဤကိစ္စကို သူက ပြင်းထန်စွာ ကန့်ကွက်လျှင် သူ့ကို အပြစ်ပြောစရာ ဖြစ်လာမည်။

"သမီး စဉ်းစားကြည့် . . သမီးလူက ပညာရေးကို တောင် အားမပေးဘဲ ကန့်ကွက်တယ်ဆိုတော့ သူ့တစ်ကိုယ်ကောင်းကိုပဲ သူလုပ်ချင်တဲ့သဘော၊ သမီး ပညာတတ်လာရင် သမီးတို့ဘဝ ပိုပြီး သာယာမှာ မဟုတ်လား"

ဦးမိုးမြတ်၏စကားလုံးများကိုတွေးကာ သူသည် သက်ပြင်းချလိုက်မိလေတော့သည်။

"ဟင်း"

"ဘာတွေများ သက်ပြင်းချနေလဲ အစ်ကိုကြီးရ"

သိန်းလွင်အသံမှာ အာလေးနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အလှူနေ့မတိုင်မီညက ရွှေမင်းဝံကျောင်းမှာ လူစည်သည်။ ပုဂံရှိ ယွန်းနှင့်ပတ်သက်သည့်ဆိုင်များ၊ ညောင်ဦးရှိ ယွန်းဆိုင်များကို အကုန်ဖိတ်ကာ ကျွေးမွေးမည့်အလှူဖြစ်၍ အိုးကြီးအိုးငယ်များနှင့် ချက်ကြလေသည်။

ကျောင်းအပေါ်ထပ်မှ ခြံဝင်းထဲတွင် အလုပ်ရှုပ်နေသော လူများကို နဒီနွယ် ငေးကြည့်နေသည်။

ကားနှစ်စီးက ဈေးနှင့် ဘုန်းကြီးကျောင်းကို ဝယ်လိုက်ပို့လိုက်လုပ်နေသည်။ ဦးမိုးမြတ်တို့မိသားစုကို မတွေ့ရ။

မြတ်သဇင်သည် သူ့ကိုပင် ရှုတ်ဆက်ပါတော့မည်လား



www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မှတ်ရသည်။ ဆရာတော်ကတော့ လုပ်ကိုင်နေသူများကို ဦးပဉ္စင်းများက နေရာချထားပေးသည်ကို တိုက်ကျောင်းပေါ်မှ အကဲခတ်နေသည်။ ဆွမ်းစားကျောင်းအပေါ်ထပ်မှ နဒီနွယ်သည် ခြံဝသို့ ငေးနေမိသည်။

မကြာမီ ကားအဖြူလေးတစ်စီး ရွှေမင်းဝံကျောင်းဝတွင်လာ၍ရပ်သည်။ ဦးမိုးမြတ်နှင့် ဒေါ်သဇင်တို့ လှလှပပအဝတ်အစားများဖြင့် ဆင်းလာသည်။ သူတို့နောက်မှ စတော်ဘယ်ရီရောင်ဝတ်ဆင်ထားသော မြတ်သဇင် ဆင်းသက်လာ၏။

မြတ်သဇင်သည် နဒီနွယ်နေသော ဆွမ်းစားကျောင်းပေါ်သို့တစ်ချက် မျက်လုံးဝေ့ကြည့်ကာ မျက်လွှာချလိုက်သည်။ နဒီနွယ်၏ရင်ထဲတွင် ကဗျာစများ ပေါ်လာသည်။

နတ်မိသဏ္ဍာန်၊ လှပဟန်မူ
ရှိုးတံရှိုးဆစ်၊ ပြေပြစ်ချောမော
မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းဖိုဖို
လှသည့် ကိုယ်မူ
တင့်တယ်စေမှု၊ သိကြားထုသို့
ညှို့နှုသားရေ၊ မြသံကေလည်း
ဖြေသော်ပျံ့တက်၊ ကျည်းနက်တောင်ပံ
ဗိတုန်းပျံ့သို့

ရှည်လျားလှသော မြတ်သဇင်၏ဆံနွယ်စများက နောက်သို့ဖြန့်ချထားရာ ခြေသလုံးကျော်ကျော်ပင် ရှိ၏။ ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပင်များသည်ပင် မြတ်သဇင်၏အလှကို ဖြည့်စွက်ထားခြင်း ဖြစ်၏။

ပြည့်ဝမို့မောက်သော မျက်နှာမှ မျက်လုံး၊ မျက်ခုံး၊ နှာတံနှင့် နှုတ်ခမ်းတို့က မြတ်သဇင်ကို မိန်းမချောတစ်ဦးဖြစ်ကြောင်းကို ထောက်ခံနေကြသည်။ ဣန္ဒြေရစွာ မျက်နှာချထားခြင်းကြောင့် သူ၏အလှမှာ ပို၍ ကျက်သရေတိုးလာသည်ဟု ထင်မိသည်။

"အော် . . မြတ်သဇင်"

နောက်တစ်ရက်နှစ်ရက်ဆိုလျှင် ဂျပန်နိုင်ငံရှိလမ်းများပေါ်သို့ သူ၏ခြေထောက်များ ရောက်သွားပေတော့မည်။ မြတ်သဇင်သည် သူ့ကို ထားခဲ့တော့မည်။

ဤအတိုင်းဆိုလျှင် သူမ ဂျပန်မသွားမီ သူ့ကိုနှုတ်ဆက်စကားလေးတစ်ခွန်းတော့ ဆိုဖို့ကောင်းသည်ပေါ့။

ဆရာတော်၏တိုက်ကျောင်းပေါ်သို့ တက်သွားသည်။ တော်တော်ကြာကြာ ဝတ်ချဦးဖြည့်ကာ အလှူကိစ္စများကို ပြောဆိုနေကြသလား မသိ။ သူသည် ပြတင်းပေါက်လေးတွင်ထိုင်ကာ ဆရာတော်ကျောင်းမှ ထွက်လာမည့် မြတ်သဇင်တို့မိသားစုကို မျှော်လင့်နေမိလေသည်။

ချက်ပြုတ်မီးထိုးနေသူများရှိရာသို့ ဦးမိုးမြတ် ဆင်းလာသည်။

"လိုတာရှိရင်ပြောနော် . . အိမ်မှာ ငါအဆင်သင့်ရှိတယ်၊ ကြက်ကရော အချိန်ပြည့်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ပါပြီ ဆရာကြီး"

"ပုစွန်ထုပ်တွေရော"

"ပုစွန်ထုပ်တွေလဲ ရပါပြီ၊ ငါးခြောက်ထောင်းကြော်ဖို့ ငါးခြောက်တောင်းတွေကတော့ မလာသေးပါဘူး"

ထိုသို့စကားပြောနေကြစဉ်မှာပင် ကျောင်းပေါ်မှ မြတ်သဇင်နှင့် သူမ၏မိခင်တို့ ဆင်းလာသည်။ မြတ်သဇင်၏မျက်လုံးများသည် ဝိုင်းစက်စွာဖြင့် သူနေသော ဆွမ်းစားကျောင်းအပေါ်ထပ်သို့ ကြည့်နေသည်။

မြတ်သဇင်၏မျက်လုံးများသည် စိမ်းသည်လား၊ နီသည်လား၊

ပြာသည်လား ဆိုသည်ကိုတော့ နဒီနွယ် မသိပါ။

× × ×



www.burmeseclassic.com

www.burmeseclassic.com



အလှူနေ့တွင် လူများသောကြောင့် သူ့ကိုပင် နှုတ်မဆက်ဘဲ မနေ့ကပြန်သွားသော မြတ်သဇင်ကို မတွေ့ချင်သည်နှင့် သူအောက်ထပ် မဆင်း။ သူ၏ခုတင်ပေါ်မှာပင် စာအုပ်တစ်အုပ် ဖတ်နေခဲ့သည်။ တိုက်ကျောင်းကြီးပေါ်မှ ရေစက်ချသံကြားရသည်။

ပြီးတော့ လူများသည် ဆွမ်းစားကျောင်းမှာ စားကြသောက်ကြနှင့် အသံများ ဆူညံနေသည်။ ကျောင်းသားလေးတစ်ယောက် ထမင်းအုပ်နှင့် ဟင်းပန်းကန်များ ထည့်ထားသောဘန်းကို အပေါ်ထပ်ရှိ ထမင်းစားပွဲပေါ်မှာ လာထားသည်။

"ဦးလေး . . ဒီနေ့ ဦးလေး အောက်ထပ်ကို ဆင်းမှာမဟုတ်ဘူးတဲ့၊ ဒါကြောင့် ထမင်းတွေ ဟင်းတွေ လာပို့တာ"

ဗိုက်ကတော့ အတော်ဆာနေပြီ ဖြစ်ပါ၏။ ထို့ကြောင့် ထမင်းစားဖို့ ထိုင်လိုက်သည်နှင့် မွှေးပျံ့သော ကြက်သားကြော်၏အနံ့ကို ရလိုက်သည်။

"ဟင်"

ဤကြက်ကြော်ကို သူကြိုက်ကြောင်းကို သရုပါစားသောက်ဆိုင်၌ မြတ်သဇင်ကို သူပြောခဲ့ဖူးသည်။ ကြက်ကို တစ်ကောင်လုံး အချိုရည်များလိမ်းကာ မွနေအောင် ကြော်ထားသည့် အကြော်မျိုး ဖြစ်သည်။

သူသည် ကျောင်းခြေရင်းရှိ ရေအိုးမှ ရေခပ်ကာ လက်ကိုဆေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရက်သီးသုပ် ၊ ငါးခြောက်ထောင်းနှင့် နဒီနှယ် ဗိုက်ဆာဆာဖြင့် စားလိုက်သည်။ ထိုစဉ်မှာပင် အသံတစ်သံကို ကြားလိုက်ရသည်။

"ကိုနဒီ"

"ဟင်"

လှေကားမှတက်လာသော ငှက်ခါးရောင်အင်္ကျီလက်ပြတ်နှင့် မြတ်သဇင် ဖြစ်သည်။

"ကိုယ့်ကို လာနှုတ်ဆက်တာလား မြတ်သဇင်"

"မဟုတ်ပါဘူး ကိုနဒီရဲ့ . . ထမင်းအတူစားမလို့ပါ"

"ညှိသည်တွေရော မြတ်"

"အလှူပြီးလို့ သိမ်းတောင် သိမ်းသွားပြီ၊ နာရီလဲ ကြည့်လိုက်ပါဦး"

BURMESE CLASSIC

သည်တော့မှပင် နဒီနှယ်သည် နာရီကြည့်ဖို့ သတိရသည်။ နာရီကိုကြည့်လိုက်တော့ နေ့လယ် တစ်နာရီပင် ထိုးလုပြီ။ မြတ်သဇင်၏မျက်နှာမှာ ယနေ့အလှဆုံး၊ အခန့်ဆုံး ဝင့်ထည်နေသည်ဟု ထင်ရသည်။ ပန်းကန်များကို နေရာချထားပြီး မြတ်သဇင်က ထမင်းစားပွဲမှာ ဝင်ထိုင်လေသည်။

"နောက်ဆုံး ကိုယ့်ကိုလာပြီးတော့ နှိပ်စက်နေတာလား မြတ်ရယ်"

သူက ရင်ထဲမှစကားကို မချိတင်ကဲ ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . မြတ် ဘယ်သူမှ စိတ်မချမ်းသာအောင် မလုပ်ပါဘူး ကိုနဒီ"

သူသည် ကြည့်နေကျ ပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်ရာ ကျောင်းပေါက်ဝတွင် ကားဖြူလေးတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။

"ဟိုကားက . ."

"မြတ်တို့သွားဖို့ကားပေါ့ ကိုနဒီရဲ့"

နဒီနွယ်သည် ဘာမျှနားမလည်ပါ။ မြတ်သဇင်က ပြုံး၍ ထမင်းကိုစားနေသည်။

"စားထား ခရီးကဝေးတယ်၊ လမ်းကျရင် နေပူတော့ ဘယ်မှာမှ စားလို့ရမှာ မဟုတ်ဘူး၊ ညနေအေးမှ ဆိုင်မှာ ဝင်ပြီးစားရမှာ"

မြတ်သဇင်၏ မျက်နှာက မချိုမချဉ် ဖြစ်နေ၏။

"မျက်နှာက ဘာဖြစ်နေတာလဲ"

"ဒီလိုပေါ့"

"မြတ် ကိုယ့်ကို လာပြီးတော့ နောက်နေတာလား"

"ထမင်းစားပါ"

မြတ်သဇင်၏ အမူအရာများကြောင့် သူသည် ထမင်းကို အားရပါးရစားလိုက်သည်။ ထမင်းစားရင်း စဉ်းစားမိသည်။ မြတ်သဇင်သည် သူ့အပေါ်တွင် ဤမျှတော့ စော်နှာမပြောင်ရာဟု သူတွေးသည်။ သူသည် ထမင်းကိုစားပြီး၍ လက်ဆေးကာ လက်သုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဝတ်အစားလဲ၊ ခရီးဆောင်အိတ်ပါယူခဲ့ . . မြတ်ဆရာတော်ကျောင်းပေါ်က စောင့်နေမယ်"

"ဟင်"

သူ ဘာမှနားမလည်နိုင်။ သို့သော် မြတ်သဇင် မှာကြားသမျှ လိုက်နာရသည်။ အဝတ်အစားလဲကာ သူ၏စာမူများနှင့် ခရီးဆောင်အိတ်ကို သိမ်းလိုက်သည်။

ထို့နောက် ဆံပင်ကို သပ်ရပ်အောင် ခေါင်းဖြီးကာ ဆွမ်းစားကျောင်းရှေ့ရှိ ဆရာတော်၏တိုက်ကျောင်းပေါ်သို့ ရောက်လာသည်။

"တပည့်တော်မတို့ သည်တစ်ခါတော့ သုဝဏ္ဏဘုမ္ဗိ ရောက်အောင် ဆုတောင်းပေးပါ ဘဘဘုရား"

BURMESE CLASSIC

ဆရာတော်က ပြုံးလိုက်သည်။

"အေး . . ဒကာမကြီးတို့ လိုလားတောင့်တအပ်သမျှ ပြည့်ပါစေ . . ကဲ ပြန်ပေတော့ ဒကာကြီးရေ၊ ဒီတစ်ခါတော့ ဒကာမလေးပါ ပါပြီပေါ့"

သူ ထိတ်ခနဲ ဝမ်းသာသွားသည်။

"တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား"

သူက ဆရာတော်၏ရှေ့မှ တွန့်ဆုတ်ရရ ထွက်လာသော်လည်း ကားပေါ်ရောက်သည်နှင့် မြတ်သဇင်၏ခါးကို တင်းကြပ်စွာဖက်ထားလိုက်သည်။

"ကဲ . . ပြောစမ်း ဒါဘယ်လို အကြံလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကရော မေမေကရော သမီးစိတ်ဆင်းရဲမယ်၊ ဂျပန်မသွားနဲ့ . . သမီးလုပ်ချင်တာလုပ်လို့ ခွင့်ပေးလိုက်လို့ပေါ့ရှင်"

"အို . . ကြည့်ပါလား"

ပြီးပါပြီ

ဂျူးရိန်ရွှေ

ပန်းလက်ဝဆောင်စာပေ

www.burmeseclassic.com